စိတ်ကူးချိုချိုအနုပညာ

mgyoe.com

လင်းယုန်မောင်မောင်

# သွေးစွန်းသောနေ့ရက်များ

သတ္တမအကြိမ်

mgyoe.com

mgyoe.com

လင်းယုန်မောင်မောင်

# သွေးစွန်းသောနေ့ရက်များ



ISBN9789997115355

LYM3

9 789997 115355

4,500.00KS

mgyoe.com

သွေးစွန်းသောနေ့ရက်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၂၃၀၃၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၆၃၀၆၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.s.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က သတ္တမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၄၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်

၉၂၃.၂

လင်းယုန်မောင်မောင်

သွေးစွန်းသောနေ့ရက်များ / လင်းယုန်မောင်မောင် ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၇ ကြိမ်၊ ၂၀၁၀။

စာမျက်နှာ ၃၇၅ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) သွေးစွန်းသောနေ့ရက်များ

mgyoe.com

mgyoe.com

**CRIME DOES NOT PAY AND POLITICS BY ASSASSINATION PAYS EVEN LESS.**

ရာဇဝတ်မှုဟူသည် ကောင်းကျိုးမပေး၊ နိုင်ငံရေးလုပ်ကြံမှုများသည် ထို့ထက်ပင် ပို၍ဆိုးသေး၏။

ဒေါက်တာမောင်မောင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

ဤ 'သွေးစွန်းသောနေ့ရက်များ'သည် သမ္မတလင်ကွန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ မဟတ္တမဂန္ဒီနှင့် သမ္မတ ကနေဒီ တို့ လုပ်ကြံခံရစဉ်က အဖြစ်အပျက်များကို ခိုင်လုံသော အထောက်အထားများ၊ တိကျသော အချက်အလက်များဖြင့် စာအုပ်စာတမ်းပေါင်း မြောက်မြားစွာတို့မှ ထုတ်နုတ်ကိုးကား ရေးသားပြုစုထားသည့် စာအုပ်ဖြစ်ပါသည်။

မိမိတိုင်းပြည်နှင့် မိမိလူမျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းပြည်ခေါင်းဆောင်များနှင့် အမျိုးသား ခေါင်းဆောင်များအား မသမာသူများက ယုတ်မာကောက်ကျစ်စွာ လုပ်ကြံခဲ့ကြသည့် ဖြစ်ရပ်များသည် တိုင်းနိုင်ငံ အတော်များများတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့ကြဖူးပါသည်။

ယင်းသို့သော ဖြစ်ရပ်များအနက် အထက်ဖော်ပြပါ ခေါင်းဆောင်ကြီးလေးဦး အသက်ဆုံးရှုံးခဲ့ကြရသည့် လုပ်ကြံမှုကြီးများသည် အထင်ရှားဆုံးနှင့် စိတ်ထိခိုက်ဖွယ်ရာ အကောင်းဆုံးသော နိုင်ငံတကာ သမိုင်းဝင်ဖြစ်ရပ်ကြီးများ ဖြစ်ကြပါသည်။

၁၈၆၅–ခု ဧပြီလ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့သည့် သမ္မတလင်ကွန်းအား လုပ်ကြံမှုကြီးမှာ ယခုအခါ နှစ်ပေါင်း ၁၀၀ နှစ်တိတိ ရှိခဲ့ပြီဖြစ်ပါသည်။ သို့သော် အမေရိကန် အမျိုးသားများနှင့်တကွ ကမ္ဘာ့ပြည်သူများသည် ဤလုပ်ကြံမှုကြီးအကြောင်းကို ယနေ့ထက်တိုင် မမေ့ရက်နိုင်ဘဲ

mgyoe.com

mgyoe.com

ရှိနေကြပါသေးသည်။ အထူးသဖြင့် အမေရိကန်သမ္မတများအနက် အမြော်အမြင်အကြီးမားဆုံး၊ ဉာဏ်ပညာ အထက်မြက်ဆုံးဖြစ်သော အီဘရာဟင် လင်ကွန်းအား မသမာသူတစ်ဦးက ရူးသွပ်မိုက်မဲစွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့်ကို ယခုအထိ ပြော၍မဆုံး ယူကျုံးမရ တသသဖြစ်နေကြပါသည်။

အလားတူပင် မြန်မာတစ်မျိုးသားလုံး၏ ချစ်ခင်မြတ်နိုး အားကိုးယုံကြည်ခြင်းခံရသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများအား လူယုတ်မာများက လွန်ခဲ့သည့် ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့က ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြစဉ်ကလည်း တစ်မျိုးသားလုံး ချုံးပွဲချ၍ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ကြရပါသည်။ မြန်မာပြည်သူများအဖို့ ရင်နာဖွယ်ရာကောင်းလှသည့် ဤအဖြစ်ဆိုးကြီးကို 'ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ'နိုင်ဘဲ ထာဝစဉ် အမှတ်ရနေကြမည်သာ ဖြစ်ပါသည်။

တစ်ဖန် သန်းပေါင်း ၄၀၀ ကျော်မျှသော အိန္ဒိယအမျိုးသားများနှင့်တကွ ကမ္ဘာ့ပြည်သူများက ရိုသေဝပ်တွား လေးစားကြည်ညိုကြရသည့် သူတော်စင် သူတော်မြတ် မဟတ္တမဂန္ဒီကြီးအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့က လူသတ်သမားတစ်ဦးက အဓိပ္ပာယ်ကင်းမဲ့စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်ကြီးမှာလည်း ကမ္ဘာတစ်ခုလုံး ကြိမ်မီးအုံးသလို မချိတင်ကဲ ဝမ်းနည်းမဆုံး ဖြစ်ခဲ့ကြရပါသည်။ ဂန္ဒီကြီး ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်မှာ အလင်းရောင် ကွယ်ပျောက်၍ လောကအလုံး အမှောင်ထုဖုံးသလို ဖြစ်ခဲ့ရပါသည်။

ထို့နောက် လွန်ခဲ့သည့် ၁၉၆၃ ခု နိုဝင်ဘာလ ၂၂ ရက်နေ့က အမေရိကန်သမ္မတ ကနေဒီအား လူသတ်သမားတစ်ယောက်က ရက်စက်ယုတ်မာစွာ ချောင်းမြောင်းလုပ်ကြံခဲ့ရာ ထိုစဉ် ထိုအခါက အမေရိကန်ပြည်ထောင်စုကြီးနှင့်တကွ ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ချား၍ ထိတ်လန့်တကြား ဖြစ်ခဲ့ကြရပါသည်။ လူသတ်သမားလက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသော သမ္မတကနေဒီအတွက် မချိတင်ကဲ ကြေကွဲမဆုံး ဖြစ်နေကြရစဉ် လုပ်ကြံမှုတရားခံဟု ယုံကြည်ယူဆကာ ဖမ်းဆီးချုပ်နှောင်ထားသော လူသတ်သမားအား အခြားလူတစ်ယောက်က ရဲနှင့် စုံထောက်များအပါအဝင် လူအများရှေ့မှောက်တွင် သေနတ်ဖြင့် ပစ်သတ်လိုက်ပြန်ရာ

mgyoe.com

mgyoe.com



ကနေဒီ လုပ်ကြံမှုမှာ သမိုင်းဝင် လုပ်ကြံမှုကြီးများအနက် အဆန်းကျယ်ဆုံးနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်လာခဲ့ရပါသည်။

စာရေးသူသည် အထက်ပါ လုပ်ကြံမှုကြီးများကို မှတ်တမ်းတင်ရာ၌ အချက်အလက် အထောက်အထားများနှင့် အဖြစ်အပျက် အကိုးအကားများ တိကျပြည့်စုံ ခိုင်လုံသေချာစေရန် စာအုပ်ပေါင်းများစွာ ရှာဖွေစုဆောင်း လေ့လာဖတ်ရှု ရေးသားပြုစုခဲ့ပါသည်။

ယင်းသို့ စာအုပ်စာတမ်းများ ရှာဖွေစုဆောင်းရာ၌ ဝိုင်းဝန်းကူညီခဲ့ကြသော ဦးတင် (ဗ-လ-စ ဥက္ကဋ္ဌဟောင်း)၊ ဦးထွန်းတင် (ဝတ်လုံ) တို့အားလည်းကောင်း၊ ပါရဂူ၊ မောင်နေဝင်း၊ တင်ထွေး (ကြေးမုံ)နှင့် မောင်ဇနိယ စသောစာရေးဆရာများအားလည်းကောင်း၊ စာရေးသူ၏ ဘကြီး ဦးဘကလေးနှင့် ညီ မောင်အောင်မြင့် တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ဖော်ပြလိုပါသည်။

ဤအမှာတွင် နိဂုံးချုပ်အားဖြင့် အစီရင်ခံလိုသည်မှာ ဤ 'သွေးစွန်းသောနေ့ရက်များ'ကို ရေးသားပြုစုရာ၌ စာရေးသူသည် အထက်ဖော်ပြပါ လုပ်ကြံမှုကြီးများအကြောင်း သိကောင်းစရာ သမိုင်းဝင် အချက်အလက်များကို သာမန်အားဖြင့် လေ့လာမှတ်သားနိုင်ကြစေရန်သာ မဟုတ်ဘဲ ဤဆိုးဝါးလှသည့် လုပ်ကြံမှုကြီးများ၏ အနိဋ္ဌာရုံများကိုပါ စာဖတ်သူများ အောက်မေ့ထင်မြင် ဆင်ခြင်နိုင်ကြစေရန် ရည်ရွယ်ပါသည်။

လင်းယုန်မောင်မောင်
၁၉-၇-၆၆

mgyoe.com

mgyoe.com

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ


| | |
|---|---|
| THE ABRAHAM LINCOLN MURDER CASE | Theodore Roscoe |
| LINCOLN THE UNKNOWN | Dale Carnegie |
| LINCOLN FOR THE AGES | Ralph G. Newman |
| A TRIAL IN BURMA | DR. Maung Maung |
| ထောင်နှင့်လူသား | လူထုဦးလှ |
| ဗိုလ်ချုပ်အောင်ဆန်း | ဗိုလ်ထွန်းလှ |
| ခေါင်းဆောင်ကြီးများကျဆုံးရစဉ်က | ဦးဗဂျမ်း |
| MAHATMA | D.G. Tendulkar |
| MAHATMA GANDHI | Dr. S. Radakrishnam |
| MAHATMA GANDHI, THE LAST PHASE | Pyarelal |
| NINE HOURS TO RAMA | Stanley Wolpert |
| THE OFFICIAL WARREN COMMISSION REPORT ON THE ASSASSINATION OF PRESIDENT JOHN F. KENNEDY. | |
| TIME | Vol. 82 No. 22 |
| ကနေဒီ ဘာကြောင့်အသတ်ခံရသလဲ | တင်ထွေး |


mgyoe.com

mgyoe.com

# မာတိကာ


**၁၈၆၅ ခု၊ ဧပြီလ ၁၄ ရက်** ၁၁

၁။ ကျော်ကြားလိုသော ဇာတ်မင်းသားတစ်ယောက် ၁၇

၂။ လူသတ်သမားတို့၏ လျှို့ဝှက်အကြံအစည်များ ၃၁

၃။ ဇာတ်ရုံထဲမှ လူသတ်မှု ၄၇

၄။ သမ္မတလင်ကွန်း၏ နောက်ဆုံးနေ့ရက် ၅၈

၅။ ပြည်ထဲရေးဝန်ကြီးအိမ်မှ သွေးစက်များနှင့် သွေးကွက်များ ၆၇

၆။ အိပ်ချ်လမ်း အိမ်နံပါတ် ၅၄၁ ၈၅

၇။ ရာဇဝတ်ဘေး ပြေး၍လွတ်အံ့လော ၉၂

၈။ အသေဆိုးဖြင့် သေရမည့်သူ ၁၀၅

၉။ လူသတ်သမား၏ နောက်ဆုံးသွားရာလမ်း ၁၁၇

၁၀။ သွေးစွန်းသော နေ့တစ်နေ့ ၁၂၉

**၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်** ၁၃၃

၁။ ဂြိုဟ်မွှေသော ထိုစနေ ၁၃၉

၂။ လက်ပူးလက်ကြပ်မိခြင်း ၁၄၉

၃။ ၁၉ ,ဇူလိုင် မမေ့နိုင် ၁၅၉

၄။ အကြံကုန်၍ ဂဠုန်လက်နက်စုခြင်း ၁၆၈


mgyoe.com

mgyoe.com

၅။ စိတ်ဝင်စားဖွယ် အချက်အလက်များ ၁၉၅
၆။ လုပ်ကြံမှု၏ နိဂုံးအချုပ် ၂၁၈

၁၉၄၈ ခု ဇန်နဝါရီလ ၁၀ ရက် ၂၂၇
၁။ ဆုတောင်းပွဲမှ သေနတ်သံ ၂၃၃
၂။ အကြမ်းဖက်သမားတို့၏ အောင်ပွဲ ၂၄၃
၃။ ပူးနားမြို့မှအယ်ဒီတာတစ်ယောက် ၂၅၃
၄။ သေမင်းတမန် ဗုံးပေါက်ကွဲသံ ၂၆၇
၅။ ဒေလီဘူတာမှ ဘီလာဂေဟာသို့ ၂၇၄
၆။ အမှောင်ထဲမှ တမ်းတသံများ ၂၈၇

၁၉၆၃ ခု နိုဝင်ဘာလ ၂၂ ရက် ၂၉၇
၁။ သူသေပြီ ၃၀၅
၂။ နိဂုံးမချုပ်လိုက်ရသော နိဂုံးချုပ်မိန့်ခွန်း ၃၁၃
၃။ သေနတ်သံသုံးချက် ကြားရပြီးနောက် ၃၂၃
၄။ မနေ့ကနှင့်မတူသော ယနေ့ ၃၃၂
၅။ ရုပ်ရှင်ရုံထဲမှ လူသတ်သမား ၃၃၈
၆။ ဆန်းပြားသော ရှုပ်ထွေးသော နောက်ကြောင်း ၃၄၉
၇။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော အာမေဋိတ်သံကြီး ၃၆၀
၈။ အယ်ဒီတာထံ ပေးစာတစ်စောင် ၃၆၉

□

mgyoe.com

mgyoe.com

၁၈၆၅ ခု၊ ဧပြီလ ၁၄ ရက်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



**ဖခင် လင်ကွန်းနှင့် သားလင်ကွန်း**

သမ္မတလင်ကွန်းအား သူ၏သားဖြစ်သူ တက်ဒ်လင်ကွန်းနှင့်အတူ ၁၈၆၄ ခုနှစ်က ဤသို့တွေ့မြင်ရသည်။

mgyoe.com

mgyoe.com



**လူသတ်သမား ဇာတ်မင်းသား**
လင်ကွန်းအား လုပ်ကြံသတ်ဖြတ်ခဲ့သော
နာမည်ကျော်ဇာတ်မင်းသား ဂျွန်ဝီလ်ကီဘုသ်။

mgyoe.com

mgyoe.com




**ဂေါထောနဂေါထော**

လူသတ်သမား ဘုသ်၏အပေါင်းအသင်း လူဆိုးလူမိုက်များဖြစ်ကြသော လူးဝစ္စပိန်း (မတ်တတ်ရပ်နေသူ)၊ အက်ဗီရှော့ဒ်(ယာဘက်အပေါ်) နှင့် ဟာရီးလ် (ယာဘက်အောက်)တို့၏ ဆိုးသွမ်းလှသည့် ရုပ်လက္ခဏာများ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကျော်ကြားလိုသော ဇာတ်မင်းသားတစ်ယောက်

၁၈၆၅ ခု၊ ဧပြီလ ၁၄ ရက်နေ့။

ဤနေ့သည် သောကြာနေ့ဖြစ်သည်။ ဤသောကြာနေ့သည် ရိုးရိုးသာမန် သောကြာနေ့မဟုတ်။ ခရစ်ယာန်ဘာသာဝင်များအတွက် နေ့ထူးနေ့မြတ်ဖြစ်သော 'သောကြာအခါတော်နေ့' (Good Friday) ပင်ဖြစ်သည်။

အချိန်မှာ မွန်းတည့်လုနီးပြီဖြစ်ရာ အမေရိကန်ပြည်ထောင်စုကြီး၏ မြို့တော် ဝါရှင်တန်မြို့ကြီးမှာ နေမင်း၏ အပူရှိန်အောက်တွင် သာယာတောက်ပလျက် ရှိလေသည်။

ထိုအခိုက် အသက် ၂၆ နှစ်ခန့် ရုပ်ရည်သနားကမားဖြင့် ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျသလောက် သက္ကလပ်ဘောင်းဘီရှည်၊ ကုတ်အင်္ကျီစသည်တို့ကို သေသေသပ်သပ် စမတ်ကျကျ ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဝါရှင်တန်မြို့တွင်းရှိ ဖို့ဒ်ဇာတ်ရုံကြီး (Fords Theatre) ဆီသို့ ဦးတည်၍ လျှောက်လာသည်ကို တွေ့ကြရသည်။

သူ့ဦးခေါင်းပေါ်တွင် ဆောင်းထားသော ဦးထုပ်ရှည်ကြီး (Top Hat) အောက်မှ မသိမသာ ထွက်ပြူနေသည့် လှိုင်းများပမာ အတွန့်အတွန့်ထနေသော ဆံပင်များသည်လည်းကောင်း၊ သူ့နှုတ်ခမ်းပေါ်တွင် ကားကားယားယား ရှိလှသော နှုတ်ခမ်းမွေးများသည်လည်းကောင်း၊ သူ့ယာဘက်

mgyoe.com

mgyoe.com

လက်မှ ငွေနားကွပ်ထားသည့် အဖိုးတန် လက်ကိုင်တုတ်ကလေးကို ထောက်ကာထောက်ကာ ဟန်ပါပါဖြင့် လမ်းလျှောက်လာသော သူ့အမူအရာသည်လည်းကောင်း သူ့အား သာမန်အရပ်သူ အရပ်သားမဟုတ်ဘဲ ဇာတ်မင်းသားတစ်ယောက်ဖြစ်ကြောင်း ခပ်လှမ်းလှမ်းမှ မြင်ရုံမျှဖြင့် သိသာစေသည်။

မှန်သည်။ သူသည် အမေရိကန် ဇာတ်သဘင်လောကတွင် အတော်အတန် ထင်ရှားကျော်ကြား၍ လူကြိုက်များနေသော ဇာတ်မင်းသားတစ်ဦးပင်ဖြစ်သည်။

သူ့အမည်မှာ ဂျွန်ဝီလ်ကီဘုသ် (John Wilkes Booth) ဖြစ်သည်။

သူသည် ဇာတ်မင်းသားတစ်ယောက်အဖြစ် ထင်ရှားကျော်ကြားနေသည်ကိုပင် သူ့ကိုယ်သူ အားမရနိုင်သေး။ သည့်ထက်ကျော်ကြားလိုသေးသည်။ ထင်ရှားလိုသေးသည်။ တတ်နိုင်လျှင် သူ့ကိုယ်သူ အခြားဘယ်သူနှင့်မှ မနှိုင်းသာ မယှဉ်သာအောင် ထင်ရှားကျော်ကြားလိုသည်။

သို့ဖြစ်၍လည်း သူသည် သူ့ကိုယ်သူ အမေရိကန်ပြည်ထောင်စုတစ်ဝှမ်းလုံးတွင် အထင်ရှားဆုံး အကျော်ကြားဆုံးဖြစ်အောင် ကျိတ်၍ကြံစည်ကြိုးစားနေခဲ့သည်။

ယင်းသို့ ကျိတ်၍ ကြိုးစားနေခဲ့သော သူ့အကြံအစည်ကား အခြားမဟုတ်၊ အမေရိကန်ပြည်ထောင်စုကြီး၏ သမ္မတဖြစ်သူ အဘရာဟင်လင်ကွန်း (Abraham Lincoln) အား လုပ်ကြံသတ်ဖြတ်ရန်ဟူသော အကြံအစည်ဆိုးကြီးပင် ဖြစ်သတည်း။

သူသည် ယုတ်မာပက်စက်လှသော အကြံအစည်ကြီးကို ကာလအတန်ကြာကပင် ကြံစည်ကြိုးစားခဲ့သည်။ သို့သော် သူ့အဖို့ အခါမသင့် အခွင့်မသာသဖြင့် ယခင်အခါများက အကြံမအောင်ဘဲ ဖြစ်ခဲ့ရသည်။

ယနေ့သော်မူ သူသည် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်တွင် ဝင်၍ ဆံပင်ညှပ်ပြီးနောက် ခါတိုင်းကဲ့သို့ပင် သူ့မိတ်ဆွေများနှင့် သူ့ 'အသည်းစွဲ' ပရိသတ်များထံမှ လာနေကျဖြစ်သော မာကြောင်း သာကြောင်းနှင့် သူ့အား ချီးကျူးမိတ်ဆက်ကြသော စာများကို ယူရန်အတွက် ဖို့ဒ်ဇာတ်ရုံကြီးဆီ

mgyoe.com

mgyoe.com

သို့ လျှောက်လာခဲ့သည်။ ဤတွင် သူ၏ ဆိုးဝါးယုတ်မာလှသော အကြံအစည်ကြီးမှာ ဤနေ့ ဤရက်တွင် အကောင်အထည်ဖော်ရန် ဖြစ်လာခဲ့ပေပြီ။

"ဝါရှင်တန်မှာ အချောဆုံးဆိုတဲ့ လူတစ်ယောက်တော့ လာနေပြီဟေ့"

ဇာတ်ရုံပေါက်ဝသို့ ဘုသ် ရောက်လာသည်နှင့်တစ်ပြိုင်နက် ဇာတ်ရုံအုပ်ချုပ်သူ မန်နေဂျာ ဟာရီဖို့ဒ် (Harry Ford) က အထက်ပါအတိုင်း ဘုသ်အား ရင်းရင်းနှီးနှီး လှမ်း၍ နှုတ်ဆက်ရင်း အနီးအနားရှိ ဇာတ်အဖွဲ့သားများကြားအောင် ခပ်ကျယ်ကျယ်ကလေး ပြောလိုက်သည်။

ဇာတ်အဖွဲ့ဝင်များကလည်း သူတို့နှင့် အကျွမ်းတဝင်ရှိနေပြီးဖြစ်သော ဘုသ်အား မျက်နှာအမူအယာအားဖြင့် ပြုံး၍နှုတ်ဆက်လိုက်ကြသည်။

ဘုသ်သည် မန်နေဂျာဖို့ဒ်၏ ရုံးခန်းထဲမှ သူ့ထံ လိပ်စာတပ်ထားသော စာများကိုယူ၍ ခါတိုင်းကဲ့သို့ပင် အမှတ်မထင် လှည့်ပြန်မည်ပြုလိုက်၏။

သို့သော် ဤအခိုက်အတန့်ကလေးမှာပင် သူ၏ ယုတ်မာပက်စက်လှသော အကြံအစည်ကို လက်တွေ့အကောင်အထည်ဖော်ခွင့်ရစေမည့် သတင်းစကားတစ်ခုကို ရုတ်တရက် ကြားလိုက်ရလေသည်။

"ဘယ့်နဲ့လဲဆရာ၊ ဒီနေ့ည 'နိုင်ငံတော် ပွဲကြည့်ဆောင်' (State Box) ကို အဆင်သင့် လုပ်ထားရမှာလား"

ဘုသ်သည် ဇာတ်ရုံထဲမှ လှည့်၍ပြန်ထွက်တော့မည့်ဆဲဆဲတွင် ဇာတ်ရုံလက်သမားဆရာသည် မန်နေဂျာဖို့ဒ် အား အထက်ပါအတိုင်း လှမ်းမေးလိုက်သည်။

မန်နေဂျာကလည်း လက်သမားဆရာကို ပြန်၍ ခေါင်းညိတ်ပြလိုက်သည်။

ထိုသို့ လက်သမားဆရာနှင့် မန်နေဂျာတို့ အမှတ်တမဲ့ ပြောကြားလိုက်ကြသော စကားကို ရုတ်တရက် ကြားရသည်တွင် ဘုသ်သည် သူ့ခေါင်းထဲ၌ လျှပ်စီးလက်သလို တစ်စုံတစ်ရာကို ကွက်ခနဲ စဉ်းစားမိသည်။

mgyoe.com

mgyoe.com

သူသည် လှမ်းနေသော ခြေလှမ်းများကို တုံ့ခနဲရပ်ကာ သူ့ခေါင်းထဲမှ စဉ်းစားမိသော အချက် မှန်မမှန် မန်နေဂျာသို့ လှမ်း၍ သူ့ပါးစပ်မှ အလိုလို မေးမိလျက်သား ဖြစ်သွားသည်။

"ဘာလဲ ဒီနေ့ည လင်ကွန်း ပွဲလာကြည့်မလို့လား၊ ဟုတ်လား၊ 'ကျွန်ုပ်တို့ အမေရိကန် သွေးချင်းသားချင်းများ'ကို ကြည့်မလို့တဲ့လား"

'ကျွန်ုပ်တို့ အမေရိကန်သွေးချင်းသားချင်းများ' (Our American Cousin) မှာ ထိုနေ့ညနေ ကပြမည့် ပြဇာတ်၏အမည်ဖြစ်သည်။

"ဟုတ်တယ်ဗျ။ ဒီနေ့ည သမ္မတလင်ကွန်း ပွဲလာကြည့်မလို့"

မန်နေဂျာဖို့ဒ်က ဘုသ်၏အမေးကို ပြန်ဖြေလိုက်သည်။ ဖို့ဒ်၏ ဖြေသံမှာ အနည်းငယ် ကြွားသယောင်ယောင်၊ ဂုဏ်ယူသယောင်ယောင် ရှိနေသည် ထင်ရသည်။

ထင်လည်း ထင်ထိုက်သည်။ အမေရိကန်ပြည်ထောင်စုကြီး၏ အထွတ်အထိပ်ဖြစ်သော သမ္မတကြီးတစ်ယောက်လုံး မိမိဇာတ်ရုံသို့ ကြွရောက်အားပေး ချီးမြှင့်မည်ဆိုသည်မှာ ဂုဏ်ယူဖွယ်ရာပင် မဟုတ်ပါလော။ ထို့ပြင် ဤ 'ကျွန်ုပ်တို့ အမေရိကန်သွေးချင်းသားချင်းများ' အမည်ရှိ ဟာသပြဇာတ်မှာ ထပ်ခါတလဲလဲ ပြရဖန်များသဖြင့် ပရိသတ်က ငြီးငွေ့ကာ လူဝင်နည်းနေပြီဖြစ်သည်။ ယခုကဲ့သို့ သမ္မတလင်ကွန်းကိုယ်တိုင် ဤပြဇာတ်ကို ကြွရောက်ချီးမြှင့်ရှုစားခြင်းဖြင့် ပရိသတ်၏အာရုံကို တစ်မျိုးတစ်ဖုံ ဆွဲဆောင်သလိုဖြစ်ကာ နာမည်ကျော်ကြားပြီး လူဝင်များလာဦးမည်ဟု ဖို့ဒ်က တထစ်ချ တွက်ထားသည်။

ဘုသ်သည် သမ္မတလင်ကွန်း ယနေ့ည ပွဲလာကြည့်မည်မှာ သေချာပြီဟူသော ဖို့ဒ်၏စကားအရ သူမျှော်လင့်စောင့်စားနေခဲ့သော နေ့ရက်အခါသမယသည် တိတိကျကျကြီး ဆိုက်ရောက်လာပြီဟူသောအသိဖြင့် ပီတိဖြစ်သွားမိသည်။

ဤနေ့ ဤရက် ဤအကွက်ကောင်းကို ချောင်းနေခဲ့သည်မှာ ကြာပြီမဟုတ်ပါလော။

သို့သော် ဟန်အမူအရာကောင်းလှသဖြင့် နာမည်ကျော်ကြား လူကြိုက်များလာခဲ့သည့် ဇာတ်မင်းသား ဘုသ်သည် သူ့ရင်ထဲမှ ဝမ်းသာအားရလွန်း

mgyoe.com

mgyoe.com

လှသဖြင့် အလိပ်အလိပ်တက်လာသော ပီတိစိတ်ကို ကြိတ်၍ မျိုချလိုက်သည်။ လင်ကွန်း ပွဲလာကြည့်မည်ဟူသော ဖိုဒ်၏စကားသည် သူ့အတွက် စိတ်ပါဝင်စား အရေးထားစရာ သတင်းမျိုးဟူ၍ မယူဆလေဟန်ဖြင့် 'ဩော် ဟုတ်လား'ဟူသော စကားလေးသုံးလုံးကိုပင် အာမေဋိတ်သံမျိုး မပေါက်အောင် ဝတ်ကျေတမ်းကျေ သံမှန်လေမျိုးဖြင့် ပြန်ပြောကာ ဇာတ်ရုံဝသို့ ထွက်လာခဲ့သည်။

နောက် သူသည် ဇာတ်ရုံအဝင်ဝ လှေကားထစ်ပေါ်တွင်ပင် မတ်တတ်ရပ်ကာ မန်နေဂျာရုံးခန်းထဲမှ ယူလာခဲ့သော စာများကို တစ်စောင်ပြီး တစ်စောင် အေးအေးဆေးဆေး မှင်သေသေဖြင့် ဖတ်နေခဲ့သည်။

ဤအခိုက်အတန့်တွင် ဘုသ်သည် စာရွက်ပေါ်၌ အဖြူပေါ် အမည်းတင်ထားသော စာလုံးများကို မျက်စိဖြင့် တွေ့မြင်ဖတ်ရှုနေသော်လည်း စာပါအကြောင်းအရာများသည် သူ၏ ဦးနှောက်ထဲသို့မရောက်၊ ယနေ့ည ပွဲလာကြည့်မည့် သမ္မတလင်ကွန်းကို မည်သို့မည်ပုံ လုပ်ကြံသတ်ဖြတ်ရမည်ဟူသော အစီအစဉ်များသာ သူ့ဦးနှောက်ထဲသို့ ရောက်နေသည်။ မှန်သည် ယခုဆိုလျှင် မွန်းတည့် ၁၂ နာရီကျော်၍ တစ်နာရီထိုးလုနီးပြီ ဖြစ်သည်။ နောက် ၉ နာရီ ၁၀ နာရီခန့်ကြာလျှင် မိမိဦးနှောက်ထဲတွင် ယခု စိတ်ကူးဖြင့် အကွက်ချနေသော အစီအစဉ်များသည် တစ်ခုပြီးတစ်ခု လက်တွေ့အကောင်အထည်ပေါ်လာပေတော့မည်။

ဘုသ်သည် ဇာတ်ရုံဝ လှေကားပေါ်တွင် ယင်းသို့ စာများကို တစ်စောင်ပြီးတစ်စောင် ဖတ်နေဟန်ဖြင့် အမေရိကန်ပြည်ထောင်စုတစ်ဝှမ်းလုံးကိုသာမက ကမ္ဘာအရပ်ရပ် အတိုင်းတိုင်း အပြည်ပြည်ကိုပါ တုန်လှုပ်ချောက်ချားသွားစေမည့် 'လုပ်ကြံမှုကြီး'အတွက် အနုလုံပဋိလုံ အပြန်အလှန် အကွက်ရိုက်နေခဲ့သည်။

ဘုသ်၏ ဟန်အမူရာမှာ အေးဆေးတည်ငြိမ်စွာဖြင့် 'မှင်သေ'လှသည်ဖြစ်ရာ ဇာတ်ရုံထဲတွင် အလုပ်ကိုယ်စီဖြင့် ရှိနေကြသော ဇာတ်အဖွဲ့သားများသည် ဘုသ်၏ အမူရာကို မည်သို့မျှ သင်္ကာမကင်းမဖြစ်မိကြပေ။

စင်စစ်သော်ကား ဘုသ်သည် ယခုကဲ့သို့သော လူ ကိုးယောက် ဆယ်ယောက်ခန့်ကို မဆိုထားဘိ လူ ကိုးရာ တစ်ထောင်ခန့်မျှရှိသော

mgyoe.com

mgyoe.com

ပရိသတ်ကြီး၏ ရှေ့မှောက်မှာပင် ဇာတ်ခုံပေါ်မှနေ၍ မှင်သေသေဖြင့် သဏ္ဌာန်လုပ်ကာ သရုပ်ဆောင်နိုင်ခဲ့သော နာမည်ကျော် ဇာတ်မင်းသား တစ်ယောက် မဟုတ်ပါလော။

ခဏအကြာတွင် ဘုသ်သည် စာများအားလုံးလိုလို 'ဖတ်ပြီး'သွား ပြီဖြစ်သည်။

အခြေအနေအရ အစီအစဉ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ပြီ ဖြစ်ရာ သူသည် ဇာတ်ရုံထဲသို့ အမှတ်မထင် ပြန်ဝင်လာခဲ့သည်။ ဇာတ် အဖွဲ့ဝင်များနှင့် ဇာတ်ရုံအလုပ်သမားများမှာ ဘုသ် ဇာတ်ရုံထဲသို့ ပြန်ဝင် လာသည်ကို တွေ့မြင်လိုက်ကြသော်လည်း ခါတိုင်းလည်း ယခုကဲ့သို့ပင် နေ့စဉ် ဝင်ထွက်နေကျဖြစ်သဖြင့်မည်သူကမျှ စပ်စုမနေဘဲ အမှုမဲ့ အမှတ်မဲ့ ပင် နေလိုက်ကြသည်။

ဘုသ် ရုံထဲသို့ ပြန်ဝင်လာသည့်အချိန်တွင် ဇာတ်ခုံပေါ်၌ ထိုနေ့ည ကပြမည့် 'ကျွန်ုပ်တို့၏ အမေရိကန် သွေးချင်းသားချင်းများ' ပြဇာတ်မှ အခန်းတစ်ခန်းအတွက် ဇာတ်တိုက်နေကြပြီဖြစ်သည်။ ဤပြဇာတ်မှာ အကြိမ်ကြိမ် ကပြခဲ့ပြီးဖြစ်သော်လည်း ယနေ့ညအဖို့ သမ္မတကြီးကိုယ်တိုင် ကြွရောက်ရှုစားမည်ဖြစ်သဖြင့် လုံးဝ အမှားအယွင်း အတိမ်းအစောင်းမရှိ ရလေအောင် ဇာတ်ဆရာ၏ အမိန့်အရ ထပ်ပြီး 'နွှေး'နေကြခြင်းဖြစ်သည်။

ဘုသ်သည် ဇာတ်ရုံထဲမှ အလုပ်သမားများကိုလည်းကောင်း၊ ဇာတ် ခုံပေါ်မှ ဇာတ်တိုက်နေကြသော ဇာတ်အဖွဲ့ဝင်များကိုသော်လည်းကောင်း ဂရုမပြုဘဲ တစ်ချက်မျှ လှမ်းကြည့်ကာ လက်ဝဲဘက်ရှိ လှေကားကလေး မှတစ်ဆင့် အပေါ်ထပ် 'အထူးတန်း'ရှိရာသို့ တက်လာခဲ့သည်။ ထိုမှတစ် ဆင့် ပတ်လည် စင်္ကြံလမ်းကလေးအတိုင်း လျှောက်ကာ 'နိုင်ငံတော် ပွဲကြည့်ဆောင်'ရှိရာသို့ ရောက်လာခဲ့သည်။

ဤ 'နိုင်ငံတော် ပွဲကြည့်ဆောင်'ကား ယနေ့ညအဖို့ သမ္မတကြီး လင်ကွန်းကိုယ်တိုင် ကြွရောက်ရှုစားမည့် ပွဲကြည့်ဆောင်ပေတည်း။

ပွဲကြည့်ဆောင်ကလေးထဲတွင် လူတစ်ယောက်မျှမရှိ။

ဘုသ်သည် နီးရာကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ ထို့နောက် အောက်ဘက်ရှိ ဇာတ်ခုံပေါ်မှ ဇာတ်တိုက်နေကြသူများကို

mgyoe.com

mgyoe.com

တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။ ပြီးမှတစ်ဖန် ပွဲကြည့်ဆောင်ကလေး အတွင်း ဟိုဟိုသည်သည် မသိမသာ စောင်းငဲ့၍ကြည့်ရင်း သူ့ဦးနောက် ထဲတွင် ပတ်ဝန်းကျင် အနေအထားကို ဓာတ်ပုံရိုက်သလို ရိုက်ယူထားလိုက် သည်။

မိနစ်အနည်းငယ်မျှ ကြာပြီးနောက် သူသည် ပွဲကြည့်ဆောင်ပေါ်မှ ဣန္ဒြေရရ ပြန်ဆင်းခဲ့ပြီး ဓာတ်ရုံမှ အေးအေးဆေးဆေးပင် ပြန်ထွက်လာ ခဲ့သည်။

ဘုသ်သည် ဓာတ်ရုံထဲမှ အထက်ပါအတိုင်း တည်တည်ငြိမ်ငြိမ် ဣန္ဒြေရရဖြင့် ထွက်ခွာလာခဲ့သော်လည်း ဓာတ်ရုံရှေ့ လမ်းမပေါ်သို့ ရောက် သည်နှင့်တစ်ပြိုင်နက် ဣန္ဒြေမရတော့ဘဲ ဖြစ်လာသည်။ နာရီပိုင်းအတွင်း လက်တွေ့ အကောင်အထည်ဖော်ရတော့မည့် 'လုပ်ကြံမှုကြီး'အတွက် အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်လာဟန်တူသည်။

လမ်းတစ်လျှောက်တွင် သူနှင့် သိကျွမ်းသူများ၊ သူ့အား နာမည်ကျော် ဓာတ်မင်းသားတစ်ယောက်အဖြစ် တစ်ဖက်သတ် သိနေကြသူများကို တွေ့ရသည်။ အချို့က သူ့ကို ရင်းရင်းနှီးနှီး လှမ်း၍နှုတ်ဆက်ကြသည်။ အချို့ကလည်း မသိမသာ ကိုယ်အမူအရာဖြင့် ဦးညွှတ်၍ နှုတ်ဆက်ကြ သည်။

ဘုသ်သည် အသည်းတထိတ်ထိတ် ရင်တဖိုဖို ရှိနေသည်ဖြစ်ရာ သူ့အား နှုတ်ဆက်ကြသူ အားလုံးကို ခါတိုင်းထက်ပို၍ လေးလေးစားစား ပြန်၍နှုတ်ဆက်ဟန် ပြုခဲ့ရသည်။ အချို့သော သိဟောင်း ကျွမ်းဟောင်းများ၊ အမျိုးသမီးများကိုမူ ခပ်လှမ်းလှမ်းမှနေ၍ သူကပင် စတင်ကာ လက် တစ်ဖက်ကို ဝှေ့ယမ်း၍လည်းကောင်း၊ ဦးထုပ်ထိပ်ဖျားကို လက်ဖြင့် မသိမသာထိကာ ဦးညွှတ်၍လည်းကောင်း နှုတ်ဆက်ရင်းဖြင့် မလုံမလဲဖြစ် နေသော သူ့အတွင်းစိတ်ထားကို ကြိုးစား၍ ဖုံးကွယ်ခဲ့ရသည်။

အသည်းတယားယားဖြင့် မည်သို့ပင် စိတ်လှုပ်ရှားနေသော်လည်း ဘုသ်သည် ဓာတ်ရုံဝ လှေကားပေါ်တုန်းက ကြိုတင်စီစဉ်ကာ အကွက်ချ လာခဲ့သည့်အတိုင်း သူ၏ ပထမဆုံးအစီအစဉ်အရ မြို့တွင်းတစ်နေရာရှိ

mgyoe.com

mgyoe.com

မြင်းများငှားသော မြင်းဇောင်းတစ်ခုရှိရာသို့ တန်းတန်းမတ်မတ်ပင် လာခဲ့သည်။

သူသည် မြင်းဇောင်းတွင် အဆင်သင့်တွေ့ရသော မြင်းများအနက်မှ ကြွကြွရွရွဖြင့် ခြေတံလက်တံ ကောင်းလှသော မြင်းတစ်ကောင်ကို ကျသင့်သော အဖိုးအခများပေးချေကာ ငှားခဲ့သည်။

ထိုမှတစ်ဖန် ဘုသ်သည် ဖို့ဒ်ဇာတ်ရုံဖြင့် မလှမ်းမကမ်း အိပ်ချ် လမ်း (H.Street) အိမ်အမှတ် ၅၄၁ သို့ ထွက်ခွာလာခဲ့သည်။

အဆိုပါအိမ်တွင် သူ၏ ဒုတိယအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ယင်းအစီအစဉ်ကား အခြားမဟုတ်၊ လပေါင်းအတန်ကြာကပင် သူပေး ကမ်းစောင့်ရှောက်ကာ လက်သပ်မွေးလာခဲ့သော တပည့်ကျော် လူဆိုး လူ မိုက်များကို ခေါ်ယူတွေ့ဆုံ၍ လုပ်ကြံမှုကြီးအတွက် အသေးစိတ်လုပ်ငန်း စဉ်များကို ညွှန်ကြားခဲ့ခြင်းပင်ဖြစ်သည်။

ဘုသ်သည် သမ္မတလင်ကွန်းကိုသတ်ရန် ကြံစည်ခဲ့ရုံမျှမက တစ်ချိန် တည်းတွင် အမေရိကန်ပြည်ထောင်စုကြီးတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်သွား စေရန် ရည်ရွယ်၍ ထိုနေ့ညမှာပင် အခြားအရေးကြီးသော တိုင်းပြည် ခေါင်းဆောင်များကိုပါ တစ်ပါတည်း တစ်ပြိုင်နက်တည်း သုတ်သင်ပစ် ရန် ကြံရွယ်စီစဉ်ခဲ့ပြီးဖြစ်သည်။

သို့ရာဖြစ် သူသည် ထိုအိမ်ကလေးမှာပင် သူ့တပည့်ကျော် လူမိုက် တစ်ဦးဖြစ်သူ ဂျော့ အေ-အက်ဇီရော့ (George A.Atzerodt) ဆိုသူကို လက်ထောက်သမ္မတဖြစ်သူ အင်ဒရူးဂျွန်ဆင် (Andrew Johnson) အား သတ်ရန်လည်းကောင်း၊ အခြားလူဆိုးတစ်ဦးဖြစ်သူ ပါးဝဲ ခေါ် လူးဝစ္စပိန်း (Lewis Paine) ကို ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဝီလျံဆီဝ့် (William Seward) အား သတ်ရန်လည်းကောင်း စီစဉ်ညွှန်ကြား၍ အမိန့်များပေးခဲ့ သည်။ သမ္မတလင်ကွန်းကိုမူ သူကိုယ်တိုင် သတ်ရန်စီစဉ်ပြီးဖြစ်သည်။

ဘုသ်သည် အက်ဇီရော့အား သေနတ်တစ်လက်ပေးခဲ့သည်။ ပိန်းကို လည်း ပစ္စတိုတစ်လက်နှင့် ဓားမြှောင်တစ်ချောင်းပေးခဲ့သည်။ ထို့ပြင် သူတို့အတွက် သူတို့သဘောကျ မြင်းကောင်းကောင်းနှစ်စီး အဆင်သင့်ငှား ထားရန်လည်း စီစဉ်ပေးခဲ့သည်။

mgyoe.com

mgyoe.com

ထို့နောက် ဘုသ်သည် အရက်ဆိုင်တစ်ဆိုင်သို့ သွားရောက်ကာ ဘရန်ဒီတစ်လုံး မှာယူ၍ 'ရဲဆေး' တင်ရင်းဖြင့် သူ၏ လုပ်ကြံမှု အစီအစဉ်များအတွက် ထပ်မံ၍ စဉ်းစားခန်းဝင်နေခဲ့သည်။

ညနေ ၆ နာရီခန့်လောက်တွင် သူသည် ထိုနေရာမှ ထွက်လာခဲ့သည်။

ထိုနေ့အဖို့ရာ၌ ဘုသ်၏ လှုပ်ရှားသွားလာမှုများမှာ ဤနေရာတွင်ပင် ခြေရာပျောက်သွားခဲ့သည်။ ညနေ ၆ နာရီနောက်ပိုင်းတွင် သူ့မိတ်ဆွေများသည် သူ့ကို လုံးဝအစအနမျှ မတွေ့ရ မမြင်ရဘဲ ရှိနေခဲ့ကြသည်။

ထိုနေ့ညနေ နောက်ပိုင်းတွင် ဘုသ်တစ်ယောက် ခြေရာပျောက်သွားသည်ဆိုသော်လည်း သူသည် မြို့တွင်းတစ်နေရာရာသို့ သွားရောက်၍ လူမြင်သူမြင်မခံဘဲ ပုန်းအောင်းနေခဲ့သည်မဟုတ်၊ သူ လုပ်စရာ ကျန်ရှိနေသေးသော အလုပ်များကို အစီအစဉ်အတိုင်း သွားလာလုပ်ကိုင်ခဲ့သည်သာဖြစ်သည်။

သို့သော် တစ်မိနစ်ပြီးတစ်မိနစ်၊ တစ်နာရီပြီးတစ်နာရီ တရွေ့ရွေ့အချိန် ကုန်လာသည်နှင့်အမျှ သူ့အတွက် သေရေးရှင်ရေးဖြစ်လာသည်ကို အလေးအနက် သဘောပေါက်ထားသော ဘုသ်သည် သူ၏လှုပ်ရှားသွားလာမှုများကို အတတ်နိုင်ဆုံး ပိရိသေသပ်အောင် လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်၍လည်း ညနေ ၆ နာရီနောက်ပိုင်းတွင် သူ့မိတ်ဆွေများက သူ့ကို မမြင်ကြ မတွေ့ကြရဘဲ ရှိနေခဲ့ကြခြင်းဖြစ်သည်။

စင်စစ်သော်ကား ဘုသ်သည် သူ့မိတ်ဆွေများ မျက်စိအောက်တွင် ခြေရာပျောက်သွားသည်မှန်သော်လည်း လူကိုယ်တိုင် ပျောက်သွားခဲ့သည်မဟုတ်။ လူကိုယ်တိုင် မပျောက်ရုံမျှမက ဤအတောအတွင်းမှာပင် သူသည် ဖို့ဒ်ဇာတ်ရုံသို့ နောက်တစ်ခေါက် အမှတ်မထင် ရောက်လာခဲ့သေးသည်။

ယခုတစ်ကြိမ် ဇာတ်ရုံသို့ ရောက်လာရာ၌ နေ့ခင်းတစ်ခေါက် ရောက်စဉ်ကကဲ့သို့ မဟုတ်ဘဲ ဇာတ်ရုံတစ်ခုလုံးမှာ လူရှင်းနေသည်ကို တွေ့ရသည်။ ဇာတ်အဖွဲ့ဝင်များ ညစာစားချိန်လည်းဖြစ် ပွဲထွက်ရန်လည်း

mgyoe.com

mgyoe.com

အချိန်အတော်အတန် လိုသေးသည်ဖြစ်သဖြင့် ဇာတ်ရုံမှာ ယင်းသို့ လူရှင်း နေခြင်းဖြစ်သည်။

ဇာတ်သဘင်လောကတွင် ဇာတ်မင်းသားတစ်ယောက်အဖြစ် ကျင်လည်ကျက်စားလာခဲ့သော ဘုသ်သည် ဇာတ်ရုံများအကြောင်းကို ကောင်းကောင်းကြီး သိပြီးဖြစ်ရာ ယင်းသို့ လူရှင်းချိန်ကို တမင်ရွေး၍ လာခဲ့ခြင်းဖြစ်သည်။

သူသည် ဇာတ်ရုံထဲသို့ အမှတ်တမဲ့ ဝင်ရောက်ကာ နေ့ခင်းက သူ တက်ကြည့်ခဲ့သော 'နိုင်ငံတော်ပွဲကြည့်ဆောင်'ရှိရာသို့ ဒုတိယအကြိမ် တက်၍ ကြည့်ခဲ့ပြန်သည်။

ဇာတ်ခုံ၏ လက်ဝဲဘက်တွင်ရှိနေသော နိုင်ငံတော်ပွဲကြည့်ဆောင်မှာ ယနေ့ညအဖို့ သမ္မတလင်ကွန်းအတွက် အစစအရာရာ ခမ်းနားစွာ ပြင်ဆင်ပြီးဖြစ်နေသည်ကို သူတွေ့ရသည်။ ပွဲကြည့်ဆောင်၏ ဝရန်တာမျက်နှာစာတွင် ကြယ်ဖြူပွင့်များပါရှိသော အမေရိကန်ပြည်ထောင်စုအလံဖြင့် ကာရံထား၍ ထိုအလံ၏ ရှေ့ဘက်အလယ်ဗဟိုတွင် ပထမဆုံး အမေရိကန်သမ္မတဖြစ်သူ ဂျော့ဝါရှင်တန်၏ ရုပ်ပုံကို ခန့်ညားထည်ဝါစွာ ချိတ်ဆွဲထားသည်။ ဘေးတစ်ဖက်တစ်ချက်တွင်လည်း အလံများစိုက်ထူ၍ မျက်နှာကြက်တွင်မူ စက္ကူရောင်စုံပန်းများဖြင့် လှပစွာ မွှမ်းမံပြင်ဆင်ထားလျက်ရှိသည်။ ပွဲကြည့်ဆောင်တစ်ခုလုံး ပတ်ပတ်လည်တွင် ကြက်သွေးရောင်ပန်းစက္ကူများဖြင့် ကာရံထားသည်။

ပွဲကြည့်ဆောင်အတွင်း အလယ်ဗဟိုလောက်မှနေ၍ အခန်းခွဲသည့်အနေဖြင့် ယခင်က ကာရံထားသော ယာယီလိုက်ကာကိုလည်း ဖယ်ရှားထားသည်ဖြစ်ရာ ပွဲကြည့်ဆောင်မှာ ခါတိုင်းမြင်နေကျထက် ပို၍ကျယ်ဝန်းနေသည်ကို တွေ့ရသည်။ အလယ်ဗဟိုတည့်တည့်လောက်တွင် ရှေ့နောက်လှုပ်ရမ်းနိုင်သည့် ကုလားထိုင်ကြီးတစ်လုံးကိုလည်း တွေ့မြင်ရသည်။ ဤကုလားထိုင်ကြီးမှာ ဘေးတစ်ဖက်တစ်ချက်မှ ကုလားထိုင်များထက် ပို၍ကြီးလည်းကြီး မြင့်လည်းမြင့်လှသည်ဖြစ်ရာ အရပ်ရှည်လှသော သမ္မတလင်ကွန်းအတွက် အထူးရှာဖွေထားရသော ကုလားထိုင်ကြီးဖြစ်ကြောင်း ဘုသ်က ချက်ချင်းသိလိုက်သည်။

mgyoe.com

mgyoe.com

ဘုသ်သည် ပွဲကြည့်ဆောင်၏ အတွင်းဘက်တွင် ခင်းကျင်းပြင်ဆင်ထားသော နေရာထိုင်ခင်း အနေအထားများကို အသေးစိတ်ကြည့်ရှု မှတ်သားပြီးနောက် အဆောင်၏ အပြင်ဘက် စကြံလမ်းကလေးရှိရာသို့ ထွက်လာခဲ့သည်။ စကြံလမ်းကလေးနှင့် ပွဲကြည့်ဆောင်အကြားတွင် ကာရံထားသော နံရံမှာ ပျဉ်နှစ်ချပ်ကို အထက်အောက် စပ်ထားခြင်းဖြစ်ရာ ဘုသ်သည် အပေါ်ပျဉ်စပ်တစ်နေရာ၌ သူ့တွင်ပါလာသော မောင်းချဓားဖြင့် အပေါက်ကလေးတစ်ပေါက် ဖောက်လိုက်သည်။ ထို့နောက် ထိုအပေါက်ကလေးမှနေ၍ ပွဲကြည့်ဆောင် အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။ အဆောင်တွင်း၌ ခင်းကျင်းထားသော ကုလားထိုင်များ၏ အနေအထားနှင့် သူဖောက်ထားသော အပေါက်ကလေးမှ မြင်ကွင်းကို ချိန်သားကိုက်ကြည့်ခြင်းဖြစ်သည်။

ထို့နောက် သူသည် စကြံလမ်းကလေးမှ ပြန်လျှောက်လာကာ အောက်ထပ်သို့ဆင်းပြီး ဇာတ်ရုံအပြင်သို့ အေးအေးဆေးဆေးပင် ထွက်ခဲ့သည်။

ခဏအကြာတွင် ဘုသ်သည် သူတည်းခိုနေသော နေရှင်နယ်ဟိုတယ်သို့ ပြန်ရောက်လာပြီး ညစာကိုမှာစားနေခဲ့သည်။

သူ ညစာစားပြီးချိန်တွင် ၇ နာရီကျော်နေပြီဖြစ်သည်။ သူသည် အခန်းတွင်းသို့ ပြန်ရောက်လျှင်ရောက်ချင်း ယနေ့ညအဖို့ ဘူကိုင်တွယ်အသုံးပြုရမည့် ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ကာ စစ်ဆေးကြည့်သည်။

အဆိုပါ 'ပစ္စည်းများ'မှာ ထိုခေတ်ထိုအခါက လူကုံထံလူကြီးလူကောင်းများ ခေါင်းပေါ်တွင် ဆောင်းလေ့ရှိသည့် ဆံပင်ပုံစံတုတစ်ခု၊ မုတ်ဆိတ်အတုတစ်ခု၊ ဓားမြှောင်တစ်ချောင်း၊ ခြောက်လုံးပြူးနှစ်လက်နှင့် ကြေးသေနတ်တစ်လက်တို့ဖြစ်သည်။ ကြေးသေနတ်မှာ ကျည်ဆန်မထည့်ရဘဲ ကျည်ဆန်အစား ဂေါ်လီလုံးအရွယ် သံလုံးကလေးများထည့်၍ တစ်ချက်ချင်း ပစ်ရသည့် သေနတ်တစ်မျိုးပင်ဖြစ်သည်။

mgyoe.com

mgyoe.com

ဘုသ်သည် အထက်ဖော်ပြပါ လက်နက်ကိရိယာ တန်ဆာပလာများကို သိုသိုသိပ်သိပ်ဖြင့် ယူဆောင်ကာ ၈ နာရီခန့်လောက်တွင် နေရှင်နယ်ဟိုတယ်မှ ထွက်လာခဲ့သည်။

သူသည် ဟိုတယ်ဧည့်ခန်းမှ ဖြတ်၍လာရာတွင် ဧည့်ခန်းစောင့်တာဝန်ခံနှင့် တွေ့နေသဖြင့် ယနေ့ည ဖို့ဒ်ဇာတ်ရုံသို့ ပွဲသွားကြည့် မကြည့် ဧည့်ခန်းစောင့် တာဝန်ခံအား သူက လှမ်းမေးလိုက်သည်။

ဧည့်ခန်းစောင့်က ပွဲကြည့်နိုင်မည်မဟုတ်ကြောင်း ပြန်ပြောလိုက်ရာ ဘုသ်က...

"ဟာ... ခင်ဗျား သွားကြည့်ဖို့ကောင်းတယ်။ ဒီနေ့ညပွဲ တော်တော်ကောင်းလိမ့်မယ်ဗျ"ဟူ၍ ခပ်သွက်သွက်ပြောကာ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

ဟိုတယ်ဧည့်ခန်းစောင့်အား ဘုသ်က ပြောခဲ့သော အထက်ပါစကားသည် ရိုးရိုးသားသား အမှတ်မထင်ပင် ပြောကြားခဲ့လေသလော၊ သို့တည်းမဟုတ် လောလောဆယ် ထိုစဉ်က သူတစ်ယောက်တည်းသာ နားလည်နိုင်သည့် အဓိပ္ပာယ်ဖြင့် ဆန်းဆန်းပြားပြား ပြောကြားခဲ့လေသလော။

မည်သို့ပင်ဖြစ်စေ နောက်တစ်နာရီ နှစ်နာရီခန့်အကြာတွင် ဖို့ဒ်ဇာတ်ရုံ၌ ဖြစ်ပွားမည့် သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်မှုကြီးတွင်မူ သူကိုယ်တိုင် အဓိကဇာတ်ဆောင်တစ်ယောက်အဖြစ် ပါဝင်အသုံးတော်ခံရန် အဖက်ဖက်က ကြံစည်ပြင်ဆင်ခဲ့ပြီးပြီ မဟုတ်ပါလော။

ဘုသ်သည် နေရှင်နယ်ဟိုတယ်မှ ထွက်လာခဲ့ပြီး ဇာတ်ရုံသို့တောက်လျှောက် မသွားသေးဘဲ မြို့တွင်းတစ်နေရာ၌ သူ့တပည့် လူဆိုးလူမိုက်များဖြင့် ထပ်မံတွေ့ဆုံသေးသည်။ နောက် နာရီပိုင်းအတွင်း သူတို့တစ်တွေ ကပြအသုံးတော်ခံကြမည့် လုပ်ကြံမှုကြီးအတွက် နောက်ဆုံးအကြိမ် ဇာတ်တိုက်သည့်အနေဖြင့် အသေးစိတ် အကွက်ရိုက်ကြခြင်းဖြစ်သည်။

ဖို့ဒ်ဇာတ်ရုံနောက်ဖေးသို့ ဘုသ် ရောက်လာသောအခါ အချိန်မှာ ည ၉ နာရီ မိနစ် ၃၀ တိတိ ရှိနေပြီဖြစ်သည်။

mgyoe.com

mgyoe.com

ဤအချိန်တွင် ရုံထဲ၌ ဇာတ်ပွဲစနေပြီဖြစ်သည်။ သမ္မတလင်ကွန်းလည်း ဇာတ်ရုံထဲသို့ရောက်၍ နိုင်ငံတော်ပွဲကြည့်ဆောင်တွင် ပွဲကြည့်နေပြီဖြစ်သည်။

ဘုသ်သည် ဇာတ်ရုံနောက်ဖေးပေါက်မှနေ၍ ပွဲကနေပြီဖြစ်သော ဇာတ်ရုံထဲသို့ မသိမသာ လှမ်းကြည့်လိုက်ပြီးနောက် ဇာတ်ရုံနှင့်ကပ်နေသည့် ၁၀ လမ်းထဲသို့ လှည့်ထွက်လာခဲ့သည်။

သမ္မတလင်ကွန်းစီးလာသော မြင်းရထားမှာ အဆိုပါ ၁၀ လမ်းထဲတွင်ပင် ရပ်ထားသည်ဖြစ်ရာ ဘုသ်သည် ထိုသမ္မတ မြင်းရထားဘေးနားမှဖြတ်၍လျှောက်ကာ မလှမ်းမကမ်းရှိ အရက်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

လုပ်ကြံမှုကြီးအတွက် သတ်မှတ်ထားသော အချိန် နီးကပ်နေပြီဖြစ်ရာ ဘုသ်သည် အရက်ဆိုင်ထဲတွင် ကြာကြာထိုင်မနေဘဲ အရက်ကို ခပ်သွက်သွက်ကလေး မော့ချကာ ဆိုင်ထဲမှ ပြန်ထွက်ခဲ့သည်။

ဆိုင်အပြင်သို့ ရောက်လုဆဲဆဲတွင် ဆိုင်ထဲမှ လူတစ်ယောက်က ဘုသ်ကို လှမ်း၍ပြောလိုက်သည်။

"မင်းကတော့ ဒီတစ်သက်မှာ မင်းအဖေခြေရာကို ဘယ်တော့မှ မီမှာမဟုတ်ပါဘူး"

ဘုသ်၏ ဖခင်မှာလည်း တစ်ခါက အမေရိကန်ပြည်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ဇာတ်မင်းသားတစ်ယောက်ပင်ဖြစ်သည်။ ဘုသ်မှာ မျိုးရိုးအလိုက် ဇာတ်မင်းသားဖြစ်၍ တစ်စတစ်စ နာမည်ကျော်ကြားလာခဲ့သည်မှန်သော်လည်း တကယ်တမ်းအားဖြင့်ဆိုလျှင် သူ့ဖခင်လောက် အနုပညာကို မလေးစားဘဲ အသောက်အစားနှင့် အပျော်အပါးအားကြီးလှသဖြင့် တကယ့်အနုပညာ လေ့လာလိုက်စားသူများက ဘုသ်ကို သဘောမကျဘဲ ရှိနေကြသည်။ 'ဇာတ်မင်းသားကောင်း' တစ်ယောက်ဟူ၍ အသိအမှတ်မပြုနိုင်အောင် ဖြစ်နေကြသည်။

ယခု အရက်ဆိုင်ထဲမှ ဘုသ်အား လှမ်း၍ စကားပြောလိုက်သူမှာ ထိုသို့ ဘုသ်အား အထင်မကြီးသည့် လူစားမျိုးဖြစ်နေဟန်တူသည်။

mgyoe.com

mgyoe.com

ဘုသ်သည် အထက်ပါစကားကို ကြားလိုက်ရသဖြင့် ဆိုင်ထဲမှထွက် လှဆဲဆဲ နောက်သို့ ချာခနဲလှည့်၍ ကြည့်လိုက်သည်။

သူသည် သူ့အားလှမ်း၍ စကားပြောလိုက်သူကို မခိုးမခန့်ပြုံး၍ ကြည့်ကာ အောက်ပါအတိုင်း ပြန်ပြောလိုက်သည်။

"ဇာတ်ထဲက ထွက်လိုက်ပြီဆိုတဲ့တစ်နေ့ ကျွန်တော်ဟာ အမေရိကန် တစ်ပြည်လုံးမှာ အကျော်ကြားဆုံး ဖြစ်လာပါလိမ့်မယ်"

နောက်... သူသည် တစ်ဖက်သား မခံသာအောင် ဟန်ပါပါမျက်နှာ ပေးဖြင့် အရက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

❒

mgyoe.com

mgyoe.com

# လူသတ်သမားတို့၏ လျှို့ဝှက်အကြံအစည်များ

ဝျှန်ဝီလ်ကီဘုသ်သည် သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် မည်သည့်အချိန်အခါ မည်သည့်နေ့ရက်က ဆုံးဖြတ်သတ်မှတ်ခဲ့သည်ကိုမူ ယနေ့အထိ မည်သူတစ်ဦးတစ်ယောက်မျှ တိတိကျကျ မပြောနိုင်ဘဲ ရှိနေခဲ့သည်။

သို့ရာတွင် ဤလုပ်ကြံသတ်ဖြတ်မှုကြီးကို လက်တွေ့ကျူးလွန်ခဲ့ရာ၌ ဘုသ်သည် နေ့ချင်းညချင်း ရက်ပိုင်း နာရီပိုင်းအတွင်း ရုတ်တရက် စိတ်ကူးပေါက်ပြီး ကောက်ခါငင်ခါ စီစဉ်လုပ်ကြံခဲ့ခြင်း မဟုတ်သည်မှာ သေချာသည်။ သူသည် လင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် ကာလအတန်ကြာကပင် ဆုံးဖြတ်ခဲ့ပြီးဖြစ်ရုံမျှမက လက်တွေ့အားဖြင့်လည်း ယခင်က အကြိမ်ကြိမ် ကြိုးစားအားထုတ်ခဲ့ကြောင်း အထောက်အထား အဖြစ်အပျက်များ ထင်ရှားစွာ တွေ့ရှိကြရသည်။

အမေရိကန်ပြည်ထောင်စုကြီး၏ အထွတ်အထိပ်ဖြစ်သော သမ္မတလင်ကွန်း၏ အသက်ကို လုပ်ကြံသတ်ဖြတ်ရန် တစ်ကြိမ်မက အကြိမ်ကြိမ် ကြိုးစားလာခဲ့သော ဘုဘ်သည် မည်သို့သော လူစားမျိုးပေနည်း။ သူသည် မည်သည့်မျိုးရိုးမှ ဆင်းသက်လာပါသနည်း။ သမ္မတလင်ကွန်း၏ အသက်ကို လုပ်ကြံသတ်ဖြတ်ရန် မည်သို့မည်ပုံ ကြိုးစားအားထုတ်ခဲ့ပါသနည်း။ မည်သို့သော အကြောင်းကြောင့် ဤမျှလောက် အငြိုးထား၍ ကြိုးစားခဲ့ပါသနည်း။

mgyoe.com

mgyoe.com

ဘုသ်သည် သဘင်သည်မျိုးရိုးဇာတိဖြစ်၏။ သူသည် မွေးချင်းပေါက်ဖော် ဆယ်ယောက်အနက် ကိုးယောက်မြောက် သားတစ်ယောက်ဖြစ်သည်။ သူ့ဖခင် ဂျူးနီးယပ်စ် ဘရူးတပ်စ်ဘုသ် (Junius Brutus Booth) မှာ သူ့ခေတ်နှင့် သူ့အခါက အမေရိကန် ဇာတ်သဘင်လောကတွင် ထင်ပေါ်ကျော်ကြားလှသော ဇာတ်မင်းသားတစ်ယောက်ပင်ဖြစ်၏။ အထူးသဖြင့် ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များတွင် ဂျူးနီးယပ်စ်ဘုသ်၏ သရုပ်ဆောင်မှုများသည် ပွဲကြည့်ပရိသတ်၏ ပါးစပ်ဖျားတွင် ရေပန်းစား၍မဆုံးချီးကျူး၍မကုန်နိုင်အောင် ဖြစ်ခဲ့၏။ နာမည်ကျော် စာရေးဆရာကြီး ဒေးလ်ကာနက်ဂျီကဆိုလျှင် အမေရိကန် ဇာတ်သဘင်လောက၌ ယနေ့အထိ ဂျူးနီးယပ်စ်ဘုသ်ကဲ့သို့ ထင်ရှားကျော်ကြားသော ပရိသတ် အသည်းစွဲမင်းသားမျိုး မပေါ်ပေါက်ဖူးသေးဟူ၍ပင် ရေးသားခဲ့၏။

ဤသို့လျှင် သဘင်သည်မျိုးရိုးဖြစ်သော ဂျွန်ဘုသ်သည် အသက် ၁၇ နှစ်အရွယ်တွင် ဇာတ်ခုံပေါ်သို့ ရောက်ရှိလာခဲ့၏။

ဖခင်ဖြစ်သူ ဂျူးနီးယပ်စ်ဘုသ်သည် သားဖြစ်သူ ဂျွန်ဘုသ်အား မိမိကဲ့သို့ပင် အမေရိကန် ဇာတ်သဘင်လောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသည့် ဇာတ်မင်းသားတစ်ယောက် ဖြစ်စေရမည်ဟူသော ရည်ရွယ်ချက်ဖြင့် အစစအရာရာ သွန်သင်ပြသခဲ့၏။ အနုပညာရှင်တစ်ယောက်အနေဖြင့် ရှိသင့်ရှိအပ်သည့် စိတ်နေသဘောထားများနှင့်တကွ ဇာတ်လမ်းဇာတ်ကွက်အရ ပရိသတ် စွဲမက်စေမည့် သရုပ်ဆောင်ပုံ ဆောင်နည်းများကို သားဖြစ်သူအား ဆရာစားမချန်ဘဲ လုံးဝဥဿုံ အလုံးစုံသွန်သင် ပြသခဲ့၏။

ယင်းသို့ ယခင်ဖြစ်သူ၏ လက်ထပ်သင်လာမှုကြောင့် ဂျွန်ဘုသ်သည် ဇာတ်ခုံပေါ်သို့ ဇာတ်ဆောင်တစ်ယောက်အဖြစ် ရောက်ရှိလာခဲ့ပြီး ၂ နှစ်မျှအကြာ ၁၈၅၈ ခုနှစ်တွင် စတင်၍ ထင်ပေါ်ကျော်ကြား လူကြိုက်များလာခဲ့လေသည်။ အထူးသဖြင့် ထိုစဉ်က ရှိတ်စပီးယား၏ ဟဲင်းမလက် (Hamlet) ပြဇာတ်တွင် သူ ပါဝင်သရုပ်ဆောင်သော အခန်းများကို ပရိသတ်က အထူးသဘောကျလှသဖြင့် နေ့ချင်းညချင်းဆိုသလို နာမည်ကြီးလာခဲ့၏။ ထိုအချိန်မှစ၍ ဘုသ်သည် ပရိသတ်အသည်းစွဲ ဖြစ်လာခဲ့လေသည်။

mgyoe.com

mgyoe.com

စင်စစ်အားဖြင့်ဆိုလျှင် ဘုသ်သည် ထူးချွန်သော အနုပညာရှင်တစ်ယောက် မဟုတ်ပေ။ ယင်းသို့ မဟုတ်ရုံမျှမက သူသည် အနုပညာကို လေးစားမြတ်နိုးခြင်းမရှိ၊ သူ့ကိုယ်သူ တကယ့် အနုပညာရှင်တစ်ယောက်ဖြစ်လာအောင် စိတ်ပါလက်ပါ လေ့လာကြိုးစားမှုလည်းမရှိပေ။ သူသည် ပွဲကရာတွင် သူပါဝင်သရုပ်ဆောင်ရသော အခန်းများ၌ လေးလေးနက်နက် မရှိလှဘဲ ဇာတ်ခုံပေါ်မှ သူထင်သလို လုပ်ပြသည်ကို ပွဲကြည့်ပရိသတ်များက ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ လက်ခံရမည်ဟူသော သဘောဖြင့် ပေါ့ပေါ့ဆဆပင် ကပြလေ့ရှိသည်။

သို့သော် ပွဲကြည့်ပရိသတ်ဆိုသည်မှာ များသောအားဖြင့် ပွဲလမ်းသဘင်များကို အပျော်အပါးသဘောမျိုးဖြင့် လာရောက်ကြည့်ရှုကြသည့် လူသာမန်များ၊ လူပြိန်းများသာလျှင် အရေအတွက်များသည်ဖြစ်ရာ ပရိသတ်ကို ဂရုမစိုက်ဘဲ ဇာတ်ခုံပေါ်တွင် သူထင်သလို မခန့်လေးစား သရုပ်ဆောင်ကပြနေသော ဘုသ်၏ အမူအရာကိုပင် "အိုက်တင်" ကောင်းလှသည်ဆိုကာ သဘောကျ၍မဆုံး ချီးမွမ်း၍မဆုံး ဖြစ်နေကြသည်။

ထို့ပြင် ဘုသ်အတွက် နာမည်ကျော်ကြား၍ လူကြိုက်များသည်ထက် များလာလေအောင် ဖြစ်ရသည့်အကြောင်း နှစ်ရပ်ရှိသေးသည်။ ပထမအကြောင်းမှာ သူ၏ ဖခင်ကိုယ်နှိုက်က ပရိသတ် အသည်းစွဲ မင်းသားတစ်ဦးဖြစ်ခဲ့ရာ ဖခင်၏ အရှိန်အဝါကြောင့် နာမည်ကျော်ကြားသင့်သည်ထက် ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြောင်းမှာ ဘုသ်၏ ရုပ်ရေရူပကာယ ချောမောလှပခြင်းကြောင့်ပင်ဖြစ်သည်။ လှိုင်းတွန့်များပမာ အလိပ်လိပ်ထနေသော သူ၏ ဆံပင်များ၊ ကားကားယားယားရှိလှသော နှုတ်ခမ်းမွေးများနှင့် ကိုယ်လုံးကိုယ်ပေါက် ကြည့်ပျော်ရှုပျော်ဖြင့် အနေတော်ရှိလှသော ဘုသ်သည် ပုံကောင်းကောင်း ဆိုက်ကျကျ ချုပ်လုပ်ထားသော အဖိုးတန် အဝတ်အစားများကို သေသေသပ်သပ်ဖြင့် စမတ်ကျကျ ဝတ်ဆင်လေ့ရှိသည်။ လမ်းလျှောက်ရာတွင်လည်း သူကိုင်နေကျ ငွေနားကွပ်ထားသည့် အဖိုးတန်လက်ကိုင်တုတ်ကလေးကို ဝေ့ကာဝေ့ကာဖြင့် ဟန်ပါပါ လျှောက်တတ်သည့်ပြင် စကားပြောရာတွင်လည်း မျက်စမျက်နချီကာ ကိုယ်ရောလက်ပါ စောင်းကာငဲ့ကာ ဝေ့ကာဝိုက်ကာ "အိုက်တင်ပါပါ"ဖြင့်

mgyoe.com

mgyoe.com

ပြောတတ်သူဖြစ်ရာ ပွဲကြည့်ပရိသတ် အရပ်သူအရပ်သားများ အထူးသဖြင့် အမျိုးသမီးများ၏ မျက်စိထဲတွင် ဘုသ်မှာ "ရွှေမင်းသားကလေး"ဖြစ်မှန်း မသိ ဖြစ်လာခဲ့သည်။

သူ ပွဲကသည့်ညများ၌ဆိုပါလျှင် ဇာတ်ရုံနောက်ဖေးပေါက်မှ ပျိုပျို အိုအို ကြီးကြီးငယ်ငယ် အရွယ်မျိုးစုံပါဝင်သော အမျိုးသမီးများ ဝင်လာမစဲ တသဲသဲ ဖြစ်နေကြသည်။ မိတ်ဆက်စာပေးသူများ၊ အမှတ်တရ 'အော်တို' လက်မှတ်တောင်းသူများ၊ ထမင်းစားဖိတ်သူများမှအစ မမြင်ဖူးသဖြင့် မြင်ဖူး ရုံမျှ ခဏတဖြုတ်လာပြီး "ချောင်းကြည့်ပြုံးပြန်"ကြသူများပါ အမျိုးသမီး ပရိသတ်ကြီးမှာ ဇာတ်ရုံနောက်ဖေးပေါက်တွင် တစ်ယောက် နှင့်တစ်ယောက် ထပ်ကာညပ်ကာ တိုးကာဝေ့ကာဖြင့် ရှိနေတတ်သည်။

ယင်းသို့ ဘုသ်အား သာမန်ပွဲကြည့်ပရိသတ်များက သဘောကျ နှစ်ခြိုက်လှ၍ အမျိုးသမီးပရိသတ်က တန်းတန်းစွဲဖြစ်နေကြသော်လည်း တကယ် အနုပညာကို လေ့လာလိုက်စားကြသော ပုဂ္ဂိုလ်များကမူ ဘုသ်၏ သရုပ်ဆောင်မှုကို "အနုပညာမမြောက် အဆင့်အတန်းမမြင့်"ဟူ၍ အပြင်း အထန် ဝေဖန်ရှုတ်ချခဲ့ကြသည်။

ဥပမာ ရှိတ်စပီးယား၏ ဟဲင်းမလက်ပြဇာတ်တွင် ဘုသ် ပါဝင် သရုပ်ဆောင်မှုကို သာမန်လူပြိန်းများက သဘောအကျကြီး ကျခဲ့ကြသော် လည်း ဇာတ်သဘင်ဝေဖန်ရေး ဆရာတို့ကမူ ဘုသ်၏ အမူအရာမှာ အနုပညာမဆန်လှဘဲ "ဆပ်ကပ်ထဲမှ ဘားကျွမ်းသမားတစ်ယောက်၏ အမူအရာကဲ့သို့ ကိုယ့်ယိုကားယားနိုင်လှသည်"ဟူ၍ပင် မညှာမတာ ဝေဖန် ခဲ့ကြသည်။

တောပိုင်းကျသော မြို့ကလေးများနှင့် ယဉ်ကျေးမှုအနုပညာတွင် ခေတ်နောက်ကျလှသော မြို့များက ဘုသ်ကို တန်းတန်းစွဲဖြစ်နေကြသော် လည်း နယူးယောက် ဝါရှင်တန် ဖီလာဒဲလ်ဖီးယား စသောအဆင့်အတန်း မြင့်သည့် မြို့ကြီးများတွင်မူ ဘုသ် ပါဝင်သော ပြဇာတ်များမှာ ကြည့်ရှု အားပေးသူ မရှိလှဘဲ ခြောက်ကပ်ကပ်ဖြင့်သာ ကပြခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ဇာတ်သဘင် ဝေဖန်ရေးသမားများနှင့် အနုပညာ ရှင်များ၏ အပြင်းအထန် ရှုတ်ချနေသည့်အထဲမှပင် ဘုသ်၏နာမည်မှာ

mgyoe.com

mgyoe.com

သာမန်လူပြိန်းများဖြစ်ကြသော ပွဲကြည့်ပရိသတ် လူများစုကြီး၊ အထူး သဖြင့် အမျိုးသမီးထုကြီး၏ ပါးစပ်ဖျားတွင် တစ်နေ့တခြား ပို၍ ရေပန်းစား လာခဲ့သည်။ ပို၍ ကျော်ကြားလာခဲ့သည်။ အထူးသဖြင့် ရှိတ်စပီးယား၏ ကမ္ဘာကျော် အချစ်ဇာတ်လမ်းဖြစ်သော "ရိုမီယိုနှင့် ဂျူလီယက်" ပြဇာတ် တွင် ရိုမီယို အဖြစ် ပါဝင်ကပြသော ဘုသ်၏ အမှုအရာမှာ သဘာဝကျ လွန်းလှသည်။ သရုပ်ပါလွန်းလှသည်ဟုဆိုကာ ဘုသ်၏ နာမည်မှာ ယခင် ကထက် ဆထက်ပိုတိုး၍ ထင်ရှားလာခဲ့သည်။

တစ်ခါက ဘော့စ်တွန်မြို့တွင် အဆိုပါ "ရိုမီယိုနှင့် ဂျူလီယက်" ပြဇာတ် ကပြခဲ့ရာ ဘုသ်တည်းခိုသော နေအိမ်မှ ဇာတ်ရုံသို့သွားရာလမ်း တစ်လျှောက်တွင် အမျိုးသမီးပရိသတ်ကြီးက ဘုသ်အလာကိုစောင့်၍ လမ်းဘေးတစ်ဖက်တစ်ချက်မှ အလုအယက် သူ့ထက်ငါ တိုးကာဇွေ့ကာ ကြည့်ကြရာ လမ်းပြရဲသားများပင် လာရောက်၍ ထိန်းသိမ်းယူရသောဟူ၏။

ထိုအချိန်တွင် ဘုသ် အသက်မှာ နှစ်ဆယ့်သုံးနှစ်ရှိပြီဖြစ်သည်။ မူလကပင် အနုပညာကို လေးစားမြတ်နိုးခြင်းမရှိလှဘဲ ဖခင်၏အရှိန်အဝါ ကြောင့်တစ်ကြောင်း၊ သူ၏ ချောမောလှပသော ရုပ်ရည်ရူပကာယကြောင့် တစ်ကြောင်း၊ ယင်းသို့ လျှမ်းလျှမ်းတောက် ကျော်ကြားလာသော ဘုသ် သည် ပုထုဇဉ်တို့ သဘာဝအလျောက် ခြေဖျားထောက်ကာ အောက်ခြေ လွတ်လာတော့သည်။ ဘဝင်မြင့်ကာ မာနကြီးတစ်ခွဲသားဖြင့် ဖြစ်လာတော့ သည်။ အနုပညာလောကတွင် အောင်မြင်မှုဖြင့် ယစ်မူးလာသူတို့၏ ထုံးစံအတိုင်း အသောက်အစားနှင့် အပျော်အပါးဖက်ကာ တစ်နေ့တခြား ပျက်စီးလာတော့သည်။

အထူးသဖြင့် မိန်းမကိစ္စများတွင် အပျိုသော အအိုသော တစ်ခုလပ် သော၊ မုဆိုးမသော ဘာသောညာသောဟူ၍ မစောင့်ထိန်း မရှောင်တိမ်း တော့ဘဲ ရှုပ်ရှုပ်ပွေပွေ ဖြစ်လာခဲ့သည်။ သူ ရောက်လေရာ မြို့တိုင်းရွာ တိုင်းတွင်လည်းကောင်း၊ သူတည်းခိုရာ ဟိုတယ်တည်းအိမ်တို့တွင်လည်း ကောင်း၊ သူ ပါဝင်ကပြသော ဇာတ်ရုံထဲတွင်လည်းကောင်း ယုတ်စွအဆုံး သူ လမ်းလျှောက်သွားရာ လမ်းတစ်လျှောက်တွင်လည်းကောင်း ရှေ့နောက် ဝဲယာ ပတ်ဝန်းကျင်တွင် မိန်းမကြီးငယ် အရွယ်မျိုးစုံတို့ဖြင့် အမြဲတမ်း

mgyoe.com

mgoe.com

ဝိုင်းဝိုင်းလည်နေသည်ဖြစ်ရာ အပျော်အပါး လိုက်စားလိုသော ဘုသ်အတွက် "ရေကန်အသင့် ကြာအသင့်" ဆိုသလို ဖြစ်နေခဲ့သည်။

အမျိုးသမီးများကိုယ်နှိုက်က မဆွတ်ခင်က ညွတ်ချင်နေကြ၍ မခြွေခင်က ကြွေချင်နေကြပြီဖြစ်ရာ ဘုသ်တစ်ယောက်မှာ မူလကပင် စိတ်ပါဝင်စားခြင်းမရှိသော အနုပညာကို လုံးဝဘေးချိတ်ကာ သူ့နောက်သို့ တကောက်ကောက်လိုက်နေသော အမျိုးသမီးများထဲမှ သူ့စိတ်ကြိုက်မှန်သမျှ နေ့တစ်ယောက် ညတစ်ယောက်ဟူ၍ ဆိုရလောက်အောင်ပင် အလွန့်အလွန် အပျော်အပါး လိုက်စားလာခဲ့သည်။

ဤသို့ အရက်ကလေး တမြမြသောက်ကာ မိန်းမများနှင့် ရှုပ်ရှုပ် ပွေပွေ နေလာခဲ့ရာမှ ဘုသ်မှာ တစ်နေ့တခြား နာမည်ပျက်လာခဲ့သည်။ လင်ကြီးရှိသော မိန်းမများနှင့် ပတ်သက်၍လည်းကောင်း၊ အုပ်ထိန်းမှု မကင်းသော အရွယ်မရောက်တရောက် မိန်းကလေးများနှင့် ပတ်သက်၍ လည်းကောင်း၊ ဘုသ်၏ အကျင့်စာရိတ္တ ပျက်ပြားမှုမှာ တစ်နေ့တခြား လူသိများလာခဲ့သည်။ လူကောင်း သူကောင်းတို့၏ နှာခေါင်းရှုံ့စရာ ဖြစ် လာခဲ့သည်။

ဤအတောအတွင်း တစ်ခုသော ညတစ်ညတွင် ဘော့စတွန်မြို့၌ ဘုသ်နှင့် မလွတ်မကင်းဖြစ်နေသော ဇာတ်မင်းသမီး ဟင်ရက်တာဘိုင်ဗင် ဆိုသူက အခြားမိန်းမများနှင့် ရှုပ်ရှုပ်ပွေပွေ နေရပါမည်လားဟူ၍ မကျေ မနပ်ဖြစ်ကာ ဘုသ်နေသော ဟိုတယ်ပေါ်သို့တက်၍ ဘုသ်အား ဓားမြှောင် ဖြင့်ထိုးတော့သည်။ သူ့ကိုယ်သူလည်း သေကြောင်းကြံစည်ခဲ့သည်။ သို့သော် ဘုသ်မှာ ကံကောင်းထောက်မသဖြင့် အသက်မသေဘဲ ဖြစ်ခဲ့ရသည်။ ဘုသ်အဖို့ အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ဤအမှုကို အကြောင်း ပြု၍ ဟိုးလေးတကျော်ဖြစ်ကာ အကြီးအကျယ် နာမည်ပျက်ခဲ့ရသည်။

ဘုသ်သည် မိန်းမကိစ္စနှင့်ပတ်သက်၍ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း အသက်အန္တရာယ် ထိခိုက်လုနီးပါး ဖြစ်ပွားခဲ့သော်လည်း နောင်တ တရားမရဘဲ ရှုပ်မြဲရှုပ်၍ ပွေမြဲပွေခဲ့သည်။

နောက်ပိုင်းတွင်မူ ဘုသ်သည် မိန်းမလိုက်စားသည့်ကိစ္စများကိုသာ မက လူဆိုးလူမိုက် လူရှုပ်လူပွေများနှင့် ပို၍ အပေါင်းအသင်းလုပ်လာ

mgoe.com

mgyoe.com

သည်။ အရက်ကိုလည်း နေ့မှန်းညမှန်းမသိအောင် သောက်ကာ ပျက်စီးချင်တိုင်း ပျက်စီးလာသည်။

ဇာတ်သမားတို့မည်သည် အတည်တကျ နေရသည်မရှိဘဲ အမြို့မြို့အရွာရွာသို့ လှည့်လည်သွားလာနေရသည်ဖြစ်ရာ ရောက်လေရာအရပ်တွင် လူမျိုးစုံနှင့် သင့်မြတ်အောင် ပေါင်းသင်းရသည်။ အထူးသဖြင့် ရာနှင့်ထောင်နှင့်ချီ၍ လာရောက်ကြည့်ရှုကြသော ပွဲကြည့်ပရိသတ်ကို ထိန်းသိမ်းရသည့်အလုပ်မှာ တော်ရုံတန်ရုံ သတ္တိမျိုးဖြင့် မရဘဲ တစ်ခါတစ်ရံ လူမိုက်ဆန်ဆန် ဆက်ဆံပြောဆို၍ လိုအပ်လျှင် တုတ်တပြက် ဓားတပြက် လုပ်ရသည်အထိ "ဗိုလ်ကျ"ရသော အလုပ်မျိုးဖြစ်ရာ ဇာတ်သမားများသည် ရောက်လေရာ မြို့ရွာတိုင်းတွင် မြို့ခံရွာခံ လူဆိုး၊ လူမိုက်၊ လူရှုပ်လူပွေမှန်သမျှကို ကျွေးမွေးပေးကမ်း၍ တည့်အောင်ပေါင်းထားကြရစမြဲဖြစ်သည်။

သို့ဖြစ်ရာ နာမည်ကျော် ဇာတ်မင်းသားလည်းဖြစ် အပျော်အပါး အသောက်အစားလည်း အားကြီးလှသော ဘုသ်သည် ရောက်လေရာ အမြို့မြို့အရွာရွာတွင် လူဆိုးလူမိုက်မှန်သမျှ လူရှုပ်လူပွေမှန်သမျှကို ရွေး၍ ပေါင်းတတ် သင်းတတ်လာသည်။

၁၈၆၄ ခု ဒီဇင်ဘာလလောက်တွင် ဘုသ်သည် ဝါရှင်တန်မြို့မှ လူရှုပ်လူပွေများ နေထိုင်သည့် တည်းအိမ်တစ်အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာခြင်းများ ပြုလာခဲ့သည်။

ဤတည်းအိမ်မှာ ဘုသ်တို့ ဇာတ်ကရာဖြစ်သော ဖို့ဒ်ဇာတ်ရုံနှင့် ကိုက်တစ်ရာ နှစ်ရာဝေးသော အိပ်ချ်လမ်းပေါ်မှ အိမ်အမှတ် ၅၄၁ ဖြစ်သည်။

ဤတည်းအိမ်၏ ပိုင်ရှင်မှာ မစ္စက်မေရီ ယူဂျင်နီးယားဆာရက် (Mrs. Mary Eugenia Surratt) ဆိုသည့် အမျိုးသမီးတစ်ဦးဖြစ်သည်။

ဘုသ်သည် ဤတည်းအိမ်တွင် ဝင်ထွက်သွားလာရင်းဖြင့် နောင်အခါ သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်မှုကြီးတွင် သူနှင့် ကြံရာပါ လူဆိုးလူမိုက်များ ဖြစ်လာကြသော ဂျော့–အေ–အက်ဇီရော့ဒ်၊ လူးဝစ္စပိန်း၊ ဒေးဗစ်ဟာရိုးလ် စသူများနှင့် အပေါင်းအသင်းဖြစ်လာသည်။

mgyoe.com

mgyoe.com

ၵင်းတို့အနက် အက်ဗီရော့ဒ် ဆိုသူမှာ အရုပ်ဆိုးသလောက် အနေအထိုင် အပြောအဆို ရုန့်ရင်းကြမ်းတမ်းလှသူဖြစ်သည်။ အမြဲတစေ ညစ်ညစ်ပတ်ပတ် ပေပေတေတေ နေတတ်၍ ဝါရှင်တန်မြို့တွင် နေရာအတည်တကျမရှိဘဲ ခြေသလုံးအိမ်တိုင်အဖြစ် တွေ့ရာနေ ကြုံရာစားမကောင်းမှု ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးနေသူဖြစ်သည်။ သူသည် မစ္စက်ဆားရတ်၏ တည်းအိမ်သို့ ဘုသ် ဝင်ထွက်သွားလာခဲ့ပြီးနောက်များမကြာမီ အဆိုပါတည်းအိမ်သို့ ရောက်လာကာ အခန်းတစ်ခန်းငှား၍ နေထိုင်ခဲ့သူဖြစ်သည်။

မကြာမီ အခြားတစ်ယောက် ရောက်လာပြန်သည်၊ နောက်ရောက်လာသူမှာ လူးဝစ္စပိန်း ဆိုသူဖြစ်၍ သူ့ကိုယ်သူ ခရစ်ယန် ဓမ္မဆရာတစ်ဦးဖြစ်သည်ဟုဆိုသည်။ လူးဝစ္စပိန်းမှာ အရုပ်ထောင်ထောင်မောင်းမောင်းနှင့် ကိုယ်ကာယ ထွားကြိုင်းသူတစ်ဦးဖြစ်၍ အမြဲတစေ မျက်နှာပေါက်ဆိုးဆိုး ရှုသိုးသိုးဖြင့် နေတတ်သူဖြစ်သည်။

နောက်ဆုံးရောက်လာသူတစ်ဦးမှာ ဒေးဗစ်ဟာရိုးလ်ဆိုသူဖြစ်သည်။ သူသည် ဝါရှင်တန်မြို့တွင် အိမ်ခြေရာခြေ အတည်တကျမရှိဘဲ ခြေဦးတည့်ရာ သွားလာနေထိုင်ခဲ့သူတစ်ဦးဖြစ်၍ တစ်ခါက ကုန်ဆိုင်တစ်ဆိုင်တွင် လက်ထောက်အရောင်းသမားအဖြစ် အလုပ်လုပ်ခဲ့ဖူးသည်။ ဒေးဗစ်သည် ကိုယ်လုံးကိုယ်ပေါက် တုတ်တုတ်ခိုင်ခိုင်နှင့် သန်မာသူတစ်ဦးဖြစ်သည်။ သို့သော် သူ့မျက်နှာထားမှာလည်း လူးဝစ္စပိန်းကဲ့သို့ ခပ်ဆိုးဆိုးပင်ဖြစ်သည်။

ဘုသ်သည် မစ္စက်ဆာရတ်၏ တည်းအိမ်တွင် အထက်ဖော်ပြပါ လူရုပ်လူပွေ လူတေလူပေများနှင့် တွေ့ဆုံ၍ အပေါင်းအသင်း ဖြစ်ခဲ့ရာ၌ ဒေးဗစ်ဟာရိုးနှင့် ပိုပြီးရင်းရင်းနှီးနှီး ဖြစ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဒေးဗစ်ဟာရိုးသည် ဘုသ်အတွက် အစစအရာရာ စေသမျှ ခိုင်းသမျှကို မဆိုင်းမတွ ကျိုးနွံစွာ လုပ်ကိုင်ပေးခဲ့သောကြောင့်ဖြစ်သည်။

သမ္မတလင်ကွန်း လုပ်ကြံမှုကြီးနှင့် စပ်လျဉ်း၍ အကြောင်းချင်းရာ အဖြစ်အပျက်များကို မှတ်တမ်းတင်ခဲ့ကြရာ၌ ဒေးလ်ကာနက်ဂျီ အပါအဝင် သမိုင်းသုတေသီ ပုဂ္ဂိုလ်အတော်များများက ဘုသ်သည် သမ္မတလင်ကွန်းကို လုပ်ကြံသတ်ဖြတ်ခဲ့သည်မှာ တစ်စုံတစ်ယောက်ထံမှ ငွေကြေးအမြောက်

mgyoe.com

mgyoe.com

အမြားရ၍သော်လည်းကောင်း၊ ပြင်းထန်သော နိုင်ငံရေးစိတ်ဓာတ်ကြောင့် သော်လည်းကောင်း မဟုတ်ဘဲ ထင်ပေါ်ကျော်ကြားလိုမှု တစ်ခုတည်းသက် သက်ကြောင့် ယင်းသို့ လုပ်ကြံခဲ့ခြင်းဖြစ်သည်ဟူ၍ ထုတ်ဖော်ရေးသား မှတ်တမ်းတင်ထားခဲ့ကြသည်။

ဤနေရာတွင် တစ်စုံတစ်ယောက်ထံမှ ငွေကြေး အမြောက်အမြား အစုလိုက်အပြုံလိုက်ရ၍ လုပ်ကြံသတ်ဖြတ်ခြင်း မဟုတ်ဟူသော အချက်ကို မူ မည်သို့မျှ စောဒကတက်ရန် မလိုပေ။ အဘယ့်ကြောင့်ဆိုသော် သမ္မတ လင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြိုးစားနေသော အချိန်ကာလ (၁၈၆၅ ခုနှစ်)တွင် ဘုသ်သည် အောင်မြင်ကျော်ကြား၍ တနင်္ဂနွေတစ်ပတ် လျှင် ဒေါ်လာ ၅၀၀ တစ်နှစ်လျှင် ဒေါ်လာ ၂၄,၀၀၀ အထိ ဝင်ငွေရှိနေ သော ထိပ်တန်း ဇာတ်မင်းသားတစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။

သို့ရာတွင် ဤလုပ်ကြံသတ်ဖြတ်မှုကြီးတွင် နိုင်ငံရေးပယောဂ ပါ မပါဟူသော အချက်မှာမူ စောဒကတက်၍ သံသယစွက်စရာအကြောင်းများ ရှိနေသည်။

လင်ကွန်းသည် ၁၈၆၀ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင် စုကြီး၏ ၁၆ ယောက်မြောက် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထို့နောက် ၁၈၆၁ ခုနှစ်မှစ၍ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ ပြည်တွင်းစစ်ဖြစ်ပွားလာခဲ့သည်။ အသားမည်းကပ္ပလီလူမျိုးများကို ရာသက် ပန် ငွေဝယ်ကျွန်အဖြစ် တိရစ္ဆာန်များပမာ နှိပ်စက်စေခိုင်းခဲ့ကြရုံမျှမက ကုန်ပစ္စည်းတစ်ခုအဖြစ် သဘောထားကာ ကျွန်ရောင်းကျွန်ဝယ် လုပ်ငန်းဖြင့် စီးပွားလမ်းဖြောင့်နေကြသော တောင်ပိုင်းသား ကျွန်ပိုင်ရှင် မြေပိုင်ရှင် သူဌေးကြီးများသည် 'လူလူချင်းတန်းတူ' သဘောထား၍ 'လူတိုင်းတွင် လူ့အခွင့်အရေးဟူ၍ သာတူညီမျှ ရှိကြသည်'ဟူသော လင်ကွန်း၏ အယူ အဆနှင့် လုပ်နည်းလုပ်ဟန်များကို လက်မခံဘဲ ပုန်ကန်တော်လှန်လာခဲ့ ကြသည်။

၁၈၆၁ ခုနှစ်က စတင်၍ ဖြစ်ပွားလာခဲ့သော ဤပြည်တွင်းစစ်ကြီး မှာ တစ်နှစ်ထက်တစ်နှစ် ပို၍ကျယ်ပြန့် ကြီးမားလာခဲ့ရာ သမ္မတလင်ကွန်း သည် ပြည်ထောင်စုအစိုးရအား ပုန်ကန်တိုက်ခိုက်လာကြသော တောင်ပိုင်း

mgyoe.com

mgyoe.com

တပ်သားများအား တစ်ဖက်မှ အပြင်းအထန် နှိပ်နင်းရသည့်နည်းတူ အခြားတစ်ဖက်မှ လူလူချင်း အရောင်းအဝယ်ပြုလုပ်နေကြသော ငွေဝယ်ကျွန်စနစ်ကိုလည်း ထိထိရောက်ရောက် တိုက်ဖျက်ခဲ့ရသည်။

ဤတွင် တောင်ပိုင်းသားများ အထူးသဖြင့် တောင်ပိုင်းမှ ကျေးပိုင်ကျွန်ပိုင်ရှင်ကြီးများသည် 'လင်ကွန်း'ဆိုလျှင် နာမည်ကိုပင် မကြားချင်လောက်အောင် ခါးခါးသီးသီး မုန်းတီးလာခဲ့ကြသည်။

၁၈၆၃ ခုနှစ် ပြည်တွင်းစစ် ဖြစ်ပွားနေဆဲကာလတွင် တောင်ပိုင်းသား ကျေးကျွန်ပိုင်ရှင်ကြီးများသည် ရန်ပုံငွေများ စုဆောင်း၍ လျှို့ဝှက်သော အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းအဖွဲ့၏ အဓိကနံပါတ်တစ် လုပ်ငန်းစဉ် ရည်ရွယ်ချက်ကား အခြားမဟုတ်၊ သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန်ပင်တည်း။

လင်ကွန်းကို အစိမ်းလိုက်ဝါးစားချင်လောက်အောင် ရွံရှာမုန်းတီးနေကြသော တောင်ပိုင်းသား ကျွန်ပိုင်ရှင်ကြီးများသည် လင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ယင်းသို့ လျှို့ဝှက်ကြံစည်ခဲ့ရာမှ ၁၈၆၄ ခုနှစ် ဒီဇင်ဘာလတွင်မူ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းမှ အဲလာဘားမားပြည်နယ် ဆဲလ်မာမြို့ထုတ် နေ့စဉ်သတင်းစာတစ်စောင်တွင် သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန်အတွက် ရန်ပုံငွေများထည့်သွင်းပါဝင်ကြပါရန် ကြော်ငြာစာတစ်စောင် အတိအလင်း ဖော်ပြလာကြသည်။ တစ်ချိန်တည်းတွင် တောင်ပိုင်းပြည်နယ်များ၌ ပုံနှိပ်ထုတ်ဝေနေကြသော ဂျာနယ်များတွင်လည်း သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်မည့်သူများ ရှိပါက ဆုငွေမည်ရွေ့မည်မျှ ပေးမည်ဟူ၍ ဖြောင်ကြော်ငြာသည်အထိ ဖြစ်လာခဲ့သည်။

သို့ဖြစ်ရာ သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့သော ဘုသ်သည် ငွေရေးကြေးရေးကြောင့်ဟူ၍ မဆိုနိုင်သော်လည်း နာမည်ကျော်ကြားလိုမှု တစ်ခုတည်းသက်သက်ကြောင့် မဟုတ်ဘဲ တောင်ပိုင်းမှ သူပုန်ဂိုဏ်းသားများနှင့် တစ်နည်းမဟုတ်တစ်နည်းအားဖြင့် ဆက်သွယ်မှုရှိရမည်မှာ သေချာသလောက်ဖြစ်သည်။

mgyoe.com

mgyoe.com

ဤအချက်နှင့် စပ်လျဉ်း၍ ဤလုပ်ကြံမှုကြီး အကြောင်းကို နောက်ဆုံးရေးသားခဲ့သော သမိုင်းသုတေသီ စာရေးဆရာတစ်ဦးဖြစ်သူ သီယိုဒိုရော့စ်ကိုး (Theodore Roscoe) က 'ဘုသ်သည် ၁၈၆၄ ခုနှစ် ကတည်းက တောင်ပိုင်းသူပုန်များနှင့် လျှို့ဝှက်ဆက်သွယ်မှု ပြုလုပ်လာခဲ့ သည်'ဟူ၍ အတိအလင်း ဖော်ထုတ်ရေးသားခဲ့သည်။

သီယိုဒို-ရော့စ်ကိုးက 'အဘရာဟင်လင်ကွန်းအား လုပ်ကြံသတ်ဖြတ် မှုကြီး' (The Abraham Lincoln Murder Case) ဟူသော အမည်ဖြင့် ၁၉၆၀ ခုနှစ်က ရေးသားခဲ့ရာတွင် 'ဘုသ်သည် တောင်ပိုင်းသားသူပုန်များ နှင့် လျှို့ဝှက်ဆက်သွယ်ခဲ့ရုံမျှမက ဇာတ်မင်းသားတစ်ယောက်အနေဖြင့် အမြို့မြို့ အရွာရွာ လှည့်လည်သွားလာနိုင်သော အခွင့်အရေးကို အသုံးချ ကာ မြို့တိုင်းရွာတိုင်းတွင် ရှိနေသော မြေအောက်သူပုန်ဂိုဏ်းသားများ သူလျှိုများနှင့်ပင် အဆက်အသွယ်ပြုလုပ်ခဲ့သည်'ဟုဆိုသည်။

မည်သို့ပင်ဖြစ်စေ ဘုသ်သည် အိပ်ချ်လမ်း အမှတ် ၅၄၁ မှ မစ္စက် ဆာရတ်၏နေအိမ်သို့ ဝင်ထွက်သွားလာခဲ့ရာမှ ၁၈၆၅ ခု ဖေဖော်ဝါရီလ ပိုင်းတွင် သူသည် ထိုအိမ်သို့ ခါတိုင်းထက်ပို၍ အဝင်အထွက်များလာခဲ့ သည်။ အဆိုပါတည်းအိမ်မှ ဘုသ်ခေါင်းဆောင်သော အဖွဲ့တွင် အထက်ဖော် ပြပါ အက်ဇီရော့-ပိန်းနှင့် ဟာရိုးတို့အပြင် အိမ်ရှင် မစ္စက်ဆာရတ်၏ သားဖြစ်သူ ဂျွန်ဆာရက် (John Suratt) ဆိုသည့် လူငယ်တစ်ယောက်သည် လည်း အပါအဝင်ဖြစ်လာခဲ့သည်။

ဘုသ်သည် စောစောပိုင်းက သမ္မတလင်ကွန်းအား အသက်ဆုံးရှုံး စေသည်အထိ လုပ်ကြံသတ်ဖြတ်ရန် မရည်ရွယ်ပေ။ သမ္မတလင်ကွန်းအား လက်ရဖမ်းဆီးပြီး တောင်ပိုင်းပြည်နယ်များသို့ ပြန်ပေးသဘောမျိုးဖြင့် ခေါ်ဆောင်သွားရန်သာဖြစ်သည်။

ဘုသ်၏ မူလအကြံအစည်မှာ ယင်းသို့ သမ္မတလင်ကွန်းအား အရှင်လက်ရဖမ်းဆီး၍ တောင်ပိုင်းသို့ ခေါ်ဆောင်သွားနိုင်ခဲ့ပါက မြောက် ပိုင်းသားများ အကြီးအကျယ် ဖိတ်ဓာတ်ကျကာ ပြည်တွင်းစစ်တွင် တောင် ပိုင်းသားများဘက်က အောင်ပွဲခံနိုင်လိမ့်မည်ဟု တွက်ဆထား၏။ အထူး သဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အထွတ်အထိပ်ဖြစ်သော သမ္မတ

mgyoe.com

mgyoe.com

လင်ကွန်းကိုသာ လက်ရဖမ်းဆီး၍ တောင်ပိုင်းသို့ ခေါ်ဆောင်သွားနိုင်ပါက ယုတ်စွအဆုံး မြောက်ပိုင်းက ဖမ်းဆီးထားသော တောင်ပိုင်းသား သုံ့ပန်း အမြောက်အမြားနှင့် လဲယူနိုင်မည်ဟူ၍ ယုံကြည်ထား၏။

ယင်းသို့ တွက်ဆယုံကြည်ထားချက်အရ ဘုသ်သည် သမ္မတလင်ကွန်း ဖို့ဒ်ဇာတ်ရုံသို့ ပွဲကြည့်လာသည့် တစ်နေ့နေ့တွင် ပွဲကြည့်ဆောင်အတွင်း မှာပင် လက်ရဖမ်းဆီးရန် ကြံရွယ်ထားခဲ့၏။ သူ၏ အစီအစဉ်အရဆိုပါ လျှင် လင်ကွန်း ပွဲကြည့်နေစဉ် မီးခလုတ်များကို ပိတ်ပစ်ကာ ဇာတ်ရုံ တစ်ခုလုံးကို မှောင်အတိချပစ်မည်။ ထိုအခိုက် တာဝန်ပေးထားသော မိမိဂိုဏ်းသားများက သမ္မတလင်ကွန်းအား ပွဲကြည့်ဆောင်အတွင်း တရကြမ်း ဝင်၍ လက်ရဖမ်းဆီးရမည်။ ထို့နောက် လင်ကွန်းအား မအော်နိုင် မရုန်း နိုင်အောင် ပါးစပ်ကို အဝတ်ဖြင့်ပိတ်ပြီး တစ်ကိုယ်လုံး ကြိုးဖြင့်တုပ် နှောင်ကာ ဇာတ်ရုံအပြင်သို့ရောက်အောင် ပွေ့ထုတ်လာကြမည်။ ထိုမှ တစ်ဆင့် ဇာတ်ရုံအပြင်တွင် အသင့်စောင့်နေသော မြင်းရထားဖြင့် တင်ဆောင် ကာ မောင်းနှင်ထွက်ပြေးကြမည်ဟူ၍ဖြစ်သည်။

အကယ်၍ အခြေအနေအရ အထက်ပါ ပထမအကြံအစည်အတိုင်း ထမြောက်အောင်မြင်ရန် ခဲယဉ်းခဲ့သည်ရှိသော် ဘုသ်သည် နောက်တစ်မျိုး ကြံထားသေး၏။ ဤဒုတိယ အစီအစဉ်အရဆိုလျှင် သမ္မတလင်ကွန်းအား ဝါရှင်တန်မြို့နှင့် ၃ မိုင်ခန့်ဝေးသော စစ်ဆေးရုံသို့သွားသည့် တောလမ်း ခရီးတွင် လမ်းခုလတ်မှစောင့်၍ လက်ရဖမ်းရမည်ဖြစ်၏။ ဤတောလမ်းမှာ သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေ၍ လမ်းကွေ့လမ်းကောက် များ ပေါများလှသည်ဖြစ်ရာ မိမိတို့အတွက် တပန်းသာနေသည်ဟု ဘုသ် က ယုံကြည်ထား၏။ သမ္မတလင်ကွန်းသည် အဆိုပါမြို့ပြင်ဘက်ရှိ စစ်ဆေးရုံသို့ မကြာခဏ သွားတတ်သည့်ပြင် ယင်းသို့မသွားမီ တစ်ရက် နှစ်ရက်ခန့် ကြိုတင်၍ သတင်းစာများတွင် သမ္မတ စစ်ဆေးရုံသို့သွားမည့် နေ့ရက်နှင့် အချိန်နာရီများ အတိအကျ သတင်းရေးသား ဖော်ပြတတ် သဖြင့် မိမိတို့အနေဖြင့် ကြိုကြိုတင်တင် ပြင်ဆင်ထားနိုင်သည်ဟူ၍လည်း ဘုသ်က ကျိန်းသေတွက်ထား၏။

mgyoe.com

mgyopo.com

သမတလင်ကွန်းအား လက်ရဖမ်းဆီးရန်အတွက် အထက်ပါအတိုင်း တစ်နည်းမဟုတ်တစ်နည်းဆိုသလို စီစဉ်ပြင်ဆင်ထားခဲ့ရာ ၁၈၆၅ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် သမ္မတလင်ကွန်း ဖို့ဒ်ဇာတ်ရုံသို့ ပွဲလာကြည့်လိမ့်မည်ဟူသောသတင်း ထွက်ပေါ်လာ၏။ ထိုညတွင် ဖို့ဒ် ဇာတ်ရုံ၌ ဇာတ်ဆရာ အက်ဒွင်ဖောရက်စ် (Edwin Forrest) ၏ ဂျက်ကိတ် (Jack Cade) အမည်ရှိ ပြဇာတ်ဖြင့် ကပြအသုံးတော်ခံမည်ဖြစ်၏။ ဘုသ်သည် ပထမ အစီအစဉ်အတိုင်း ပွဲကြည့်နေစဉ် လင်ကွန်းအား အတင်းဝင်ဖမ်းရန် အစစ ပြင်ဆင်ခဲ့သည်။

သတ်မှတ်ထားသော ဇန်နဝါရီလ ၁၈ ရက်နေ့ ညနေပိုင်းတွင် ဘုသ်နှင့် သူ၏ ဂိုဏ်းသားများသည် ဝါရှင်တန်မြို့တွင် သမ္မတ ကြွရောက်လာမည့် လမ်းထောင့်များမှနေ၍ သူ့တာဝန်နှင့်သူ စောင့်နေခဲ့ကြသည်။ သူတို့အချင်းချင်းသာ နားလည်နိုင်သည့် စကားဝှက်များ၊ အချိန်းအချက် အမှတ်အသားများဖြင့် သူတို့အားလုံးသည် အဆင်သင့်ဖြစ်နေကြသည်။ ဖို့ဒ်ဇာတ်ရုံ အဝင်ဝနားတွင်လည်း တံခါးပေါက်နှစ်ခုစလုံး လိုက်ကာများ ချထားသည့် မြင်းရထားတစ်စီးသည် သမ္မတလင်ကွန်းကို မောင်း၍တင်ပြေးရန် အမှတ်မထင် အဆင်သင့်စောင့်နေခဲ့ပြီးဖြစ်သည်။

သို့သော် ယင်းသို့ အဘက်ဘက်က အဆင်သင့်ဖြစ်ပြီးခါမှ ထင်တိုင်းမပေါက်ဘဲ အစီအစဉ်များအားလုံး ပျက်ပြားသွားခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် ယနေ့ညအဖို့ ရာသီဥတု ဆိုးဝါးလှ၍ လေကြီးမိုးကြီးကျလာမည့် အန္တရာယ်ရှိနေသဖြင့် သမ္မတလင်ကွန်းသည် ပွဲကြည့်ရန် မူလစီစဉ်ထားသည်ကို ရုတ်တရက်ကပ်၍ အစီအစဉ် ဖျက်သိမ်းလိုက်သောကြောင့်တည်။

ထို့နောက် နှစ်လမျှ ကြာသွား၏။

၁၈၆၅ ခု မတ်လထဲတွင် တစ်ဖန် ဘုသ်နှင့် သူ၏ ဂိုဏ်းသားများသည် ဒုတိယ အစီအစဉ်အရ သမ္မတလင်ကွန်းအား စစ်ဆေးရုံသို့အသွား လမ်းခုလတ်မှစောင့်၍ လက်ရဖမ်းရန် ကြံစည်ကြပြန်သည်။

သတ်မှတ်ထားသော နေ့ရက်သို့ ရောက်ရှိလာ၍ သမ္မတလင်ကွန်း စစ်ဆေးရုံသို့ သွားမည့်အချိန်တွင် ဘုသ်နှင့် သူ၏နောက်လိုက် လူဆိုးများ

mgyopo.com

mgyoe.com

သည့် ဝါရှင်တန်မြို့နှင့် စစ်ဆေးရုံသို့သွားရာ တောလမ်းတွင် အစစအရာရာ အားလုံး အသင့်ဖြစ်နေကြပြီဖြစ်သည်။ သူတို့တစ်တွေမှာ အရက်များ ရေချိန် ကိုက်အောင်သောက်၍ ရဲဆေးတင်ထားကြသည်ဖြစ်ရာ တောအုပ်ထဲမှနေ၍ သမ္မတလင်ကွန်းအလာကို စောင့်ရင်း သွေးတကြွကြွဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ခေါင်းဆောင်ဖြစ်သူ ဘုသ်ကလည်း ဒီတစ်ချီတွင် လင်ကွန်းကို မလွတ်တမ်းဖမ်းရန် အမိန့်ပေးထားပြီးဖြစ်သည်။ သူ့အမိန့် အရ ဗျွန်ဆာရတ်က သမ္မတလင်ကွန်း စီးလာသော မြင်းရထားမှ ရထား မောင်းသမားကို ရှေးဦးစွာဝင်၍ "အုပ်"ရမည်ဖြစ်၏။ ထို့နောက် လူးဝစ္စပိန်း နှင့် ဘုသ်တို့က လင်ကွန်းကို အတင်းတရကြမ်း ဝင်ဖမ်းကြမည်ဖြစ်သည်။

အချိန်ကျသောအခါ ဂေါက်ဂက် ဂေါက်ဂက်ဟူသော မြင်းခွာသံ များနှင့်အတူ ဝါရှင်တန်မြို့ဘက်ဆီမှ မောင်းလာသော အရောင်တဖိတ်ဖိတ် တောက်နေသည့် သမ္မတလင်ကွန်း၏ မြင်းရထားကို လှမ်း၍မြင်ကြရသည်။ တစ်ချက်တစ်ချက်တွင် ရွှမ်းခနဲမြည်အောင် ရိုက်လိုက်သော ရထားမောင်း သမား၏ ကြာပွတ်သံနှင့်တကွ မြင်းဟီသံများသည် တောအုပ်တစ်ခုလုံးကို ပဲ့တင်ထပ်၍ သွားစေသည်။

သို့နှင့်ပင် သမ္မတ၏ ရထားသည် ဘုသ်နှင့် သူ့နောက်လိုက်များ ပုန်းအောင်းနေသော နေရာအနီးသို့ ရောက်လာသည်။

ဘုသ်သည် ရထားတွင်းသို့ လှမ်းကြည့်လိုက်ပြီး စိတ်ဆိုးမာန်ဆိုး ဖြင့် ယုတ်ယုတ်မာမာ ကြိမ်ဆဲရေရွတ်လိုက်မိသည်။

ဒီတစ်ချီတွင်လည်း ခဲလေသမျှ သဲရေကျ ဖြစ်ရပြန်လေပြီ။ အကြောင်း သော်ကား သမ္မတရထားပေါ်တွင် စီးနင်းလိုက်ပါလာသူမှာ သမ္မတလင်ကွန်း မဟုတ်ဘဲ အခြားသူတစ်ယောက် ဖြစ်နေသောကြောင့်တည်း။

ဖြစ်ပုံမှာ သမ္မတလင်ကွန်းသည် ယနေ့အဖို့ မူလသတ်မှတ်ထား သည့်အတိုင်း စစ်ဆေးရုံသို့ သွားရောက်ကြည့်ရှုရန် စီစဉ်ပြင်ဆင်နေဆဲ မှာပင် ရှေ့တန်းစစ်မျက်နှာမှ သူပုန်များကို တိုက်ခိုက်နှိမ်နင်း၍ အောင်ပွဲ ရလာသော တပ်ရင်းတစ်ရင်းသည် ဝါရှင်တန်မြို့သို့ ပြန်လည်ရောက်ရှိ လာခဲ့သည်။ သို့နှင့်ပင် အဆိုပါ အောင်ပွဲရ တပ်မတော်သားများကို ဆီး ကြိုဂုဏ်ပြုရန်နှင့် ၎င်းတို့ သိမ်းဆည်းရမိလာသော သူပုန်တပ်မှ အလံတစ်ခု

mgyoe.com

mgyoe.com
ကိုပါ အခမ်းအနားဖြင့် လက်ခံရန် အရေးပေါ် စီစဉ်လိုက်ရသည်ဖြစ်ရာ သမ္မတလင်ကွန်းသည် စစ်ဆေးရုံသို့ သွားရောက်ရန်ဖြစ်သော မူလအစီအစဉ်ကို ဖျက်သိမ်းလိုက်ရသည်။

သမ္မတလင်ကွန်းအား အရှင်လက်ရဖမ်းဆီးရန် အစီအစဉ်မှာ ယင်းသို့နှစ်ကြိမ်တိုင်တိုင် ပျက်ပြားခဲ့ရသည့်ပြင် နောက်များမကြာမီ ဖို့ဒ်ဇာတ်ရုံသို့ သမ္မတလင်ကွန်း ပွဲလာကြည့်လိမ့်မည်ဟူသော သတင်းရပြန်သဖြင့် အတင်းဝင်၍ဖမ်းဆီးရန် တတိယအကြိမ် ကြံစည်ကြိုးစားကြပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင်လည်း အလားတူ အရေးပေါ် အကြောင်းကိစ္စတစ်ခုကြောင့် ပျက်ပြားသွားရပြန်သည်။

ဘုသ်သည် ယင်းသို့ သုံးကြိမ်တိုင်တိုင် အကြံအစည်ပျက်ပြားခဲ့ရသဖြင့် အခဲမကျေဘဲ အကြီးအကျယ် ဒေါသပွနေခဲ့သည်။ အထူးသဖြင့် ဤကိစ္စတွင် ခေါင်းဆောင်တစ်ယောက်အနေဖြင့် ဟိတ်ဟန်ထုတ်ကာ ဘယ်သူက ဘယ်နေရာကစောင့်၊ ဘယ်သူက ဘာလုပ်ဟူ၍ တိတိကျကျ အမိန့်ပေးထားပြီးမှ မိမိစီစဉ်သလို ဖြစ်မလာဘဲ ယခုကဲ့သို့ အကြိမ်ကြိမ် အစီအစဉ်ပျက်ခဲ့ရသဖြင့် လက်အောက်ငယ်သားများက မိမိအပေါ်တွင် အကြည်ညိုပျက်စရာ ဖြစ်လာသည်။ သြဇာမကိုက်ဘဲ ဖြစ်လာသည်။ ပိုပြီး ရှက်လည်းရှက် ဒေါသလည်း ထွက်မိသည်။

သို့နှင့်ပင် ဘုသ်သည် လင်ကွန်းအား ယင်းသို့ လက်ရဖမ်း၍ ပြန်ပေးဆွဲရန်အလုပ်ကို ခဲခဲယဉ်းယဉ်း ကြိုးစားမနေတော့ဘဲ လွယ်လွယ်နှင့် တစ်ခါတည်း ကိစ္စတုံးအောင် လစ်လျှင်လစ်သလို၊ ကြုံလျှင်ကြုံသလို လုပ်ကြံသတ်ဖြတ်ပစ်ရန် ကြံစည်စိတ်ကူးလာခဲ့တော့သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုသ်သည် သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် မည်သည့်နေ့ရက်၊ မည်သည့်အချိန်က တိတိကျကျ စိတ်ပိုင်းဖြတ်ခဲ့သည်ကို ယခုအထိ မည်သူတစ်ဦးတစ်ယောက်မျှ အထောက်အထား ခိုင်မာစွာ ပြောကြားနိုင်စွမ်းမရှိဘဲ ဖြစ်နေသေးသည်။

သို့သော် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကို ပြန်လည်သုံးသပ်ကြည့်ခြင်းအားဖြင့် ဘုသ်သည် သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန်
mgyoe.com

mgyoe.com

ဧပြီလ ၉ ရက်နေ့ကသော်လည်းကောင်း၊ ထိုနေ့ ထိုရက်၏ နောက်ပိုင်းတွင်သော်လည်းကောင်း ယတိပြတ် ဆုံးဖြတ်ခဲ့ဟန်တူသည်။

အဘယ့်ကြောင့်ဆိုသော် တောင်ပိုင်းမှ သူပုန်တပ်များ၏ ဗိုလ်ချုပ်ကြီးဖြစ်သော ဂျင်နဂျယ်လီ (General Lee) သည် အစိုးရတပ်များ၏ ဗိုလ်ချုပ်ကြီးဖြစ်သူ ဂျင်နရယ်ဂရန့် (General Grant) ထံ ဧပြီလ ၉ ရက်နေ့က အက်ပိုမက်တော့ (Appomattox) ဒေသတွင် အညံ့ခံ လက်နက်ချလိုက်သောကြောင့်ဖြစ်သည်။

ဘုသ်အဖို့ရာ၌ သူမျှော်လင့်အားထားနေသော တောင်ပိုင်းသူပုန်တပ်များ၏ အကြီးဆုံး တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီးကိုယ်တိုင်က အစိုးရထံ လက်နက်ချ အညံ့ခံလိုက်ပြီဖြစ်ရာ လင်ကွန်းကို အရှင်လက်ရဖမ်း၍ တောင်ပိုင်းဒေသသို့ ပြန်ပေးဆွဲသလို ဆွဲသွားရန်မှာ လုံးဝမဖြစ်နိုင်တော့ဟူ၍ တစ်ထစ်ချ တွက်မိဟန်တူသည်။

ထို့ပြင် လင်ကွန်းအား လက်ရဖမ်းရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပြီးမှ ခဲလေသမျှ သဲရေကျဖြစ်ရသည်ကိုလည်း အကြီးအကျယ် မကျေမနပ်ဖြစ်နေခဲ့ရာ နောက်ဆုံး တောင်ပိုင်း သူပုန်တပ်မှ ဂျင်နရယ်လီ လက်နက်ချသည့် ဧပြီလ ၉ ရက်နေ့ သို့မဟုတ် နောက်တစ်နေ့ တစ်နေ့နေ့တွင်ပင် သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ဟန်တူသည်။ ယခုသော်မူ လင်ကွန်း၏ ကံကြမ္မာဟူ၍ပင် ဆိုရမည်လော၊ သို့လောမသိ။ ယခင့်ယခင်က သမ္မတလင်ကွန်းအား အရှင်လက်ရဖမ်းဆီးရန် ကြိုးစားခဲ့ကြစဉ်က အကြိမ်ကြိမ် ပျက်ပြားခဲ့ရသော်လည်း လွန်ခဲ့သည့် လေးငါးရက်ခန့်က လင်ကွန်းကို အရှင်မထားတော့ဘဲ ကိစ္စတုံးသည်အထိ လုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်လိုက်ကာမှ သောကြာအခါတော်နေ့ဖြစ်သော ဤဧပြီလ ၁၄ ရက်နေ့ညတွင် လင်ကွန်းသည် ဖို့ဒ်ဇာတ်ရုံသို့ မူလအစီအစဉ်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက် ကြွရောက်ကာ ဇာတ်ပွဲသဘင်ကို ပျော်ပျော်ရွှင်ရွှင် ကြည့်ရှုနေပေပြီ။

❐

mgyoe.com

mgyoe.com

# ဇာတ်ရုံထဲမှ လူသတ်မှု

ဖို့ဒ်ဇာတ်ရုံတွင်းသို့ သမ္မတလင်ကွန်း ဝင်ရောက်လာသောအခါ အချိန်မှာ ည ၈ နာရီ မိနစ် ၄၀ တိတိရှိပြီဖြစ်၏။

ထိုအချိန်တွင် 'ကျွန်ုပ်တို့၏ အမေရိကန် သွေးချင်းသားချင်းများ' ပြဇာတ်မှာ စတင်ကပြနေပြီဖြစ်၍ ပထမအခန်း၏ ဇာတ်လမ်း တစ်ဝက်ခန့် ပင် ရောက်နေပြီဖြစ်သည်။

ဇာတ်ရုံတွင်းသို့ လင်ကွန်းနှင့် အခြားပုဂ္ဂိုလ်များ ဝင်လာသည်နှင့် တစ်ပြိုင်နက် ပွဲကြည့်ပရိသတ်အားလုံး မတ်တတ်ရပ်၍ အရိုအသေပြုကာ လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြလေသည်။

ဇာတ်ခုံပေါ်တွင် ကပြအသုံးတော်ခံနေကြသော ပါဝင်သရုပ်ဆောင် သူများကလည်း ကပြနေဆဲ ပြဇာတ်ကို ခေတ္တမျှရပ်ကာ သမ္မတလင်ကွန်း အား ဦးညွှတ်၍ အလေးပြုလိုက်ကြသည်။ ပြဇာတ်တီးဝိုင်းကလည်း 'ခေါင်းဆောင်ကြီးအား ကြိုဆိုဂုဏ်ပြုပါ၏' (Hail to the Chief) ဟူသော သီချင်းကို ရုတ်တရက် သီဆိုတီးမှုတ်ကာ သမ္မတကြီးအား ဆီးကြိုနှုတ်ဆက် ကြသည်။

သမ္မတလင်ကွန်းသည် 'နိုင်ငံတော် ပွဲကြည့်ဆောင်'ပေါ်မှနေ၍ ပရိသတ်များ၊ ဇာတ်အဖွဲ့သားများနှင့် တီးဝိုင်းသမားများအား ပြန်လည်နှုတ် ဆက်သည့်အနေဖြင့် ဦးညွှတ်လိုက်သည်။ ထို့နောက် နောက်မြီးနှစ်ခွဖြင့်

mgyoe.com

mgyoe.com

ရှည်လျားလှသော ကုတ်အင်္ကျီကြီးကိုချွတ်ကာ အနီရောင်ကတ္တီပါစဖြင့် ဖုံးအုပ်ချုပ်လုပ်ထားသော ကုလားထိုင်ကြီးပေါ်သို့ အိခနဲ့ရရဝင်၍ ထိုင်လိုက်သည်။

ဤတွင် ဇာတ်အဖွဲ့သားများသည် စောစောက ခေတ္တရပ်နားထားခဲ့ကြသော ပြဇာတ်ကို ဆက်လက်ကပြကြသည်။

ဇာတ်ရုံတွင်းတွင် အင်အားကောင်းလှသော မီးရောင်များဖြင့် ထိန်ထိန်သာနေသလို ယနေ့ညအဖို့ရာ၌ သမ္မတလင်ကွန်း၏ မျက်နှာမှာလည်း ကြည်သာရွှင်လန်းနေသည်ဟု ထင်ရသည်။

မှန်သည်၊ လင်ကွန်းသည် ယနေ့တစ်နေ့လုံး စိတ်လက်ချမ်းသာ၍ ခါတိုင်းထက်ပိုပြီး ရွှင်ရွှင်လန်းလန်း ရှိနေခဲ့သည်။ ယင်းသို့ စိတ်အေးချမ်းသာယာလှသဖြင့် ဤဇာတ်ရုံသို့မလာမီ ညနေပိုင်းက ဇနီးဖြစ်သူ မစ္စက်လင်ကွန်းနှင့်အတူ အချိန်အတော်ကြာအောင် မြင်းရထားလျှောက်စီးကာ လေညင်းခံထွက်ခဲ့သေးသည်။ မစ္စက်လင်ကွန်းအဖို့ရာ၌လည်း မိမိခင်ပွန်းဖြစ်သူ လင်ကွန်းအား သမ္မတဖြစ်လာခဲ့သည့်အချိန်မှစ၍ ယနေ့လောက် ပျော်ပျော်ရွှင်ရွှင် ရှိလှသောနေ့ဟူ၍ မတွေ့မမြင်ခဲ့ရဖူးကြောင်းကို သတိထားမိသည်။

စင်စစ်အားဖြင့် လင်ကွန်းသည် ဤနေ့ ဤရက်တွင် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ ဖြစ်နေသည်မှာ မဆန်းလှပေ။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သော ၅ ရက်ခန့်က တောင်ပိုင်း သူပုန်တပ်များ၏ ဗိုလ်ချုပ်ကြီးဖြစ်သူ ဂျင်နရယ်လီကိုယ်တိုင် လက်နက်ချ အညံ့ခံခဲ့ပြီဖြစ်၍ ၄ နှစ်ကျော်မျှ ကြာညောင်းခဲ့ပြီဖြစ်သော ပြည်တွင်းစစ်ကြီးမှာ ယခုအခါ လုံးဝနိဂုံးချုပ်၍ အဆုံးသတ်ခဲ့ပြီဟု ဆိုနိုင်လောက်သောကြောင့်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုကြီး၏ အကြီးဆုံးတာဝန်ကို ထမ်းဆောင်နေရသော လင်ကွန်းအဖို့ အမေရိကန်အမျိုးသား ညီအစ်ကိုများအချင်းချင်း သွေးချောင်းစီးအောင် သတ်ဖြတ်ခဲ့ကြရသော ပြည်တွင်းစစ်ကြီး ပြီးဆုံး၍ အောင်မြင်မှု၊ ငြိမ်းချမ်းမှု၊ ညီညွတ်မှုနှင့် လွတ်လပ်ရေး တည်တံ့ခိုင်မြဲမှုများ စတင်ရရှိလာခဲ့ပြီဖြစ်ရာ အဘယ်မှာလျှင် သာယာရွှင်လန်း စိတ်မချမ်းမြေ့ဘဲ နေနိုင်ပါမည်နည်း။

mgyoe.com

mgyee.com

ထိုသို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိနေသော လင်ကွန်းအား ပို၍ ကြည်လင်ရွှင်ပျစေသော အကြောင်းတစ်ရပ် ဖြစ်ပေါ်ခဲ့သေး၏။ ယင်း အကြောင်းရပ်မှာ အခြားမဟုတ်။ လွန်ခဲ့သောညက အိပ်မက်ကောင်းတစ်ခု မက်ခဲ့ခြင်းပင်ဖြစ်၏။

လင်ကွန်းသည် အဆိုပါအိပ်မက်နှင့် ပတ်သက်၍ နံနက်ပိုင်းက အစိုးရ ကက်ဘိနက်အဖွဲ့ဝင်များကိုပင် ပြန်လည်ပြောပြခဲ့သေးသည်။

"အိပ်မက်ထဲမှာ ကျုပ်ဟာ အင်မတန်ဆန်းကျယ်တဲ့ သင်္ဘောကြီး တစ်စင်းပေါ်မှာ ကျုပ်တစ်ယောက်တည်း ရောက်နေတယ်။ အဲဒီသင်္ဘောကြီး ဟာ မှောင်ကြီးမည်းမည်းထဲမှာ ဘာကိုမှ မမြင်ရတဲ့ ကမ်းခြေကိုဦးတည်ပြီး စက်ကုန်ဖွင့်မောင်းနေတာ တွေ့ရတယ်။ ဒီလိုထူးဆန်းတဲ့ အိပ်မက်မျိုးကို ကျုပ် အရင်ကလည်း မကြာခဏ မက်ခဲ့ဖူးတယ်။ အထူးသဖြင့် တစ်ခုခု ကြီးကြီးကျယ်ကျယ် ဖြစ်တော့မယ်။ အောင်မြင်မှုတစ်ခုခု ရတော့မယ်ဆိုရင် ဒီအိပ်မက်မျိုးကို အရင်ကြိုတင်ပြီး မက်တော့တာပဲ။ အင်တိုင်တမ်တိုက်ပွဲတို့ စတုန်းဘရစ်ချ်တိုက်ပွဲတို့ ပြီးတော့ ဂက်တ်တီစ်ဘတ်နဲ့ ဗစ်ဘတ်တိုက်ပွဲတွေ မှာ ကျုပ်တို့တပ်တွေ အောင်နိုင်ခဲ့တုန်းကလည်း ဒီအိပ်မက်မျိုးကို ကြိုတင် ပြီး မက်ခဲ့ဖူးတယ်"ဟူ၍ လင်ကွန်းက အစိုးရ ကက်ဘိနက်အဖွဲ့ဝင်များကို ပြန်ပြောပြခဲ့သည်။

အထက်ပါ 'ဆန်းကျယ်သော အိပ်မက်'သည် သူ့အတွက် အတိတ် ကောင်း နိမိတ်ကောင်းဟူ၍ပင် လင်ကွန်းက 'အတိတ်ကောက် နိမိတ် ကောက်'ခဲ့၏။ ယခင်အခါများက ဤအိပ်မက်မျိုး မြင်မက်ခဲ့လျှင် 'အောင် မြင်မှုတစ်ခုခု'သော်လည်းကောင်း၊ 'ကြီးကျယ်သော အဖြစ်အပျက်တစ်ခုခု' သော်လည်းကောင်း ပေါ်ပေါက်လာတတ်သည်ဟု လင်ကွန်းက ယုံကြည် ခဲ့၏။ သူ ယုံကြည်ခဲ့ရှာသည့်အတိုင်း ယခုတစ်ကြိမ် ဤဆန်းကျယ်သော အိပ်မက်ကြောင့် 'အောင်မြင်မှုတစ်ခုခု' မရရှိသော်လည်း 'ကြီးကျယ်လှ သော အဖြစ်အပျက်ကြီးတစ်ခု' ဖြစ်ပွားတော့မည်မှာ သေချာနေပြီကို သူ မသိရှာပါတကား။

လင်ကွန်းသည် သူ့အိပ်မက်ပေါ်တွင် ယုံကြည်စွဲလမ်းမှု ကြီးမားလှ သည်ဖြစ်ရာ ရှေ့အဖို့ရာ၌ သူ့ဘဝသည် ယခင်ကကဲ့သို့ အဖုအထစ်

mgyee.com

mgyoe.com

အကွေ့အကောက်များဖြင့် ကြမ်းတမ်းခြင်းမရှိတော့ဘဲ သာယာဖြောင့်ဖြူး နေပေတော့မည်ဟူ၍ပင် ထင်မှတ်ခဲ့ရာသည်။ ဤအထင် ဤအမြင်ဖြင့် သူသည် ညနေက ဇနီးဖြစ်သူနှင့် ရထားစီးထွက်ရင်း ယခုတစ်ကြိမ် မိမိ၏ သမ္မတသက်တမ်း ကုန်ဆုံးသွားခဲ့ပါက တာဝန်ကြီးမားလှသော သမ္မတအဖြစ် နောက်တစ်ကြိမ် အရွေးမခံတော့ဘဲ အိမ်ဖြူတော်မှ အပြီး အပိုင် စွန့်ခွာသွားကြရန် ကြံရွယ်ထားကြောင်းများကို ဇနီးဖြစ်သူအား ပြောပြရှာသေးသည်။ လူရောစိတ်ပါ နားရသည် အားရသည်ဟူ၍ မရှိလှ သော သမ္မတအဖြစ်မှ သက်တမ်းကုန်ဆုံးပြီးနောက် မိမိတို့ ဇနီးမောင်နှံ နှစ်ယောက် ဥရောပတိုက်သို့ဖြစ်စေ၊ သို့မဟုတ် ကာလီဖိုးနီးယား နယ်မြေ သို့ဖြစ်စေ စိတ်ပြေလက်ပျောက် သွားရောက်၍ အနားယူကြမည်။ အနားယူ ရာမှ ပြန်လာခဲ့သော် ချီကာဂိုမြို့တွင် ရှေ့နေလိုက်၍သော်လည်းကောင်း၊ သို့မဟုတ် သူ အင်မတန်ချစ်မြတ်နိုးသော စပရင်းဖီးလ်မြို့ကလေးသို့ ပြန်လာကာ တစ်သက်တာတွင် အေးဆေးစွာ လုပ်ကိုင်စားသောက်ရင်း သူ့ဘဝကို အရိုးထုတ်တော့မည်ဟူ၍ လင်ကွန်းက သူ့နောင်ရေးအတွက် အစီအစဉ်ကို ကြည်လင်ချမ်းမြေ့သော အမူအရာဖြင့် ဇနီးဖြစ်သူအား ပြောပြခဲ့ရှာသေးသည်။

ဤသို့လျှင် တိုင်းပြည်နှင့် လူမျိုးအပေါ်တွင် သူထမ်းဆောင်ခဲ့သော တာဝန်များ ကျေပွန်ပြည့်ဝခဲ့ပြီဟူသော ပီတိဖြင့် ကြည်လင်ရွှင်ပျနေသော သမ္မတလင်ကွန်းသည် သူ၏ နောင်ရေး အစီအစဉ်အရ သမ္မတသက်တမ်း ကုန်ဆုံးသွားလျှင် မထင်မရှား သာမန်အရပ်သားတစ်ယောက်အဖြစ် ကိုယ် ရောစိတ်ပါ ငြိမ်းချမ်းစွာ အနားယူရတော့မည်ဟူသော အတွေးဖြင့် ပြဇာတ် ကို စိတ်အေးလက်အေး ကြည့်ရှုနေခဲ့သည်။

'နိုင်ငံတော် ပွဲကြည့်ဆောင်'တွင် သမ္မတလင်ကွန်းနှင့်အတူ သမ္မတ ကတော် မစ္စက်လင်ကွန်းအပြင် သူမ၏ လက်ယာဘက် ကုလားထိုင်တွင် ဗိုလ်မှူးရသ်ဘုန်း (Major Rathbone) နှင့် အခြားဧည့်သည်တော် အမျိုး သမီးတစ်ဦးဖြစ်သူ မစ္စ ကလဲရာ ဟဲရစ္စ (Miss Clara Harris) တို့သည် လည်း ပွဲကြည့်နေကြသည်။

mgyoe.com

mgyee.com

"ကျွန်ုပ်တို့၏ အမေရိကန် သွေးချင်းသားချင်းများ' ပြဇာတ်မှာလည်း အစီအစဉ်အတိုင်း တစ်ခန်းပြီးတစ်ခန်း ထွက်၍ ဆက်လက်ပြလာခဲ့ရာ နောက်ဆုံး ဇာတ်သိမ်းခန်းသို့ပင် ရောက်လာခဲ့သည်။ ပြဇာတ်မှာ ဟာသဇာတ်မြူးဖြစ်ရာ ဤအခန်းတွင် ဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်သူ လော်ရာကီးန် (Laura Keene) ၏ သဘာဝကျလှသော ဟန်အမူအရာကြောင့် ပရိသတ်များမှာ တဝါးဝါး တဟားဟားဖြင့် ပွဲကျလျက်ရှိနေကြသည်။

ဤအခိုက်အတန့်မှာပင် ဝတ်ကောင်းစားကောင်းများ ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဇာတ်ရုံအတွင်းသို့ ဝင်ရောက်၍ အပေါ်ထပ်ပွဲကြည့်ဆောင်သို့ နံဘေးလှေကားမှတစ်ဆင့် တက်သွားသည်ကို ပရိသတ်အချို့က အမှတ်မထင် မြင်လိုက်ကြရသည်။

သူကား... အခြားသူမဟုတ်။ လင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရန် ယုတ်မာသော အကြံအစည်ဖြင့် ဝီစကီသောက်ကာ ရဲဆေးတင်လာသော ဘုသ်ပင်တည်း။

ဘုသ်သည် အပေါ်ထပ် စင်္ကြံလမ်းကလေးအတိုင်း ဟန်မပျက် လျှောက်လာခဲ့သည်။

ထူးခြားအံ့သြဖွယ်ကောင်းသည်နှင့်အမျှ ဘုသ်အတွက် အဆင်ပြေစရာ ဖြစ်နေသည်မှာ စင်္ကြံလမ်းကလေးတစ်လျှောက်တွင် အစောင့်အကြပ်ဟူ၍ တစ်ယောက်တလေမျှ မတွေ့ရခြင်းပင်ဖြစ်၏။

ထို့ထက်ပို၍ အံ့သြစရာနှင့် စိတ်ဝင်စားစရာကောင်းသော အဖြစ်မှာ သမ္မတလင်ကွန်းတို့ ပွဲကြည့်နေသော အဆောင်အဝင်ဝ တံခါးအနီးတွင် ရှိနေရမည့် အစောင့်ရဲသားမှာလည်း ထိုအချိန်တွင် အရိပ်အယောင်မျှ မမြင်မတွေ့ရဘဲ သူ့အတွက် ချထားသော ကုလားထိုင်အလွတ်တစ်လုံးကိုသာ တွေ့မြင်ရခြင်းဖြစ်၏။

အဘယ့်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

ထိုနေ့ညအဖို့ သမ္မတပွဲကြည့်ဆောင် အဝင်ဝတွင် တာဝန်ကျသူမှာ ဝါရှင်တန် ရဲအဖွဲ့မှ ရဲသား ဂျွန်ပတ်ကား (John Parker) ဆိုသူဖြစ်၏။

mgyee.com

mgyoe.com

သူသည် ထိုနေ့ညက လူသတ်မား ဘုသ် ရောက်လာချိန်တွင် မည်သည့် အကြောင်းကြောင့် သူတာဝန်ကျရာ ပွဲကြည့်ဆောင်အဝတွင် မရှိဘဲဖြစ်နေ ရပါသနည်း။ တာဝန်ချထားသောနေရာတွင် မနေဘဲ အခြားမည်သည့် နေရာသို့ ရောက်ရှိနေပါသနည်း။

အထက်ပါမေးခွန်းများကို မည်သူတစ်ဦးတစ်ယောက်မျှ တိတိကျကျ အဖြေမပေးနိုင်သော်လည်း တာဝန်ကျရဲသား ဂျွန်ပတ်ကားနှင့် ပတ်သက်၍ မူ သူသည် အထက်အမိန့်ကို မနာခံခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ အလုပ်တာဝန် ဝတ္တရားကျနေချိန်တွင် အရက်သေစာများ သောက်စားမူးရစ် တတ်ခြင်းစသော ပြစ်မှုများ ယခင်က မကြာခဏ ကျူးလွန်တတ်ကြောင်း ဖြင့် ဝါရှင်တန်ရဲအဖွဲ့ မှတ်တမ်းတွင် တွေ့ရှိရ၏။

မည်သို့ပင်ဖြစ်စေ သမ္မတပွဲကြည့်ဆောင်အဝတွင် မည်သူတစ်ဦး တစ်ယောက်မျှ မတွေ့ရဘဲ လူသူကင်းရှင်းနေခြင်းသည် ဘုသ်အတွက် အကွက်ကောင်းပင်ဖြစ်၏။

ဘုသ်သည် ခြေထောက်ကို ခပ်ဖော့ဖော့နင်းကာ အစောင့်ရဲသားမရှိ ဘဲ လွတ်နေသော ကုလားထိုင်အနီးမှဖြတ်၍ ပွဲကြည့်ဆောင်နှင့် စင်္ကြံ လမ်းကလေးကို ကာထားသော နံရံအနီးသို့ ကပ်လာခဲ့သည်။ ထိုနောက် ညနေဘက်က သူကိုယ်တိုင် တိတ်တဆိတ်လာပြီး မသိမသာ ဖောက်ထား သော အပေါက်ကလေးမှနေ၍ ပွဲကြည့်ဆောင်အတွင်းသို့ ချောင်းကြည့်လိုက် သည်။

ဘုသ်သည် သမ္မတလင်ကွန်းအား ကုလားထိုင်ပေါ်တွင် အထင်အရှား တွေ့မြင်ရသည်။ လင်ကွန်း၏ ပခုံးပေါ်တွင် ကုတ်အင်္ကျီရှည်ကြီး တင်ထား သည်ကိုလည်း သတိပြုမိသည်။

ဘုသ်သည် ကိုယ်အနေအထားကို အနည်းငယ်ပြောင်းရွှေ့ကာ ပွဲ ကြည့်ဆောင်အတွင်း အခြားမည်သူမည်ဝါ ရှိသေးသည်ကို တစ်ဖန်ထပ်မံ၍ ချောင်းကြည့်လိုက်ပြန်သည်။ သမ္မတ၏ ဘေးဘက်တွင်ထိုင်နေသော သမ္မတကတော် မစ္စက်လင်ကွန်းနှင့်တကွ ဧည့်သည်တော် မစ္စကလဲရာ ဟဲရစ္စနှင့် ဗိုလ်မှူးရယ်ဘုန်းတို့ကိုပါ မြင်ရသည်။

mgyoe.com

mgyoe.com

ဘုသ်သည် ချောင်းကြည့်နေသောအပေါက်မှ ရုတ်တရက် ကိုယ်ကို ခွာလိုက်ပြီးနောက် တစ်စုံတစ်ခုသော အချိန်းအချက်ကို စောင့်သလို ခေတ္တမျှ ရပ်စောင့်လိုက်သေးသည်။

ထိုအခိုက် အောက်ထပ် ပွဲခင်းထဲမှ ပရိသတ်ကြီး၏ တဝါးဝါး တဟားဟားဖြင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်ကြသည့် အသံသည် အပေါ်ထပ်သို့ လျှံ၍တက်လာသည်ကို ကြားလိုက်ရသည်။

ဤရယ်မောသံကြီး မဆုံးသေးမီပင် ဘုသ်သည် ပွဲကြည့်ဆောင်အဝင် တံခါးရွက်တွင် တပ်ဆင်ထားသော လက်နှိပ်ဘုကလေးကို ညင်ညင်သာသာဖြင့် ခပ်အုပ်အုပ်ကလေးဖိကာ တံခါးကိုတွန်းဖွင့်ရင်း ဝင်ရင်းဖြင့်ပင် ပွဲကြည့်ဆောင်တွင်းသို့ ဖြုတ်ခနဲဝင်လိုက်သည်။

ချက်ချင်းဆိုသလိုပင် ဘုသ်၏ လက်ျာဘက် လက်ထဲတွင် အဆင်သင့်ကိုင်လာသော သေနတ်ပြောင်းဝမှ လက်ခနဲ အရောင်ထွက်ကာ ဒိုင်း ခနဲမြည်သွားခဲ့သည်။

လင်ကွန်း၏ ဦးခေါင်းသည် ရှေ့တည့်တည့် ရင်ဘတ်ပေါ်သို့ ငိုက်ကျသွားသည်။

ဗိုလ်မှူးရသ်ဘုန်းသည် ရုတ်တရက် အံ့အားသင့်ကာ မှင်တက်မိသလိုဖြစ်သွားသည်။ ထို့နောက် ချက်ချင်းဆိုသလိုပင် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ရာ သမ္မတ၏ ကုလားထိုင်နောက်တွင် ဘုသ်ကို မြင်လိုက်ရသည်။ ဘုသ်၏ လက်ထဲတွင် ကိုင်ထားသော သေနတ်ပြောင်းဝမှ ယမ်းငွေ့တန်းကလေးသည် သမ္မတလင်ကွန်း၏ ဦးခေါင်းပေါ်တွင် ဝေ့နေဆဲပင် ရှိသေးသည်။

ရသ်ဘုန်းသည် လျှပ်တစ်ပြက်အတွင်း ဘုသ်ကို ကျားအုပ်သလို လှမ်း၍ ခုန်အုပ်လိုက်သည်။ သို့သော် အစစအရာရာ အဆင်သင့်ဖြစ်နေသော ဘုသ်က အခြားလက်တစ်ဖက်တွင် အသင့်ကိုင်ထားသော ဓားမြှောင်ဖြင့် တွက်လိုက်ရာ ရသ်ဘုန်းမှာ လက်မောင်းတွင် ဒဏ်ရာတစ်ချက်ထိပြီး သွေးများ ဖြာခနဲကျလာသည်။

ရသ်ဘုန်းသည် ဒဏ်ရာကို သတိမထားနိုင်သေးဘဲ နောက်သို့ ခြေတစ်လှမ်းမျှဆုတ်ပြီး ဒုတိယအကြိမ် ဝင်အုပ်ပြန်ရာ ဤတစ်ကြိမ်တွင်မူ

mgyoe.com

mgyoe.com

ဘုသ်ကလည်း ရှသ်ဘုန်းအား နပန်းလုံးသလို ပြန်၍လုံးတော့သည်။ နှစ်ယောက်သား ထွေးလုံးရစ်ပတ်ဖြစ်နေကြရာမှ ဘုသ်သည် ရှန်းရင်ကန်ရင်းဖြင့် ပွဲကြည့်ဆောင်ဝရန်တာ လက်ရမ်းပေါ်သို့တက်ရန် ကြိုးစားသည်။ ရှသ်ဘုန်းကလည်း ရှိသမျှခွန်အားကို အစွမ်းကုန်ဖျစ်ညှစ်ကာ ဘုသ်ကို မလွှတ်တမ်း ချုပ်ကိုင်ထားသည်။ သို့သော် ဘုသ်၏ ခြေထောက်တစ်ဖက်မှာ ဝရန်တာလက်ရန်းပေါ်သို့ပင် ရောက်နေပြီဖြစ်ရာ သူသည် ရှသ်ဘုန်း၏ လက်ထဲမှ တအားကုန်ဆောင့်၍ ရုန်းထွက်ပြီး ဝရန်တာလက်ရန်းပေါ်မှ ကိုယ်ကို လိမ့်ကာ အောက်သို့ခုန်ချလိုက်သည်။

ဘုသ်သည် မြင်းစီးဖိနပ်ကို စီးလာခဲ့သည်ဖြစ်ရာ လက်ရန်းပေါ်မှ ကျော်၍ ခုန်ချရာ၌ ဖနောင့်တွင် တပ်ဆင်ထားသော သံချွန်သည် ဝရန်တာရှေ့ဘက်တွင် ကာရံထားသော အလံစဖြင့်ငြိပြီး ဖြူ–နီ–ပြာ သုံးရောင်ချယ်အလံသည် ဖြန်းခနဲစုတ်ပြဲသွားသည်။ ဘုသ်မှာလည်း စုတ်ပြဲသွားသော အလံစဖြင့် ရစ်ပတ်လုံးထွေးကာ အောက်ဘက် ဇာတ်ခုံပေါ်သို့ ကိုးရိုးကားရား ကျသွားရာ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ် အထက်နားဆီမှ ျမက်ခနဲ ဖြစ်သွားသည်ကို သတိထားလိုက်မိသည်။

ဘုသ်က လင်ကွန်းအား သေနတ်ဖြင့် ပစ်လိုက်သည့်အချိန်မှ အောက်ထပ်ဇာတ်ခုံပေါ်သို့ ဘုသ် ကျသွားသည့်အချိန်အထိ ဖြစ်ပွားခဲ့သော အဖြစ်အပျက်မှာ စာဖြင့်ရေးပြနေသဖြင့် ကြာလှသည်ဟု ထင်ရသော်လည်း တကယ်ဖြစ်ပွားရာ၌မူ အချိန်တစ်မိနစ်မျှပင်မကြာဘဲ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အောက်ထပ်ပွဲခင်းထဲမှ ပွဲကြည့်နေကြသူများမှာ သေနတ်သံတစ်ချက်ကြားလိုက်ရပြီး ချက်ခြင်းဆိုသလို ပွဲကြည့်ဆောင်ပေါ်မှ လူတစ်ယောက်ဇာတ်ခုံပေါ်သို့ ကျလာသည်ကို မြင်ကြရသည်။ သို့သော် ဤသေနတ်သံနှင့် ဤလူဇာတ်ခုံပေါ်သို့ ကျလာခြင်းမှာ ကပြနေသောဇာတ်မှ အခန်းတစ်ခန်းဟူ၍ပင် ထင်မှတ်နေမိကြသည်။

. ထို့နောက် ပွဲကြည့်ဆောင်ပေါ်မှ စူးစူးဝါးဝါး ငယ်သံပါအောင် အော်လိုက်သော အမျိုးသမီးတစ်ယောက်၏ အသံနှင့်အတူ ဝရန်တာတွင် လက်မောင်းတစ်ဖက်၌ သွေးရဲရဲသံရဲရဲဖြင့် ဗိုလ်မှူးရှသ်ဘုန်း ပေါ်လာပြီး

mgyoe.com

mgyoe.com

ဗိုလ်မှူးကိုယ်တိုင်က 'အဲဒီလူကို ဖမ်းကြပါ၊ ဝိုင်းဖမ်းကြပါ၊ ဒီလူ သမ္မတကြီးကို သတ်သွားပါပြီ' ဟူ၍ အော်တော့မှ ဇာတ်ရုံတစ်ခုလုံး ဝုန်းခနဲ လန့်ဖျပ်ကာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။

ပရိသတ်အားလုံး ထိုင်ရာမှ ဗြုန်းခနဲထကာ ရုတ်တရက် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားကြသည်။ အချို့ကလည်း ကြောက်အားလန့်အားဖြင့် ရုံပေါက်ဆီသို့ အတင်းတရကြမ်း တိုးဝှေ့ထွက်ကြရာ အချင်းချင်း တိုက်မိခိုက်မိ၍ တစ်ယောက်အပေါ်တစ်ယောက်ထပ်ကာ လဲကြ ကွဲကြသူများ၊ တစ်ယောက်အပေါ် တစ်ယောက် တက်နင်းမိကြသူများဖြင့် ကမ္ဘာပျက်သလို ပွက်လောရိုက်သွားကြသည်။ အထူးသဖြင့် အမျိုးသမီးများ၏ ကြောက်အားလန့်အားဖြင့် အော်သံ ခေါ်သံများနှင့် လူကြီးများ ဆောက်တည်ရာမရ ဖြစ်နေကြသည်ကိုကြည့်ကာ ဘုမသိ ဘမသိ ထိတ်လန့်တကြား အော်ဟစ်ငိုယိုကြသော ကလေးများ၏ ဆူးဆူး ဝါးဝါး အသံများမှာ ဇာတ်ရုံတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ပွက်ပွက်ညံနေတော့သည်။

'သမ္မတလင်ကွန်းကို တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်သွားပြီ'ဟူသော အဖြစ်ဆိုးကြီးကို တိတိကျကျ သိသွားကြသူများကလည်း စိတ်ကို မထိန်းနိုင်ကြတော့ဘဲ အော်ဟစ်ဆဲဆိုကာ ထိုင်ခုံများ လက်တန်းများကို ရိုက်ချိုးဖျက်ဆီးကြတော့သည်။ အချို့ကလည်း ဇာတ်ခုံပေါ်သို့ အလုအယက် သူ့ထက်ငါ ပြေးတက်သူကတက် ဆွဲချသူကချဖြင့် သွေးရူးသွေးတန်းဖြစ်ကာ ထင်ရာလျှောက်လုပ်ကြတော့သည်။ အချို့ကမူ 'လူသတ်ကောင်ကို ကြိုးပေးပြီး သတ်ပစ်ရမယ်၊ သေနတ်နဲ့ပစ်သတ်ရမယ်' ဟူ၍လည်းကောင်း၊ အချို့ကလည်း 'ဒီဇာတ်ရုံကြီးကိုပါ မီးရှို့ပစ်'ဟူ၍ လက်သီးလက်မောင်းတန်းကာ အော်နေကြသည်။

လူသတ်သမား ဘုသ်မှာ ဇာတ်ခုံပေါ်သို့ ခုန်ချ၍ ကိုးရိုးကားယားဖြင့် ကျလာပြီးနောက် ပရိသတ်များ ရုတ်ရုတ်သဲသဲ မဖြစ်မီကလေးတွင် လက်ထဲမှ ဓားမြှောင်ကို ကိုင်လျက်သားဖြင့် ကားလိပ်ကြားထဲသို့ ဝင်ပြေးခဲ့သည်။

mgyoe.com

mgyoe.com

သူဝင်ပြေးလာသည့် ကားလိပ်ကြားထဲတွင် ဇာတ်ဆောင်အမျိုးသမီး တစ်ယောက်သည် သူမ အလှည့်ကျလျှင် အဆင်သင့်ထွက်ရန် စောင့်နေ ခိုက်ဖြစ်ရာ ဘုသ်သည် လက်ထဲမှ ဓားမြှောင်ဖြင့် ထိုအမျိုးသမီး၏ နံဘေး ဆီသို့ တစ်ချက်တွက်ခဲ့ပြီးနောက် ဇာတ်ရုံထွက်ပေါက်ရှိရာသို့ တစ်ဟုန်ထိုး ပြေးလာခဲ့သည်။

တဖန် လမ်းခုလတ်တွင် တီးဝိုင်းခေါင်းဆောင်နှင့် မျက်နှာချင်းဆိုင် တွေ့ပြန်ရာ ဘုသ်သည် သူ့အား ရန်မူလိမ့်မည်ဟူသော အထင်ဖြင့် ထိုတီးဝိုင်းခေါင်းဆောင်ကိုလည်း ဓားမြှောင်ဖြင့် နှစ်ချက်ဆင့်ထိုးကာ တွန်းလှဲပစ်ခဲ့သည်။

ထို့နောက် ဘုသ်သည် ဇာတ်ရုံ နောက်ဖေးပေါက်မှ ထွက်ပြေးလာခဲ့ပြီး လမ်းကြားတစ်ခုထဲသို့ ရောက်သွားသည်။ နောက်ဖေးလမ်းကြား ကလေးထဲတွင်မြင်းတစ်ကောင်ကိုဆွဲကာအသင့်စောင့်နေသောလူတစ်ယောက် ကို တွေ့ရသည်။

ဤမြင်းမှာ ညနေဘက်က သူကိုယ်တိုင် မြင်းစောင်းသို့သွား၍ စိတ်ကြိုက်ကိုရွေးကာ ငှားလာခဲ့သော မြင်းမကလေးပင်ဖြစ်သည်။ ဤမြင်း ကို ခပ်စောစောကပင် အစောင့်သူငယ်တစ်ယောက်လက်သို့အပ်ကာ ဤ နောက်ဖေးလမ်းကြားမှ အဆင်သင့်စောင့်နေရန် မှာကြားထားခဲ့ခြင်းဖြစ် လေသည်။

မြင်းစောင့်နေရသော သူငယ်ကလေးသည် ဘုသ်ကို မြင်လျှင် မြင်ချင်း ဘုသ်ထံမှ အပို 'ဘောက်ဆူး' များထပ်၍ ရတော့မည်ဟု ယူဆ ကာ အားရဝမ်းသာဖြင့် မြင်းဇက်ကြိုးကိုကိုင်ရင်း ဘုသ်ကို ကြည့်နေခဲ့ သည်။

သို့သော် နိုင်ငံတော်၏ အထွတ်အထိပ်ဖြစ်သော သမ္မတတစ်ယောက် လုံးကို သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး သေပြေးရှင်ပြေး ပြေးလာခဲ့ရသော ဘုသ် သည် မြင်းစောင့်သူငယ်ကလေးအား နောက်ထပ် ဘောက်ဆူးမပေးရုံမျှမက ရင်ဘတ်ကိုပင် ထိုဓားမြှောင်ရိုးဖြင့် တစ်ချက်ပစ်ဆောင့်ကာ တွန်းလှဲပစ် ပြီး မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

mgyoe.com

mgyoe.com

ထိုအခိုက် ဇာတ်ရုံပေါက်ဝသို့ လူတစ်ယောက် ပြေးထွက်လာပြီး ဘုသ်ကို မြင်သည်နှင့်တစ်ပြိုင်နက် "အဲဒီလူကို ဖမ်းကြပါ၊ ဖမ်းကြပါ" ဟူ၍ အော်ရင်းပြေးရင်း ဘုသ်ရှိရာသို့ ပြေးလာသည်။

အနားသို့ရောက်သည်နှင့် တစ်ပြိုင်နက် ထိုသူသည် ဘုသ်စီးလာသောမြင်း၏ ဇက်ကြိုးကို ခုန်၍လှမ်းဆွဲလိုက်သည်။ သို့သော် မမီလိုက်။

ဘုသ်သည် မြင်းစီးဖိနပ်မှ သံချွန်ဖြင့် မြင်းနံဘေးကို တစ်ချက်မျှ ဆောင့်လိုက်သည်။ အလိုက်သိလှသော မြင်းမကလေးသည် လွှားခနဲခုန်၍ တစ်ဟုန်ထိုး ပြေးထွက်သွားရာ မှုန်မွှားသော လရောင်အောက်တွင် မြင်းရော လူပါ ခဏချင်း ပျောက်ကွယ်သွားတော့သတည်း။

❐

mgyoe.com

mgyoe.com

# သမ္မတလင်ကွန်း၏နောက်ဆုံးနေ့ရက်

ဘုသ် ပစ်လိုက်သော သေနတ်ကျည်ဆန်သည် သမ္မတလင်ကွန်း၏ လက်ဝဲဘက် နားရွက်အောက်နားမှနေ၍ ဦးနှောက်ကို ကန့်လန့်ဖြတ် ဖောက်ထွင်းကာ လက်ယာဘက်မျက်စိနှင့် လက်မဝက်ခန့်ကွာထိအောင် ရောက်ရှိသွားခဲ့သည်။

တော်ရုံတန်ရုံ ကျန်းမာရေးကောင်းသူတစ်ယောက်သာဆိုလျှင် ဤမျှ ပြင်းထန်သော ဒဏ်ရာဖြင့် နေရာတွင်ပင် ပွဲချင်းပြီး အသက်ထွက်သွားမည် ဖြစ်သည်။ သို့ရာတွင် သမ္မတလင်ကွန်းမှာ အရပ်ရှည်ပြီး ကိုယ်ကာယ ထွားကျိုင်းသလောက် ကျန်းမာရေး အထူးကောင်းမွန် တောင့်တင်းသူတစ် ယောက်ဖြစ်ရာ ဦးနှောက်ကို ကျည်ဆန် ဖောက်ထွင်းသွားသည့်တိုင်အောင် ရတ်တရက် အသက်မသေဘဲ ညည်းကာညူကာနှင့် ရှိနေသေးသည်။

မစ္စက်လင်ကွန်းမှာလည်း ဘယ်သောအခါမှ ဖြစ်ပွားလိမ့်မည်ဟူ၍ မျှော်လင့်မထားသော အဖြစ်ဆိုးကြီးနှင့် ရတ်တရက် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကြုံတွေ့လိုက်ရသဖြင့် အကြီးအကျယ် တုန်လှုပ် ချောက်ချားကာ ထိတ်လန့်တကြား ဖြစ်ရသည်နှင့်အမျှ မိမိ၏ မျက်စိအောက် တွင် ချစ်လင်တစ်ယောက်လုံး ဦးခေါင်းတွင် သေနတ်ဒဏ်ရာဖြင့် သေလုမြော ပါး ဖြစ်နေသည်ကို မကြည့်ရက် မမြင်ရက်နိုင်ဘဲ တက်မတတ် ချက်မတတ် ဖြစ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေမိရှာသည်။

mgyoe.com

mgyoe.com

ထိုအခိုက် ကမ္ဘာပျက်သည့်အလား ရုတ်ရုတ်သဲသဲဖြစ်နေသော အောက်ထပ် ပွဲခင်းထဲသို့ ပြည်ထောင်စု တပ်မတော်သားများသည် လှံစွပ် တပ်ထားသော သေနတ်များတကားကားဖြင့် ရောက်ရှိလာကြသည်။ တပ်မတော်သားများသည် ဖို့ဒ်ဇာတ်ရုံကို ဝိုင်းသူကဝိုင်း၍ အချို့က ဇာတ်ရုံထဲသို့ ဝင်ရောက်ကာ ဝရုန်းသုန်းကားဖြစ်နေသော ပရိသတ်ကို ရုံပြင်သို့ မောင်းထုတ်ကြသည်။

အချင်းချင်း အော်သံခေါ်သံများ၊ လူသတ်သမားအပေါ်တွင် ဒေါသဖြင့် ဆဲဆိုကြိမ်းမောင်းသံများနှင့် ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုကြွေးမည်တမ်းကြသည့် အသံများအကြားတွင် "ထွက်ကြ–ထွက်ကြ၊ ဒီထဲမှာ ဘယ်သူမှ မနေကြနဲ့၊ အားလုံး အပြင်ထွက်ကြ"ဟူသော စစ်သားများ၏ အော်ဟစ်ငေါက်ငမ်းသံများမှာ ဇာတ်ရုံတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ် နေတော့သည်။

ဤအတောအတွင်း ပွဲခင်းထဲတွင် ပွဲလာကြည့်ကြသော ပရိသတ်များထဲမှ ဆရာဝန်ကြီးများသည် သက်ဆိုင်ရာမှ ခေါ်ယူသဖြင့် အပေါ်ထပ် ပွဲကြည့်ဆောင်ပေါ်သို့ ရောက်လာပြီး သမ္မတလင်ကွန်း၏ ဒဏ်ရာကို စစ်ဆေးကြည့်ရှုကြသည်။

ဒဏ်ရာမှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးနှောက်ကို ကျည်ဆန်ဖောက်သွားခြင်းဖြစ်ရာ လုံးဝမျှော်လင့်ချက်မရှိတော့ဘဲ ဖြစ်နေသည်ကို တွေ့ကြရသည်။ အကယ်၍ လင်ကွန်းအား သမ္မတနေထိုင်ရာ "အိမ်ဖြူတော်" သို့ မြင်းရထားဖြင့် ပြန်လည်တင်ဆောင် ခေါ်ယူသွားပါက ကျောက်စရစ်ခဲများ ခင်းထားသောလမ်းပေါ်တွင် မြင်းရထားဖဆောင့်သဖြင့် အိမ်ဖြူတော်မရောက်မီ လမ်းခုလတ်တွင်ပင် အသက်ပျောက်သွားမည်မှာ သေချာသည်။

သို့ဖြစ်ရာ ဆရာဝန်ကြီးများ၏ အကြံပေးချက်အရ ဇာတ်ရုံနှင့်အနီးဆုံး အိမ်တစ်အိမ်သို့ သယ်ဆောင်သွားရန် စီစဉ်ကြရသည်။

သို့နှင့်ပင် စစ်သားလေးယောက်တို့သည် သေနတ်ဒဏ်ရာဖြင့် အသက်ထွက်လုဆဲဆဲ လုံးဝသတိလစ်နေသော လင်ကွန်းအား ချိုင်းမှ

mgyoe.com

mgyoe.com

နှစ်ယောက် ခြေထောက်မှ နှစ်ယောက်မကာ ဇာတ်ရုံပြင်ဘက်သို့ ညင်သာစွာ သယ်ဆောင်လာကြရသည်။ ဇာတ်ရုံပြင်ဘက်သို့ရောက်သော် ဇာတ်ရုံနှင့် ကပ်နေသော လမ်းကိုဖြတ်၍ အနီးဆုံးအိမ်တစ်အိမ်သို့ သယ်ဆောင်ခဲ့ကြသည်။

အဆိုပါအိမ်ကလေးမှာ အပ်ချုပ်သမားတစ်ယောက်၏ အိမ်ဖြစ်၍ လောလောဆယ် ဈေးပေါပေါဖြင့် အိပ်ခန်းဖွင့်ကာ ငှားစားနေသောအိမ်ကလေးပင် ဖြစ်သည်။

သမ္မတလင်ကွန်းအား ထိုသို့ စစ်သားလေးယောက်က သယ်ယူခေါ်ဆောင်လာရာ၌ သူ့ဦးခေါင်း သေနတ်ဒဏ်ရာမှ သွေးစက်များမှာ ဇာတ်ရုံထဲတွင်လည်းကောင်း၊ လမ်းပေါ်တွင်လည်းကောင်း တစ်စက်တစ်စက်ကျလာခဲ့သည်။ ဤတွင် လင်ကွန်းကို ချစ်မြတ်နိုး၍ ကြည်ညိုလေးစားကြသော ယောကျ်ား၊ မိန်းမများသည် အဆိုပါသွေးစက်များကို မိမိတို့လက်ကိုင်ပဝါများဖြင့် တို့ယူထားကြသည်ကို တွေ့ရသည်။

လူသတ်သမားတစ်ယောက် လက်ချက်ဖြင့် အသက်ဆုံးရှုံးအံ့ဆဲဆဲဖြစ်နေသော သမ္မတလင်ကွန်း၏ ဦးခေါင်းမှ သွေးစက်တို့ဖြင့် ပေကျံနေသည့် ဤလက်ကိုင်ပဝါများသည် ၎င်းတို့အဖို့ အသက်ထက်ဆုံး အမှတ်တရအဖြစ် အမြဲတမ်း သိမ်းဆည်းထားရမည့် ပစ္စည်းများဖြစ်သလို နောင်နှစ်ပေါင်းတစ်ရာ နှစ်ရာကြာသောအခါ "ဤသွေးစွန်းသော လက်ကိုင်ပဝါများ" သည် တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင်ပစ္စည်းများ ဖြစ်လာကြမည် မဟုတ်ပါလော။

ဇာတ်ရုံရှေ့တွင် ပိတ်ဆို့နေသော လူအုပ်ကြီးကို မြင်းစီးတပ်သားများက ရှေ့မှ လမ်းရှင်းဖယ်ရှားပေးကြ၍ စစ်သားလေးယောက်က လင်ကွန်းအား အထက်ပါအတိုင်း ရှေ့နှစ်ယောက် နောက်နှစ်ယောက်မကာ လမ်းတစ်ဖက်မှ အိမ်ကလေးအတွင်းသို့ သယ်ယူလာခဲ့ကြသည်။ ထိုအိမ်ခန်းတွင်း ထောင့်တစ်ထောင့်တွင်ရှိနေသော ခုတင်တစ်လုံးပေါ်သို့ အလိုက်သင့်ချထားကြသည်။ ဈေးပေါပေါဖြင့် အငှားချစားနေသော တည်းခိုအိမ်ကလေးဖြစ်သည့်အလျှောက် အခန်းကလေးမှာ အလျား ၁၇ ပေ၊ အနံ ၉ ပေမျှ

mgyoe.com

mgyoe.com

သာရှိ၍ ကျဉ်းမြောင်းလှသည်။ ခုတင်ကလေးမှာလည်း အတော်အတန် ဟောင်းနွမ်းနေပြီး အလယ်မှ ခွက်နေသည်ဖြစ်ရာ လင်ကွန်း၏ ကိုယ်ခန္ဓာမှာ ခုတင်ပေါ်တွင် ညွှတ်ကျနေသည်ဟု ထင်ရသည်။

လင်ကွန်းမှာ အရပ်အမောင်းကောင်းလှ၍ ခြေတံရှည်လှသူဖြစ်ရာ သူ့အရပ်နှင့် ခုတင်ကလေးမှာ မမျှအောင်ဖြစ်နေ၍ သူ့ခြေထောက်များမှာ ခုတင်ခြေရင်းဘက်တွင် တစ်ပေနီးပါးမျှ အစွန်းထွက်နေသည်။

အိမ်ခန်းကလေး၏ အလယ်တည့်တည့် မျက်နှာကြက်တွင် ဓာတ်ငွေ့အားဖြင့် ထွန်းထားသည့် ဝါကျင့်ကျင့် မီးအိမ်တစ်ခုရှိသည်။ လင်ကွန်းလဲလျောင်းနေသော ခုတင်မှာ အခန်းထောင့်တွင်ဖြစ်နေရာ အနည်းငယ်မှောင်ရိပ်ကျနေသဖြင့် ခုတင်ကို မီးရောင်အောက်သို့ တွန်း၍ ရွှေ့ကြရသည်။

ယင်းသို့ မျှော်လင့်ချက်ကင်းမဲ့နေပြီဖြစ်သော သမ္မတလင်ကွန်းအတွက် ကြေကွဲသောနှလုံး ယူကြုံးမရသော စိတ်ဓာတ်တို့ဖြင့် ပြင်ဆင်လုပ်ကိုင်နေကြသည့် အချိန်မှာပင် ဤတည်းအိမ်မှ ဤအိပ်ခန်းကလေးအတွင်းသို့ နောက်ထပ် ပိုမိုတုန်လှုပ်ချောက်ချားဖွယ်ရာ ဆိုးဝါးရက်စက်လှသည့် သတင်းများ ထပ်မံရောက်ရှိလာပြန်သည်။

ယင်းသတင်းများကား အခြားမဟုတ် သမ္မတလင်ကွန်းအား ဖို့ဒ်ဇာတ်ရုံထဲတွင် လုပ်ကြံခဲ့သည့်အချိန်နှင့် တစ်ချိန်တည်း တစ်ပြိုင်နက်တည်းလိုပင် အခြားလူသတ်သမားများက ဒုတိယသမ္မတဖြစ်သူ အင်ဒရူးဂျွန်ဆင် (Andrew Johnosn) နှင့် ပြည်ထဲရေးဝန်ကြီးဖြစ်သူ ဝီလျံဆီးဝါ့ (William Seward) တို့အား လုပ်ကြံသတ်ဖြတ်လိုက်ကြပြီဟူသော သတင်းဆိုးကြီးများပင်ဖြစ်သည်။

ဤအချိန်တွင် လင်ကွန်းအား ရွှေ့ပြောင်းထားသည့် တည်းခိုအိမ်ကလေးသို့ ကာကွယ်ရေးဝန်ကြီး အက်ဒွင်စတင်တွန် (Edwin Stanton) ရောက်ရှိနေပြီဖြစ်ရာ စတင်တွန်သည် လူသတ်သမားများက လင်ကွန်း အပါအဝင် မိမိတို့ အစိုးရတစ်ဖွဲ့လုံးအား စနစ်တကျ ပြင်ဆင်၍ လုပ်ကြံကြခြင်းဖြစ်သည်ဟု ယူဆလိုက်သည်။

သို့နှင့်ပင် သူသည် အစိုးရအဖွဲ့၏ အာဏာကိုသုံးကာ ဤအိပ်ခန်းကလေးအတွင်း အသက်ပျောက်လုဆဲဆဲဖြစ်နေသော သမ္မတလင်ကွန်း၏

mgyoe.com

mgyoe.com

အိပ်ရာနံဘေးမှပင် အရေးပေါ်အမိန့်များကို တစ်ခုပြီးတစ်ခု ချက်ခြင်းရေး၍ ချက်ခြင်းထုတ်ခဲ့သည်။ အခြေအနေမှာ အမေရိကန်ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် သေရေးရှင်ရေးဖြစ်လာနေပြီဖြစ်ရာ စတင်တွန်သည် စားရေးစားပွဲကိုပင် မသုံးတော့ဘဲ သူ၏ဦးထုပ်ရှည် (Top Hat) ကို ပေါင်ပေါ်တင်၍ ထိုဦးထုပ်ပေါ်တွင်ပင် အရေးပေါ်အမိန့်များကို သူ့လက်ရေးဖြင့် ကိုယ်တိုင်ရေး ကိုယ်တိုင်လက်မှတ်ထိုးကာ တစ်ခုပြီးတစ်ခု ထုတ်ခဲ့သည်။

အဆိုပါ အရေးပေါ်အမိန့်များတွင် သူနှင့်တကွ လုပ်ဖော်ကိုင်ဖက် အစိုးရအဖွဲ့ဝင်များ၏ နေအိမ်များကို စစ်တပ်ဖြင့်ဝိုင်း၍ ချက်ချင်းအကာအကွယ် အစောင့်အရှောက်များ ချထားရန်၊ သမ္မတလင်ကွန်း လုပ်ကြံခံခဲ့ရသော ဖို့ဒ်ဇာတ်ရုံမှ ဇာတ်ရုံပိုင်ရှင် မန်နေဂျာနှင့်တကွ အလုပ်သမားများ ဇာတ်အဖွဲ့ဝင်များအားလုံး တစ်ယောက်မကျန် ဖမ်းဆီးရန်နှင့် ဇာတ်ရုံကြီးကိုပါ အစိုးရက ချက်ချင်းသိမ်းရန် စသည်တို့ပါဝင်သည်။

တစ်ချိန်တည်းတွင် စတင်တွန်သည် ဝါရှင်တန်မြို့ကြီး တစ်မြို့လုံးကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြေညာ၍ ကိုလံဘီယာပြည်နယ်တစ်ခုလုံးရှိ စစ်သားများနှင့် ရဲအဖွဲ့ဝင်များအားလုံးကို ဝါရှင်တန်သို့ ဆင့်ခေါ်လိုက်သည်။ အမေရိကန်ပြည်ထောင်စုတစ်ခုလုံးရှိ လျှို့ဝှက်စုံထောက်များကိုလည်း "အားလုံးသတိ" ရှိနေကြရန် ညွှန်ကြားလိုက်သည်။

ထို့ပြင် လူသတ်သမားများ ဝါရှင်တန်မြို့မှ ထွက်ပြေးလွတ်မြောက်မသွားနိုင်စေရန် ဝါရှင်တန်မြို့ကြီးတစ်မြို့လုံးကို စစ်တပ်ဖြင့် ပတ်ပတ်လည်ဝိုင်းထားရန်နှင့် အမေရိကန်ပြည်တောင်ပိုင်းသို့ သွားရာလမ်းဖြစ်သော ပိုတိုမက်မြစ် (Potomae River) အတွင်းမှ လှေသင်္ဘော သမ္ဗန် စသော ရေယာဉ်အားလုံးကို ရှာဖွေစစ်ဆေးရန် အမိန့်များ ထုတ်ပြန်ခဲ့သည်။

'သမ္မတလင်ကွန်းကို ဖို့ဒ်ဇာတ်ရုံထဲမှာ လူသတ်သမားတစ်ယောက်က ဝင်သတ်သွားလို့တဲ့' ဟူသော သတင်းနှင့် တစ်ဆက်တည်း 'ဒုတိယသမ္မတ ဂျွန်ဆင်နဲ့ ပြည်ထဲရေးဝန်ကြီး ဆီးဝါ့တို့ကိုလည်း တခြား လူသတ်သမားတွေက တစ်ပြိုင်တည်း တစ်ချိန်တည်း ဓားနဲ့ထိုးသတ်သွားကြလို့တဲ့' ဟူသော သတင်းများမှာ ဝါရှင်တန်တစ်မြို့လုံးသို့ တောမီးပမာ ချက်ခြင်း

mgyoe.com

mgyoe.com

ပြန့်နှံ့သွားခဲ့ရာ မြို့သူမြို့သားအားလုံးတို့မှာ မိမိတို့နေအိမ်များမှထွက်ကာ လမ်းများပေါ်တွင် စုရုံးလျက် အုန်းအုန်းကျွက်ကျွက် ဖြစ်နေကြသည်။

လွန်ခဲ့သော ဧပြီလ ၉ ရက်နေ့က တောင်ပိုင်း သူပုန်တပ်များ၏ ဗိုလ်ချုပ်ကြီး ဂျင်နရယ်လီသည် ပြည်ထောင်စု တပ်မတော် ဗိုလ်ချုပ်ကြီး ဂျင်နရယ်ဂရန့်ထံ လက်နက်ချ ဝင်ရောက်ခဲ့သည်ဖြစ်ရာ ဝါရှင်တန်မြို့သူမြို့သားများသည် သွေးချောင်းစီးနေသော ပြည်တွင်းစစ်ကြီး ပြီးဆုံးခဲ့ပြီဟူသော အသိဖြင့် ထိုနေ့ထိုရက်က ဝမ်းသာ၍မဆုံး ပျော်တပြုံးပြုံးဖြစ်ခဲ့ကြသည်။

ယခုသော်မူ ယင်းသို့ သူပုန်ဗိုလ်ချုပ်ကြီးကိုယ်တိုင် လက်နက်ချပြီးခဲ့၍ ငါးရက်မျှအကြာ ဧပြီလ ၁၄ ရက်နေ့ညတွင် သမ္မတကြီး လင်ကွန်းနှင့်တကွ အရေးကြီးသော အစိုးရအဖွဲ့ ခေါင်းဆောင်ကြီးများ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း လုပ်ကြံခံကြရပြီဟူသော သတင်းဆိုးကြီးများကို မမျှော်လင့်ဘဲ ရုတ်တရက် ကြားကြရသည်တွင် ဝမ်းနည်းပက်လက်ဖြင့် ယူကျုံးမရ ဖြစ်ကြရသည်နှင့်အမျှ 'သူပုန်များ လက်နက်ချသည်ဆိုခြင်းမှာ သွေးရိုးသားရိုး မဟုတ်ဘဲ ယုတ်မာကောက်ကျစ်သော အစီအစဉ်ဖြင့် ပရိယာယ်ဆင်ကာ အတွင်းမှဝင်၍ ပူးသတ်ကြခြင်းဖြစ်သည်'ဟူ၍ တထစ်ချ ယူဆလိုက်ကြတော့သည်။

သို့ဖြစ်ရာ ဝါရှင်တန် မြို့သူမြို့သား ထောင်ပေါင်းများစွာတို့သည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ ထိန်းမနိုင် သိမ်းမရဖြစ်လာကြသည်။ အချို့ကမူ လက်တစ်ဖက်မှ မီးတုတ်များနှင့် အခြားလက်တစ်ဖက်မှ ကြိုးများကိုကိုင်ကာ 'ဖို့ဒ်ဇာတ်ရုံကြီးကို မီးရှို့ပစ်ကြ' 'သစ္စာဖောက်တွေကို ကြိုးပေးသတ်ကြ' 'သူပုန်တွေမှန်သမျှ သတ်ပစ်ကြ' ဟူ၍ ဒေါသတကြီး ဟစ်အော်ကြွေးကြော်နေကြသည်။ အချို့ကလည်း ပြည်တွင်းစစ်ကြီး ပြီးဆုံးသည့် အထိမ်းအမှတ် အောင်ပွဲအဖြစ် ဝါရှင်တန်မြို့ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့တွင် ဆင်ယင်မွမ်းမံထားခဲ့ကြသော မုခ်ဦးများ၊ အလံများ ဆိုင်းဘုတ်စာတန်းများနှင့် ရောင်စုံပန်းစက္ကူများကို ဖျက်ဆီးဖြုတ်ချကာ သွေးရူးသွေးတန်းဖြင့် ထင်ရာမြင်ရာ အကြမ်းဖက်ပြုမူလာကြသည်။

mgyoe.com

mgyoe.com

စင်စစ်အားဖြင့် ထိုညသည် အမေရိကန် အမျိုးသားများအဖို့ ထိန်းမနိုင် သိမ်းမရလောက်အောင် ဒေါသူပုန်ထကြသော ညပင်ဖြစ်ခဲ့သည် တကား။

ဝါရှင်တန် မြို့သူမြို့သားမှန်သမျှ ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး တစ်ယောက်မကျန် နေအိမ်များမှထွက်ကာ လမ်းမများပေါ်တွင် ယင်းသို့ ဒေါသူပုန်ထ၍ အုံကြွဆူပူနေခိုက် ကာကွယ်ရေးဝန်ကြီး စတင်တွန်မှာလည်း ဖို့ဒ်ဇာတ်ရုံနှင့် မျက်နှာချင်းဆိုင်မှ အိမ်ကလေးတွင် သတိမရ တစ်ချက် ရတစ်ချက်ဖြင့် အသက်ထွက်လုဆဲဆဲဖြစ်နေသော သမ္မတလင်ကွန်း အိပ်ရာဘေးမှနေ၍ အမေရိကန်ပြည်ထောင်စုကြီး၏ သေရေးရှင်ရေး အမိန့်များကို တစ်ခုပြီးတစ်ခု ဆက်လက်ထုတ်ပြန်နေခဲ့သည်။

စတင်တွန်သည် ပြည်ထောင်စုတပ်မတော် ဗိုလ်ချုပ်ကြီး ဂရန့်၏ အသက်အန္တရာယ်ကို အထူးပင် စိုးရိမ်မိသည်ဖြစ်ရာ ဗိုလ်ချုပ်ကြီးအား ဖီလာဒဲလ်ဖီယာမြို့မှ ဝါရှင်တန်သို့ အမြန်ဆုံးပြန်လာရန်နှင့် ယင်းသို့ ပြန်အလာတွင် ၎င်းစီးနင်းလိုက်ပါလာမည့် မီးရထား၏ရှေ့မှ ရှေ့ပြေး မီးရထားတစ်စင်း ခုတ်မောင်းလာရန်ကိုပါ အထူးညွှန်ကြားခဲ့ရသည်။

တစ်ချိန်တည်းတွင် နယူးယောက်မြို့တော်မှ ရဲမင်းကြီးထံ အတော်ဆုံး စုံထောက်များကို စေလွှတ်ပေးရန်နှင့် ကာနေဒါနယ်စပ်ကိုလည်း အစောင့်အကြပ်များ တရစပ်ချထားရန် အမိန့်များထုတ်ပြန်လိုက်သည်။

ထို့နောက် တောင်ပိုင်းဒေသသို့ သွားရာလမ်းဖြစ်သော မေရီလင်းပြည်နယ် (Mary Land) အောက်ပိုင်းသို့ မြင်းစီးတပ်သား တစ်ထောင်စေလွှတ်ကာ လူသတ်သမားများနောက်သို့ လိုက်လံခြေရာခံကြရန် အရေးတကြီး အမိန့်ထုတ်ပြန်ခဲ့သည်။ သူ့စိတ်ထဲတွင် လူသတ်သမားများသည် တောင်ပိုင်း ပြည်နယ်များသို့ မုချထွက်ပြေးကြလိမ့်မည်ဟု တထစ်ချ ယူဆထားသည်။ သို့ဖြစ်၍လည်း တောင်ပိုင်းပြည်နယ်များသို့ သွားရာလမ်းများကို ဝိုင်းဝန်းပိတ်ဆို့ထားရန် အမိန့်ထုတ်ခဲ့သည်။ "ဒီကောင်တွေ တောင်ပိုင်းကို ရောက်အောင်ထွက်ပြေးဖို့ ကြိုးစားလိမ့်မယ်၊ ပိုတိုမက်မြစ် တစ်ခုလုံးကို အထူးဂရုစိုက်ပြီး စောင့်ကြည့်ကြ"ဟူသော အမိန့်ကို ထပ်ခါထပ်ခါ ထုတ်ပြန်ခဲ့သည်။

mgyoe.com

mgyoe.com

ကာကွယ်ရေးဝန်ကြီး စတင်တွန်အဖို့ ထိုသို့ အလုပ်များနေခိုက် တစ်ဖက်ခန်းတွင်ရှိနေသော မစ္စက်လင်ကွန်းသည် သူမ၏ ချစ်လင် သမ္မတလင်ကွန်းရှိရာ အခန်းထဲသို့ မကြာခဏဝင်လာပြီး ဦးနှောက်တွင် သေနတ်ဒဏ်ရာဖြင့် မချိမဆန့် ဝေဒနာခံစားနေရရှာသော လင်ကွန်းကို ပွေ့ချည်တစ်လှည့် ပိုက်ချည်တစ်ခါ ရှိုက်ကြီးငင်ကြီးဖြင့် ငိုရှာသည်။ ပါးစပ်မှလည်း "ကျွန်မယောကျ်ားကို ဒီအတိုင်းကြည့်နေကြတော့မှာလားဟင်... မကယ်နိုင်ကြတော့ဘူးလား၊ ကျွန်မကြောင့် သူ သေရတော့မယ်ထင်ပါရဲ့၊ လုပ်ကြပါဦး၊ ကယ်ကြပါဦး" စသည်ဖြင့် အော်ကြီးဟစ်ကျယ် ပြောဆိုငိုကြွေးရှာသည်။

စတင်တွန်မှာ လင်ကွန်း၏ အိပ်ရာဘေးတွင်ထိုင်၍ တိုင်းပြည်ကြီးတစ်ခုလုံးအတွက် အဆုံးအဖြတ်ပေးရမည့် အမိန့်များကို အရေးတကြီးထုတ်ပြန်နေရသည်ဖြစ်ရာ ယင်းသို့ မစ္စက်လင်ကွန်း မကြာခဏ ဝင်လာပြီး အော်ဟစ်ငိုကြွေးနေသည်ကို သည်းမခံနိုင်တော့ဘဲ နောက်ဆုံးတွင် "ဒီမိန်းမကို ဆွဲခေါ်သွားကြစမ်း၊ နောက်ကို ဒီအခန်းထဲ ဝင်မလာစေနဲ့" ဟူ၍ပင် အစောင့်စစ်သားများကို အော်ဟစ်အမိန့်ပေးရတော့သည်။

အချိန်မှာ တဖြည်းဖြည်း ကုန်ဆုံး၍ သန်းခေါင်ကျော်ကာ နောက်တစ်နေ့ (ဧပြီလ ၁၅ ရက်) အရုဏ်တက်အချိန်သို့ပင် ရောက်လာခဲ့သည်။

ပြည်ထောင်စုတပ်မတော်မှ ဆရာဝန်ကြီး ဒေါက်တာလီယေးလ် (Dr.Leale) မှာလည်း တစ်ညလုံး မိုးထိန်ထိန်လင်းသည်အထိ လင်ကွန်း၏ အိပ်ရာဘေးတွင်ထိုင်ကာ လင်ကွန်းလက်ကိုကိုင်၍ သွေးတိုးစမ်းနေခဲ့ရသည်။

အရုဏ်ကျင်း၍ လင်းခဲ့ပြီ။

နောက်ဆုံးတွင် ဒေါက်တာလီယေးလ်သည် လင်ကွန်းလက်ကို လက်ကောက်ဝတ်မှနေ၍ ကိုင်ထားရာမှ မျက်နှာတစ်ချက်ပျက်သွားကာ အခန်းတွင်းရှိ လူများကို တစ်ချက်မျှ မော့ကြည့်လိုက်မိသည်။ ထို့နောက် သူသည် လုံးဝ သွေးတိုးခြင်းမရှိတော့ပြီဖြစ်သော လင်ကွန်း၏ လက်နှစ်ဖက်ကို အသာအယာကွေး၍ ရင်ဘတ်ပေါ်သို့ မသိမသာ တင်ထားလိုက်သည်။ ပြီးမှ သူ၏ ကုတ်အင်္ကျီလက်ရှည်ကို အနည်းငယ်ပင့်၍ လက်မှ လက်ပတ်နာရီကို ကြည့်လိုက်သည်။

mgyoe.com

mgyoe.com

၇ နာရီ မိနစ် ၂၀ တိတိ။

အခန်းကလေးထဲတွင် ရှိနေကြသူအားလုံးတို့မှာ မည်သို့မျှ ဣန္ဒြေ မဆည်နိုင်ကြတော့ဘဲ မျက်ရည်များလည်လာကြသည်။ အခန်းပေါက်ဝတွင် လုံ့စွပ်တပ်ထားသည့် သေနတ်ကိုင် အစောင့်စစ်သား၏ ရှိုက်သံသည် အခန်းကလေးထဲသို့ ကြေကွဲဖွယ်ရာ ပျံ့လွင့်လာသည်။

ဒေါက်တာ လီယေးလ်သည် ထိုင်ရာမှထကာ သေနတ်ဒဏ်ရာဖြင့် ဝေဒနာခံစားနေခဲ့ရစဉ်က တစ်စုံတစ်ခုသော အနာဂတ်ဆီသို့ မှန်းဆရမ်း ရော်နေဟန်ရှိသော သမ္မတလင်ကွန်း၏ မျက်လုံးအစုံပေါ်သို့ ငါးမူးပြား ၂ ပြားကိုတင်ကာ မျက်ခွံများကို ညင်သာစွာ ပိတ်သွားအောင် ပြုလုပ် ပေးလိုက်သည်။

ခုတင်ခေါင်းရင်းတွင် ရပ်နေသော ဗိုလ်ချုပ်ကြီး ဘန်း (General Barnes) ကလည်း လုံးဝဇီဝိန်ချုပ်ငြိမ်းနေပြီဖြစ်သော သမ္မတလင်ကွန်း၏ မျက်နှာပေါ်သို့ စောင်တစ်ထည်ဖြင့် အသာအယာ ဖုံးလွှမ်းပေးလိုက်သည်။

ထိုအခိုက် အပြင်ဘက်တွင် ခပ်ဖွဲဖွဲကလေးရွာလာသော မိုးပေါက်သံ ကို အိမ်ခေါင်မိုးမှတစ်ဆင့် တဖြောက်ဖြောက် ကြားလာရသည်။

ကာကွယ်ရေးဝန်ကြီး စတင်တွန်သည် ရုတ်တရက် ထိုင်ရာမှထ လိုက်သည်။ ကြိတ်၍ ရှိုက်လိုက်သောအသံနှင့်အတူ မျက်ရည်ပေါက်များ သည် သူ့ပါးနှစ်ဖက်ပေါ်သို့ ဖြည်းညင်းစွာ လိမ့်ဆင်းလာကြသည်။

သူသည် ကြေကွဲသောနှလုံးဖြင့် ဦးခေါင်းကိုငုံ့ကာ ပြတင်းပေါက် ဆီသို့သွား၍ လိပ်တင်ထားသော ယင်းလိပ်ကို အသာအယာ ဖြေချလိုက် သည်။

ဖြည်းညင်းစွာ အလိုက်သင့်ကျလာသော ယင်းလိပ်သံနှင့်အတူ စတင်တွန်သည် ဦးခေါင်းကိုငုံ့၍ အခန်းတွင်းရှိ လူအားလုံးကို ကျောခိုင်း နေရာမှ အောက်ပါအတိုင်း တစ်လုံးချင်းပီသစွာ ပြောလိုက်သည်။

"အင်း... သူ့ကိုတော့ ဘယ်ခေတ် ဘယ်အခါမှ မေ့နိုင်ကြတော့ မှာ မဟုတ်ဘူး"

❐

mgyoe.com

mgyoe.com

# ပြည်ထဲရေးဝန်ကြီးအိမ်မှ သွေးစက်များနှင့် သွေးကွက်များ

ဖို့ဒ်ဇာတ်ရုံထဲတွင် သမ္မတလင်ကွန်း လုပ်ကြံခံရသည့်အချိန်နှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ဒုတိယသမ္မတ ဂျွန်ဆင်နှင့် ပြည်ထဲရေးဝန်ကြီး ဆီးဝါ့တို့ကိုလည်း လူသတ်သမားများက လုပ်ကြံလိုက်ကြပြီဟူသော သတင်းများမှာ ထိုညက တုန်လှုပ်ချောက်ချားနေကြသော ဝါရှင်တန်မြို့သူ မြို့သားများအတွင်း 'တစ်ဆင့်စကား တစ်ဆင့်နား' ကြားကြရခြင်းဖြစ်၍ အဖြစ်မှန်ကို မည်သူမျှ ခိုင်လုံစွာ မပြောနိုင်ဘဲ ဖြစ်နေကြသည်။

တကယ့်အဖြစ်မှန်မှာ ဒုတိယသမ္မတ ဂျွန်ဆင်သည် လုံးဝ လုပ်ကြံခံရခြင်းမရှိဘဲ ကောလာဟလအဖြစ်သာ သတင်းပြန့်သွားခဲ့ခြင်းဖြစ်သည်။

လူသတ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သူ ဘုသ်၏ ညွှန်ကြားချက်အရ ဒုတိယသမ္မတ ဂျွန်ဆင်ကို လုပ်ကြံရန် လူရှုပ်လူပွေတစ်ဦးဖြစ်သော အက်ဇီရော့ အား တာဝန်ပေးခဲ့သည်မှာ မှန်သည်။

သို့သော် အက်ဇီရော့မှာ တကယ့်အရေးတွင် သတ္တိကြောင်သူ၊ သူရဲဘောနည်းသူတစ်ဦးဖြစ်ရာ မူလအစီအစဉ်အတိုင်း ဖြစ်မြောက်အောင် မလုပ်ရဲဘဲ ဖြစ်နေခဲ့သည်။

သူသည် ထိုညက ဒုတိယသမ္မတဂျွန်ဆင်အား လုပ်ကြံသတ်ဖြတ်ရမည့်အရေးကိုတွေးကာ အလန့်ကြီးလန့်နေသဖြင့် နေဝင်ချိန်မှစ၍ အရက်

mgyoe.com

mgyoe.com

ဆိုင်များတွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့ရင်းဖြင့် အချိန်ကိုဖြုန်းနေခဲ့သည်။

မူလကတည်းက အရက်ကို 'ရဲဆေး' တင်သည့်အနေဖြင့် သောက်ခြင်းမဟုတ်ဘဲ ဒုတိယသမ္မတ တစ်ယောက်လုံးကို သတ်ရမည့်အရေးအတွက် သွေးလန့်ကာ ကြံရာမရဖြစ်၍ စိတ်ညစ်ညစ်ဖြင့် အရက်ကို ဖိသောက်ခဲ့ခြင်းဖြစ်ရာ အက်ဇီရော့မှာ အရက်တစ်ခွက်ဝင်လေ ပို၍ သွေးလန့်ခဲ့လေဖြစ်လာခဲ့သည်။

သို့နှင့်ပင် နောက်ဆုံးတွင် သူသည် ဘုသ်၏ ညွှန်ကြားချက်ကို လုံးဝ မလိုက်နာနိုင်တော့ဘဲ ဖြစ်ခဲ့ရာ ဒုတိယသမ္မတ ဂျွန်ဆင်မှာ လုပ်ကြံသတ်ဖြတ်ခြင်း မခံရတော့ဘဲ အသက်ဘေးမှ ကင်းဝေးလွတ်မြောက်ခဲ့ရသည်။

ဒုတိယသမ္မတ ဂျွန်ဆင်အား လုပ်ကြံသတ်ဖြတ်ရန် တာဝန်ပေးထားခြင်းခံရသော အက်ဇီရော့သည် တကယ့်အရေးတွင် အထက်ပါအတိုင်း သွေးကြောင်နေခဲ့သော်လည်း ပြည်ထဲရေးဝန်ကြီး ဆီးဝါ့အား သတ်ဖြတ်ရန် တာဝန်ပေးခြင်း ခံခဲ့ရသော လူးဝစ္စပိန်းသည် ဘုသ်၏ ညာလက်ရုံးဖြစ်သော ဟာရိုးလ် အကူအညီဖြင့် ဆီးဝါ့အား လုပ်ကြံရန် မိုက်မိုက်ကန်းကန်း ကြိုးစားခဲ့သည်။

ထိုညက ဘုသ်မှာ သူကိုယ်တိုင်က သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ရေးအတွက် အသေးစိတ် စီစဉ်ပြင်ဆင်နေရသည်ဖြစ်ရာ အခြားတာဝန်များ (ဝါ) ဂျွန်ဆင်နှင့် ဆီးဝါ့တို့အား သတ်ဖြတ်လုပ်ကြံရေးအတွက် လိုအပ်သော အစီအစဉ်များကို ယုံကြည်စိတ်ချရသော ဟားရိုးလ်နှင့် လွှဲထားခဲ့သည်။

ဟာရိုးလ်သည် ထိုနေ့တစ်နေ့လုံး နေ့ခင်းဘက်တွင် မြို့ထဲ၌ တစ်နေရာမှ တစ်နေရာသို့ ကူးချည်သန်းချည်ဖြင့် အလုပ်များနေခဲ့သည်။ သူသည် အက်ဇီရော့ထံသွား၍ ဝှက်ထားသော လက်နက်များကို ကြည့်ခဲ့သည်။ ဒုတိယသမ္မတ ဂျွန်ဆင်အား လုပ်ကြံသတ်ဖြတ်ရေးအတွက် အသေးစိတ်အစီအစဉ်များကို အက်ဇီရော့အား ပြောပြညွှန်ကြားခဲ့သည်။ ထိုမှတစ်ဖန် ဘုသ်နှင့် တွေ့လိုတွေ့ငြား နေရှင်နယ်ဟိုတယ်သို့ သွားလိုက်သေးသည်။

mgyoe.com

mgyoe.com

ထို့နောက် မြင်းဇောင်းတစ်ခုသို့သွားကာ သူ့စိတ်ကြိုက် မြင်းတစ်ကောင်ကို ငှားခဲ့သည်။

ငှားထားသော မြင်းပေါ်သို့ လွှားခနဲ ခုန်တက်ကာ မြင်းစောင်းမှ ထွက်မည်အပြုတွင် မြင်းဇောင်းပိုင်ရှင်က ဟာရီးလ်အား ဤမြင်းကို ည ကိုးနာရီ ဆယ်နာရီထက် နောက်မကျစေဘဲ အရောက်ပြန်ပို့ရန် လှမ်း၍ သတိပေးလိုက်သေးသည်။

သို့သော် ဟာရီးလ် ငှားလာသောမြင်းသည် ကိုးနာရီထိုးသည်အထိ မြင်းဇောင်းသို့ ပြန်မရောက်ခဲ့ချေ။ မည်သည့်အခါမှလည်း ပြန်မရောက်တော့ပေ။

ည ၁၀ နာရီ ၁၀ မိနစ်တိတိတွင် ဘုသ်သည် ဝိစကီ ခပ်ထွေထွေဖြင့် ဖို့ဒ်ဇာတ်ရုံထဲသို့ ဝင်သွားသည့်အချိန်နှင့် တစ်ပြိုင်တည်း တစ်ချိန်တည်း လိုလိုပင် ဟာရီးလ်နှင့် ပိန်းတို့သည် ပြည်ထဲရေးဝန်ကြီး ဆီးဝါ့ အိမ်ရှေ့သို့ မြင်းကိုယ်စီဖြင့် ရောက်လာကြသည်။

စင်စစ်အားဖြင့် ဟာရီးလ်သည် ပိန်းအား ဆီးဝါ့နေအိမ်သို့ လိုက်ပို့ရန် မူလက စိတ်မကူးခဲ့။ သို့သော် ပိန်းမှာ ဆီးဝါ့၏နေအိမ်သို့ ကောင်းကောင်းမသွားတတ်သဖြင့် သူကိုယ်တိုင် လိုက်ပို့ခဲ့ရခြင်းဖြစ်သည်။

လာဖေယက်ပန်းခြံ (Lafayette Square) ကိုဖြတ်၍ ဟာရီးလ်နှင့် ပိန်းတို့သည် မြင်းများကို အသော့နှင်လာခဲ့ကြရာ ဆီးဝါ့အိမ်ရှေ့သို့ ရောက်လာသည်တွင် နှစ်ယောက်သား မြင်းဇက်ကြိုးများကို တုံ့ခနဲဆွဲကာ ရပ်လိုက်ကြသည်။

ပိန်းသည် မြင်းပေါ်မှ ကိုယ်ကိုကြွ၍ အသာအယာ ဆင်းလိုက်သည်။ ထို့နောက် မြေကြီးပေါ်တွင် ခြေသံမကြားရအောင် ခပ်ဖော့ဖော့နင်းကာ ဆီးဝါ့၏ အိမ်ဝင်းထဲသို့ ဣန္ဒြေမပျက် ဝင်သွားသည်။

ဟာရီးလ်သည် ဆီးဝါ့အိမ်ဝင်းထဲသို့ ပိန်း ဝင်သွားသည်နှင့် တစ်ပြိုင်နက် သူစီးလာသော မြင်းပေါ်မှဆင်းကာ ပိန်း၏ မြင်းဇက်ကြိုးကို ဆွဲယူ၍ အနီးရှိ သစ်ပင်တစ်ပင်တွင် ချည်လိုက်သည်။ ထို့နောက် သူ့မြင်းပေါ်သို့ သူပြန်တက်ကာ ခပ်သုတ်သုတ်ကလေး ပြန်ထွက်လာခဲ့သည်။

mgyoe.com

mgyoe.com

ပြည်ထဲရေးဝန်ကြီး ဆီးဝါ့၏ နေအိမ်မှာ ကြီးကျယ်လှသည်နှင့်အမျှ ခံ့ညားထည်ဝါလှသော အိမ်ကြီးအိမ်ကောင်းတစ်ခုပင်ဖြစ်သည်။

ဤအိမ်ကြီးတွင် ဆီးဝါ့သည် သူ့ဇနီးအပြင် သားနှစ်ယောက်ဖြစ်ကြသော ဖရက်ဒရစ်နှင့် ဩဂတ်စတပ်၊ သမီးဖြစ်သူ ဖဲန်နီတို့နှင့်အတူတကွ နေထိုင်လျက်ရှိသည်။

ဆီးဝါ့သည် မကြာမီက မြင်းရထားမှောက်ခဲ့ရာမှ ဒဏ်ရာအပြင်းအထန်ရကာ အိပ်ရာထဲတွင် မလှုပ်နိုင်မရှားနိုင်ဘဲ ဖြစ်နေခဲ့သည်။ ရထားမှောက်ရာတွင် ယာဘက်လက်မောင်းမှာ သွင်သွင်ကျိုးသွားခဲ့၍ အောက်မေးရိုးလည်း ကွဲသွားခဲ့သည်။ ခြေထောက်တွင်လည်း သွေးကြောများပြတ်ကာ တစ်ကိုယ်လုံး အနံ့အပြား ဒဏ်ရာရခဲ့သည်ဖြစ်ရာ တော်တော်ခဲခဲယဉ်းယဉ်း ကုသနေရသည့်အခိုက်ဖြစ်သည်။

ထိုနေ့ (ဧပြီလ ၁၄ ရက်နေ့) ညတွင် ဆီးဝါ့သည် သူ့အိမ်အပေါ်ထပ် အိပ်ခန်းထဲတွင် မြင်းရထား မှောက်ထားသည့် အထက်ပါဒဏ်ရာများကြောင့် မသက်မသာဖြစ်နေခဲ့သည်။ သူသည် အိပ်ရာပေါ်တွင် ခေါင်းအုံးကိုမှီကာ မျက်စိနှစ်ဖက်စလုံးကို စုံမှိတ်ထားသည်။ သူ့လက်တစ်ဖက်ကို ထုပ်မှ ကြိုးဖြင့်ချည်၍ ဆွဲထားသည်။ သူ့မေးရိုးမှာလည်း သံမဏိကိုင်းများ တပ်ထားသော သားရေပြားဖြင့် မေးအောက်မှနေ၍ သိုင်းထားသည်ဖြစ်ရာ သူ့ကိုကြည့်ရသည်မှာ ဆေးရုံပေါ်မှ တကယ့်လူနာတစ်ယောက်နှင့် တူနေသည်။

အခန်းထဲတွင် ဆီးဝါ့နှင့်အတူ အခြားနှစ်ယောက် ရှိနေကြသည်။ တစ်ယောက်မှာ တပ်ကြပ်ကြီး ဂျော့ရော်ဘင်ဆင် (George Robinson) ဖြစ်၍ အခြားတစ်ယောက်မှာ ဆီးဝါ့၏သမီး ဖဲန်နီဖြစ်သည်။

တပ်ကြပ်ကြီး ရော်ဘင်ဆင်မှာ အသားမည်း ကပ္ပလီလူမျိုးဖြစ်၍ သူ သည် ဆီးဝါ့အား ပြုစုစောင့်ရှောက်ရန် သူနာပြုအဖြစ် တာဝန်ယူနေရသူဖြစ်သည်။

ဖဲန်နီမှာ ဖခင်ဖြစ်သူ ဆီးဝါ့၏ အိပ်ရာဘေးတွင်ထိုင်ကာ မျက်လုံးကို စုံမှိတ်၍ အသက်မှန်မှန်ရှူနေသော ဖခင်မျက်နှာကို စိုက်ကြည့်နေသည်။ "အိပ်များ ပျော်သွားပလား"ဟု အကဲခတ်နေသည်။

mgyoe.com

mgyoe.com

အချိန်မှာ ည ၁၀ နာရီကျော်နေပြီဖြစ်ရာ လမ်းဘက်ဆီမှ အသံဗလံများ တိတ်နေသည်နှင့်အမျှ အိမ်ကြီးတစ်အိမ်လုံးလည်း အသက်မရှိတော့သလို ငြိမ်ချက်သားကောင်းနေသည်။

သို့သော် ခဏချင်းပင် ဤတိတ်ဆိတ်ငြိမ်သက်ခြင်းကို ဖြိုခွဲလိုက်သော အသံတစ်သံသည် ဝုန်းခနဲ ပေါ်ထွက်လာခဲ့သည်။

အခြားအခန်းတစ်ခန်းထဲတွင် ရှိနေသော ဖရက်ဒရစ်သည် အသံကြားရာ အပြင်ဘက် ခန်းမကြီးဆီသို့ ရုတ်တရက် ပြေးထွက်၍ ကြည့်လိုက်သည်။ ခန်းမကြီးထဲတွင် အရပ်ထောင်ထောင်မောင်းမောင်းဖြင့် အဝတ်အစား ကောင်းကောင်းမွန်မွန် ဝတ်ဆင်ထားသူတစ်ယောက်ကို တွေ့ရသည်။ ထိုသူသည် ဖရက်ဒရစ်ကို လုံးဝ ဂရုမစိုက်ဘဲ ဆီးဝါ့၏ အိပ်ခန်းပေါက်ဆီသို့ ကမန်းကတန်း သွားနေသည်။

သူကား လူးဝစ္စပိန်းပင်တည်း။

ပိန်းသည် ဟာရိုးလ်နှင့် ခွဲလာခဲ့ပြီး ဤအိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာခဲ့ခြင်းဖြစ်သည်။ အဝင်ဝ တံခါးမကြီးတွင် အစေခံတံခါးမှူးနှင့် တွေ့ရာ ပိန်းက သူသည် ဆီးဝါ့အား ကုသနေသော ဆရာဝန်ထံမှ လာသူဖြစ်ကြောင်း ဆရာဝန်က ဆီးဝါ့အတွက် အရေးကြီးသော စာတစ်စောင် အပေးခိုင်းလိုက်သဖြင့် လာခဲ့ရခြင်းဖြစ်ကြောင်း ပြောပြောဆိုဆိုဖြင့် အစေခံ၏ ခွင့်ပြုချက်ကိုပင် စောင့်မနေတော့ဘဲ အိမ်ထဲသို့ စွတ်ဝင်လာခဲ့ခြင်းဖြစ်သည်။

ဖရက်ဒရစ်သည် မိမိ၏ ဖခင်ရှိရာ အခန်းဝဆီသို့ ဣန္ဒြေမရဘဲ သုတ်သီးသုတ်ပြာ ပြေးသွားနေသော ပိန်းကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိဖခင်အား ရန်ရှာမည့်သူဖြစ်ကြောင်း ချက်ခြင်းရိပ်မိခဲ့သည်ဖြစ်ရာ အခန်းတံခါးဝဆီသို့ ပိန်း မရောက်မီ ရှေ့မှပြေး၍ ကာဆီးလိုက်သည်။

ပိန်းသည် ရုတ်တရက် မိုးပေါ်မှကျသလို မိမိရှေ့တွင် ရောက်လာသော ဖရက်ဒရစ်ကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် နောက်သို့ တစ်လှမ်းမျှခုန်၍ ပြန်ဆုတ်လိုက်သည်။ ထို့နောက် ခါးကြားထဲတွင် ပါလာသော ယမ်းထိုးသေနတ်ကို ဆွဲယူကာ ဖရက်ဒရစ်၏ ဦးခေါင်းဆီသို့ ချိန်ရွယ်၍ ခလုတ်ကို ဖြုတ်လိုက်သည်။

mgyoe.com

mgyoe.com

ချက်ခနဲ အသံထွက်လာသည်။ ယမ်းထိုးသေနတ်သည် မီးမကူးဘဲ ဖြစ်သွားသည်။

သေနတ် မီးမကူးဘဲ ဖြစ်သွားသဖြင့် အကြီးအကျယ် ဒေါပွသွားသော ပိန်းသည် ဘာကိုမှ စဉ်းစားမနေတော့ဘဲ ဖရက်ဒရစ်အား ကျားအုပ်သလို ခုန်အုပ်ကာ လက်ထဲတွင် ကိုင်ထားသော သေနတ်ဖြင့် ဦးခေါင်းကို ဆင့်ကာဆင့်ကာ တအားလွှဲ၍ ရိုက်တော့သည်။

'ခွပ်၊ ခွပ်၊ ခွပ်' ဟူသောအသံနှင့်အတူ ဖရက်ဒရစ်ဦးခေါင်းမှ သွေးများ ဖြာခနဲကျလာသည်။ ပိန်းသည် ဒေါသတကြီးဖြင့် စိတ်ရှိလက်ရှိ တအားလွှဲရိုက်ခဲ့သည်ဖြစ်ရာ နောက်ဆုံးတွင် သစ်သားရိုးတပ်ထားသော သေနတ်ဒင်မှာ ကျိုးပဲ့သွားခဲ့သည်။ ပိန်းသည် ဤမျှနှင့်ပင် စိတ်မကျေသေးဘဲ လက်ထဲတွင် ကျန်နေသော ကျိုးပဲ့နေသည့် သေနတ်ဖြင့် ဖရက်ဒရစ်၏ ဦးခေါင်းဆီသို့ တအားလွှဲ၍ ပေါက်လိုက်သေးသည်။ ထို့နောက် သူသည် ခါးကြားတွင် အသင့်ပါလာသော ဓားမြှောင်ကို ဆွဲထုတ်ပြန်သည်။

သို့သော် ဖရက်ဒရစ်မှာ သူ့ကို မည်သို့မျှ တုံ့ပြန်ရန်မူခြင်း မပြုနိုင်တော့ဘဲ မျက်နှာတွင် သွေးချင်းချင်းနီကာ ကြမ်းပေါ်၌ မလှုပ်မယှက် လဲကျနေပြီဖြစ်သည်။

ဤတွင် ပိန်းသည် ဆီးဝဲ၏ အိပ်ခန်းတံခါးကို ကိုယ်လုံးဖြင့် ဖြုန်းခနဲ ဆောင့်တွန်းလိုက်ရာ အရှိန်ဖြင့် အခန်းထဲသို့ ရောက်သွားသည်။

အဖြစ်အပျက်မှာ လျှင်မြန်လွန်းလှသည့်ပြင် ဆီးဝဲမှာ မူလကတည်းက ရထားမှောက်ထားသည့်ဒဏ်ရာများကြောင့် မလှုပ်နိုင် မရှားနိုင်ဘဲ ဖြစ်နေခဲ့ရာ အိပ်ခန်းထဲသို့ ဖြုန်းခနဲ ပိန်းရောက်လာသည့်အချိန်အထိ အိပ်ရာထက်မှ မထနိုင်သေးဘဲ ရှိနေခဲ့သည်။

ပိန်းသည် အိပ်ရာပေါ်တွင် ပတ်တီးများဖြင့် ထွေးလုံးရစ်ပတ်ဖြစ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဆီးဝဲဟူ၍ တထစ်ချ သိလိုက်သည်။ သို့ဖြစ်ရာ သူသည် အခန်းထဲသို့ ရောက်လျှင် ရောက်ချင်း အိပ်ရာပေါ်တွင် လဲနေသော ဆီးဝဲထံ ဓားမြှောင်ဖြင့် တစ်ဟုန်ထိုးပြေးကာ ခုန်အုပ်လိုက်သည်။

mgyoe.com

mgyoe.com

ဆီး၀ါ့မှာ ပိန်းလက်ထဲမှ ဓားမြှောင်ကိုပင် မြင်လိုက်ချိန်မရတော့ဘဲ မျက်နှာတည့်တည့်တွင် ဓားချက်မိကာ မျက်ခနဲ ဖြစ်သွားသည်။

ထို့နောက်တွင်ကား ဆီး၀ါ့နှင့် ပိန်းတို့သည် အိပ်ရာပေါ်တွင် လုံးလား ထွေးလား ဖြစ်နေကြသည်။ ပိန်းသည် သူရဲမင်းရဲ စီးနေပြီဖြစ်ရာ ဆီး၀ါ့ ကိုယ်ပေါ်သို့ တက်ခွကာ ဆံပင်ကို ဘယ်လက်ဖြင့်ဆွဲ၍ ဦးခေါင်းကို နောက်သို့လှန်ပြီး လည်မျိုဆီသို့ ဓားမြှောင်ဖြင့် ထိုးစိုက်တော့သည်။

ဆီး၀ါ့မှာလည်း ကြောက်အားလန့်အားဖြင့် အတင်းရုန်းကန်၍ ပိန်း၏ ဓားချက်ကို ရှောင်ရင်းတိမ်းရင်း အိပ်ရာပေါ်မှ လိမ့်ချရန် ကြိုးစားသည်။ ပါးစပ်မှလည်း ဂူးဂူးဝါးဝါးဖြင့် ကြောက်လန့်တကြား အော်ဟစ်လေရာ သူ့အသံသည် လူသတ်သမားပိန်းကို ပို၍ ဒေါသထွက်အောင် ဖန်တီးသလို ဖြစ်နေသည်။

ပိန်း၏ ဓားချက်များမှာ သာမန်အားဖြင့် ဆီး၀ါ့အဖို့ ပွဲချင်းပြီး ကိစ္စတုံးသွားမည်သာဖြစ်သည်။ သို့သော် 'သေကံမရောက်' သေးသော ဆီး၀ါ့မှာ ရထားမှောက်ထား၍ မေးရိုးကွဲသွားသဖြင့် လည်ပင်းနှင့်တကွ မေးတစ်ခုလုံးကိုပါ သံမဏိကိုင်းများ တပ်ထားသော သားရေပြားဖြင့် သိုင်း၍ အုပ်ထားခဲ့သည်ဖြစ်ရာ ပိန်း၏ ဓားချက်မှာ ဆီး၀ါ့၏အသားကို မထိဘဲ သားရေပြားနှင့် သံမဏိကိုင်းကိုသာ ထိနေ၍ ဆီး၀ါ့မှာ အသက်မသေဘဲ ရှိနေခဲ့သည်။

ဓားမြှောင်နှင့် မေးသိုင်း သံမဏိတို့ထိရာမှ မီးပွားများ လက်ခနဲ လက်ခနဲ ထွက်လာခဲ့ရာ ပိန်းသည် ဆီး၀ါ့၏ လည်ပင်းတွင် တစ်စုံတစ်ခု 'အမာခံ' ရှိနေကြောင်း သိသွားသည်။

ဤအတောအတွင်း ဆီး၀ါ့သည် ရှိသမျှခွန်အားကိုသုံး၍ ရုန်းထွက်လိုက်ရာ ပိန်းလက်မှ လွတ်မြောက်ကာ ကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားခဲ့သည်။

ယခုအခါတွင်မူ ပိန်းမှာ ဆီး၀ါ့ကို ရန်မူဖို့ထက် သူ့ကိုယ်သူ လွတ်အောင်ရုန်းထွက်နေရသောအဖြစ်သို့ ရောက်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ကပ္ပလီ တပ်ကြပ်ကြီး ရော်ဘင်ဆင်နှင့် ဆီး၀ါ့၏ သားဖြစ်သူ

mgyoe.com

mgyoe.com

ဩဂုတ်စတပ်တို့က ပိန်းကို လက်မောင်းတစ်ဖက်တစ်ချက်မှ ကိုင်ကာ ဖမ်းချုပ်ထားကြသောကြောင့်ဖြစ်သည်။

သို့သော် ပိန်းမှာ မိုက်မိုက်ကန်းကန်း လူကြမ်းတစ်ယောက်ဖြစ်ရာ အလျှော့မပေးဘဲ သူ့အား ချုပ်ကိုင်ထားကြသော အသားဖြူနှင့် အသားမည်း နှစ်ယောက်တို့ကို လက်မှ ဓားမြှောင်ဖြင့် ဘယ်ပြန်ညာပြန် တွက်ရင်း ရုန်းကန်ခုခံရာ သူတို့သုံးယောက်စလုံး ကြမ်းပေါ်သို့ လဲကျကာ သွေးလုံးရစ်ပတ် ဖြစ်နေကြသည်။

ဖဲန်နီမှာ အခန်းထောင့်တစ်နေရာတွင် ရောက်နေပြီး စူးစူးဝါးဝါးဖြင့် ငယ်သံပါအောင် အော်နေရှာသည်။

ပိန်းသည် ကြမ်းပေါ်တွင် လဲနေရာမှ သူ့ခြေထောက်နှစ်ဖက်ကို ဖမ်းချုပ်ရန် ကြိုးစားနေသော ဩဂုတ်စတပ်ကို ဓားမြှောင်နှင့် တစ်ချက်လှမ်းတွက်ရင်း တအားဆောင့်၍ ကန်လိုက်ရာ ဩဂုတ်စတပ်မှာ အနီးရှိ စားပွဲခုံတစ်ခုနှင့် ခိုက်မိ၍ ပစ်လဲသွားသည်။ ထိုမှတစ်ဖန် ပိန်းသည် တပ်ကြပ်ကြီး ရော်ဘင်ဆင်ဘက်သို့ ဝုန်းခနဲလှည့်ကာ ဓားမြှောင်ဖြင့် တစ်ချက်တွက်လိုက်ပြန်သည်။

ထို့နောက်တွင်ကား လူသတ်သမားပိန်းသည် လဲနေရာမှ တအားကုန်း၍ထကာ အနားတွင်ရှိသော စားပွဲကုလားထိုင်များကို ခြေဖြင့်ပိတ်ကန်၍လည်းကောင်း၊ လက်ဖြင့် တွန်းလှဲ၍လည်းကောင်း၊ တဝုန်းဝုန်း တဒိုင်းဒိုင်း ဖယ်ရှားကာ ပွင့်နေသော တံခါးမကြီးမှတစ်ဆင့် အပြင်ဘက်ခန်းမကြီးဆီသို့ ထွက်ပြေးသွားတော့သည်။

အိမ်အပေါ်ထပ်တစ်ခုလုံးမှာ မမြင်ရက် မကြည့်ရက်လောက်အောင် သွေးကွက်များ သွေးစက်များဖြင့် ကျန်ရစ်ခဲ့သည်။ အပြင်ဘက်ခန်းတွင် ဖရက်ဒရစ်မှာ ဦးခေါင်းနှင့် မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီကာ သတိမရဘဲ လဲကျနေခဲ့သည်။ အတွင်းအိပ်ခန်းထဲတွင်မူ ဩဂုတ်စတပ်သည် ဦးခေါင်းမှ လက်ဖျားထိအောင် သွေးများယိုစီးကာ ဒယီးဒယိုင်ဖြင့် ကြမ်းပေါ်သို့ လဲကျမတတ် ဖြစ်ကျန်ခဲ့သည်။ တပ်ကြပ်ကြီး ရော်ဘင်ဆင်မှာလည်း ရင်ဘတ်တွင်လည်းကောင်း၊ ပခုံးတွင်လည်းကောင်း၊ ဓားဒဏ်ရာများဖြင့်

mgyoe.com

mgyoe.com

သွေးအလိမ်းလိမ်း ဖြစ်နေခဲ့သည်။ ဖဲန်နီမှာမူ အခန်းထောင့်တစ်နေရာတွင် ခွေလဲကာ မျက်လုံးအကြောင်သားဖြင့် သတိလစ်နေသည်။

အခန်းထဲသို့ ထိတ်လန့်တကြား ပြေးဝင်လာသော မစ္စက်ဆီးဝဲ့သည် တစ်ခန်းလုံး သွေးသံရဲရဲဖြင့် ဖြစ်နေသည်ကို မြင်လိုက်ရသဖြင့် တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်ကာ ဘာလုပ်ရ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားသည်။ တစ်ဖန် အိပ်ရာခုတင်ဘေးနားတွင် သွေးအလိမ်းလိမ်းဖြစ်နေသော ကော်ဇောပေါ်၌ တစ်ကိုယ်လုံး သွေးရဲရဲသံရဲရဲဖြင့် လဲကျနေသော သူမ၏ လင်ယောကျ်ား ဆီးဝဲ့ကို မြင်တွေ့လိုက်ရပြန်ရာ မစ္စက်ဆီးဝဲ့မှာ 'အား'ခနဲ တစ်ချက်မျှအော်ကာ မူးမေ့လဲကျသွားမတတ် ဖြစ်သွားမိသည်။

သူမသည် အသက်ကိုပင် ဖြောင့်အောင်မရှူနိုင်ဘဲ ဆီးဝဲ့ကို ဆွဲယူပွေ့ထူကြည့်မိသည်။ မြင်းရထားမှောက်ခဲ့စဉ်က သွင်သွင်ကျိုးခဲ့သော လက်မောင်းတစ်ဖက်မှာ ယခုတစ်ဖန် နောက်သို့ပြန်လည်ကာ ကိုးရိုးကားယားဖြင့် တွဲလောင်းကျနေသည်။ ဦးခေါင်းမှာလည်း အရုပ်ကြိုးပြတ်သလို ငိုက်စိုက်ကျနေ၍ အောက်မေးရိုးမှာလည်း ပြုတ်ကျနေသည်။

သို့သော် ဆီးဝဲ့မှာ အသက်မသေဘဲ ရှိနေသေးသည်။

စင်စစ်အားဖြင့် ဆီးဝဲ့အဖို့ ရထားမှောက်သည့်ဒဏ်ရာများသာ မရှိပါက ပိန်း၏ ဓားချက်ဖြင့် မုချအသက်ထွက်မည်မှာ အမှန်ဖြစ်သည်။ ယခုသော်မူ အဆိုပါဒဏ်ရာများကြောင့် လည်ပင်းနှင့် မေးရိုးကို ဆိုင်း၍ စီးထားသော သားရေပြား သံမဏိမေးသိုင်းကြောင့် ချက်ကောင်းကိုမထိဘဲ အသက်ဘေးမှ လွတ်မြောက်ခဲ့ရခြင်းဖြစ်သည်။

ကုတ်အင်္ကျီတွင် သွေးအလိမ်းလိမ်းဖြစ်ကာ လက်တွင်လည်း သွေးများပေကျံနေသော ပိန်းသည် အပေါ်ထပ် ခန်းမကြီးထဲမှ ထွက်ပြေးလာခဲ့ပြီးနောက် လှေကားမှတစ်ဆင့် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။ သူ့ပါးစပ်မှလည်း 'ငါရူးနေတယ်ဟေ့ ငါရူးနေတယ်'ဟူ၍ ကြောက်မက်ဖွယ်ရာ အသံနက်ကြီးဖြင့် သွေးရူးသွေးတန်း အော်ဟစ်လာသည်။

ထိုအခိုက် အောက်ထပ်မှ လူတစ်ယောက်သည် လှေကားအတိုင်း အပေါ်ထပ်သို့ ပြေးတက်လာသည်ကို တွေ့ရသည်။

mgyoe.com

mgyoe.com

ပိန်းသည် လှေကားကို တစ်ထစ်ချင်းပြေးဆင်းနေရာမှ တစ်ခါတည်း ဒိုင်ဗင်ထိုးကာ အောက်မှပြေးတက်လာသူကို ခုန်အုပ်လိုက်ပြီး သူ့လက်ထဲမှ ဓားမြှောင်ဖြင့် ထိုလူ၏ရင်ဘတ်ကို ထိုးစိုက်လိုက်သည်။ ထိုလူ၏ ရင်ဘတ်မှ သွေးများဖြာခနဲ ကျလာ၍ နောက်သို့လန်ကျသွားသည်။

ထို့နောက် ပိန်းသည် တွေ့ရာမြင်ရာ လျှောက်ကိုက်လာခဲ့သော ခွေးရူးတစ်ကောင်ကဲ့သို့ တံခါးမကြီးမှ တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့သည်။

အိမ်အပေါ်ထပ်မှ မစ္စက်ဆီးဝဲ့၏ သံကုန်ဟစ်၍ အော်နေသော အသံမှာ လမ်းမပေါ်မှ အတိုင်းသားကြားနေရသည်။ "လူသတ်သွားလို့ပါ လူသတ်သွားလို့ပါ"

ပိန်းသည် ခပ်စောစောက ဟာရိုးလ်နှင့် ခွဲခဲ့သောနေရာသို့ ရောက်သောအခါ ဟာရိုးလ်ကို မတွေ့ရတော့ဘဲ မိမိစီးလာသောမြင်းကိုသာ သစ်ပင်တစ်ပင်တွင် ချည်ထားသည်ကို တွေ့ရသည်။ ချက်ချင်းပင် မိမိအားဟာရိုးလ်က ပစ်ပြေးပြီဟု သိလိုက်သည်။

သို့သော် ဤကိစ္စကို ခေါင်းထဲတွင် ကြာကြာစဉ်းစားနေ၍မဖြစ် အိမ်ကြီးပေါ်မှ အော်သံဟစ်သံများကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လှုပ်လှုပ်ရှားရှား လူသံသူသံများ ကြားနေရပြီဖြစ်ရာ ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားရန်သာ အရေးကြီးသည်။

ပိန်းသည် မြင်းပေါ်သို့ လွှားခနဲတက်လိုက်ပြီးနောက် လာလမ်းအတိုင်း မြင်းကို ဒုန်းစိုင်း၍ ထွက်လာခဲ့သည်။

ပိန်း၏မြင်းသည် ဧပြီလ ၁၄ ရက်နေ့ည၏ မှုန်မွှားသော လရောင်အောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ရာ သွေးကွက်များ သွေးစက်များနှင့်အတူ ပြည်ထဲရေးဝန်ကြီး ဆီးဝဲ့၏အိမ်ကြီးမှာ အော်သံဟစ်သံ ငိုယိုသံများဖြင့် ဆူညံ၍ ကျန်ရစ်ခဲ့သည်။

ခပ်စောစောက မှုန်မှုန်မွှားမွှား ရှိနေခဲ့သော လရောင်သည် ယခုအခါ သစ်ပင်ထိပ်ဖျားမှနေ၍ ဝါရှင်တန်မြို့ပေါ်သို့ ငွေရောင်ခြည်များဖြင့် ပက်ဖြန်းပေးနေသည်။

အချိန်မှာ ၁၀ နာရီ ၄၅ မိနစ်။

mgyoe.com

mgyoe.com

ပြည်တွင်းစစ်ကာလတစ်လျှောက်လုံး ဝါရှင်တန်မြို့တော်၏ အရှေ့တောင်ဘက်အစွန်းမှ အနာကော့စတျားမြစ် (Anacostia River) ကို ဖြတ်ကျော်ဆောက်လုပ်ထားသည့် ရေတပ် ဆိပ်ကမ်းတံတား (Navy Yard Bridge) မှာ ည ၉ နာရီကျော်လျှင် မည်သူမျှ ကူးသန်းသွားလာခွင့်မပြု၊ အစောင့်တာဝန်ကျသော တပ်စိတ်ကလေးတစ်ခုက တံတားထိပ်မှနေ၍ အသွားအလာများကို တားဆီးပိတ်ပင်ခဲ့သည်။

သို့သော် သမ္မတလင်ကွန်းနှင့်တကွ အမေရိကန်ပြည်ထောင်စုကြီး အဖို့ ကြမ္မာဆိုးဝင်သော ထိုနေ့ (ဧပြီလ ၁၄ ရက်နေ့)ညတွင် အဆိုပါ ရေတပ်ဆိပ်ကမ်းတံတား၌ တာဝန်ကျသော အစောင့်တပ်စိပ်ကလေးသည် တာဝန်လစ်ဟင်းခဲ့သည်။ ဝတ္တရားပျက်ကွက်ခဲ့သည်။

ထိုည ၁၀ နာရီ ၄၅ မိနစ်တိတိအချိန်တွင် ဝါရှင်တန်မြို့ဘက်ဆီမှ ဒုန်းစိုင်းလာသော မြင်းခွာသံများကို ကြားရသဖြင့် တံတားစောင့်တပ်စိပ် ကလေး၏ တာဝန်ခံ တပ်ကြပ်ကြီးကော့ (Sergeant Cobb) သည် တံတား ထိပ်မှနေ၍ အသံကြားရာသို့ လှမ်းမျှော်ကြည့်မိသည်။

မြင်းခွာသံမှာ တဖြည်းဖြည်း နီးလာခဲ့ရာ ခဏအကြာတွင် ထိန် ထိန်သာနေသော လရောင်အောက်တွင် မြင်းတစ်စီးဖြင့် ဒုန်းစိုင်းလာနေသော လူတစ်ယောက်ကို မြင်ရသည်။

တပ်ကြပ်ကြီးကော့သည် လုံ့စွပ်တပ်ထားသော သေနတ်ကို အသင့် ကိုင်ကာ တံတားဆီသို့ ချဉ်းကပ်လာသော မြင်းနှင့်လူကို ဆီး၍ တားလိုက် သည်။

"ရပ်... ဘယ်သူလဲ"

"ကျွန်တော်ပါ ကျွန်တော့်နာမည်ဘုသ်ပါ"

တပ်ကြပ်ကြီးသည် ချိုင်းတွင်ညှပ်၍ ချိန်ရွယ်ထားသော သေနတ်ကို အောက်သို့ အနည်းငယ်နှိမ့်ချလိုက်သည်။

"ည ၉ နာရီကျော်ရင် ဒီတံတားကို ဘယ်သူမှ မဖြတ်ရဘူးဆိုတာ မသိဘူးလား"

"ဟုတ်ကဲ့ သိပါတယ်၊ မြို့ထဲမှာ ကိစ္စတစ်ခုရှိနေလို့ ကြာသွားတာပါ၊ ကျွန်တော် ဟိုဘက်ကမ်းက ချားလ်စ်ကောင်တီ (Charles County) မှာ

mgyoe.com

mgyoe.com

နေပါတယ်။ ပြီးတော့ နည်းနည်းမှောင်နေတာနဲ့ လထွက်အောင်စောင့်နေလို့ နောက်ကျသွားတာပါ...”

ဘုသ်၏ အကြောင်းပြချက်ကပင် ယုတ္တိရှိနေ၍ပဲလား၊ သို့တည်းမဟုတ် ဤတံတားတွင် ယခင်ကလည်း ည ၉ နာရီကျော်ပြီးမှ ‘နားလည်မှု’ဖြင့် ဖြတ်သန်းသွားလာခွင့် ပြုခဲ့ဖူး၍လားမသိ၊ တပ်ကြပ်ကြီးကော့သည် နောက်သို့ နှစ်လှမ်းသုံးလှမ်းမျှဆုတ်ကာ ဘုသ်နှင့်တကွ သူစီးလာသော မြင်းကို တံတားပေါ်မှ ဖြတ်ကျော်ခွင့်ပြုလိုက်သည်။

ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စု တပ်မတော်မှ တပ်ကြပ်ကြီးတစ်ဦးသည် အမေရိကန်ပြည်ထောင်စုကြီး၏ သမ္မတဖြစ်သူ လင်ကွန်းအား မိနစ်ပိုင်းအတွင်းက လုပ်ကြံသတ်ဖြတ်လာခဲ့သော လူသတ်ကောင်ဘုသ်ကို သာမန်အရပ်သား လူရိုးလူကောင်းတစ်ယောက်အဖြစ် ဘေးမဲ့ပေးလိုက်ခဲ့သည်။

တပ်ကြပ်ကြီးကော့သည် ယင်းသို့ အလွန်တရာ ကြီးမားလှသည့် ‘အမှားအယွင်း’တစ်ခုကို ကျူးလွန်ခဲ့ပြီးနောက် များမကြာမီ ဒုတိယ ‘အမှားအယွင်း’ တစ်ခုကို ဆက်လက်ကျူးလွန်မိခဲ့ပြန်သည်။

ဒုတိယအမှားအယွင်းကား ဘုသ်ကို တံတားပေါ်မှ ဖြတ်ကျော်ခွင့်ပြုခဲ့ပြီးနောက် မိနစ်အနည်းငယ်မျှအကြာတွင် မြင်းတစ်စီးဖြင့် ထပ်မံရောက်ရှိလာသော လူတစ်ယောက်ကို ဒုတိယအကြိမ် တံတားပေါ်မှ ဖြတ်ကျော်သွားခွင့် ပြုလိုက်ခြင်းပင်ဖြစ်သည်။

တပ်ကြပ်ကြီးကော့သည် ထိုသူကိုလည်း ဘုသ်ကဲ့သို့ပင် စစ်ဆေးမေးမြန်းခြင်းတော့ ပြုလုပ်ခဲ့သေးသည်။

“ခင်ဗျား ဘာဖြစ်လို့ ဒါလောက်နောက်ကျရတာလဲ”

“ကျွန်တော် အမျိုးသမီးတစ်ယောက်နဲ့တွေ့နေလို့ အိမ်ပြန်နောက်ကျနေတာပါ၊ ကျွန်တော့်နာမည် သောမတ်စ်ပါ”

တစ်ဖက်သား၏ အကြောင်းပြချက်ကို လွယ်လွယ်ဖြင့် လက်ခံယုံကြည်တတ်ဟန်တူသော တပ်ကြပ်ကြီးသည် အစောင့်စစ်သားများကို ခေါင်းညိတ်ပြလိုက်သည်။ စစ်သားများသည် တံတားထိပ်တွင် ကန့်လန့်ဖြတ်ပိတ်၍ကာထားသော သစ်သားတန်းကြီးကို မပေးလိုက်ကြသည်။

mgyoe.com

mgyoe.com

ယင်းသို့ တပ်ကြပ်ကြီးကော့၏ ခွင့်ပြုချက်အရ ရေတပ်ဆိပ်ကမ်းတံတားပေါ်မှ ဒုတိယအကြိမ် ဖြတ်သန်းသွားခဲ့သူမှာ သူ့ကိုယ်သူ 'သောမတ်စ်'ဟူ၍ နာမည်လိမ်ပြောခဲ့သော ဟာရီးလ်ပင်တည်း။

နောက်ထပ် မိနစ်အနည်းငယ် ကြာပြန်သောအခါ မြင်းတစ်စီးဖြင့် လူတစ်ယောက် ကဆုန်ပေါက်၍ ရောက်လာပြန်သည်။ ဤတတိယလူမှာ လူသတ်ဂိုဏ်းသားတစ်ဦးဖြစ်သူ ဟာရီးလ်နောက်သို့ လိုက်လာသူဖြစ်သည်။

သို့သော် ဤလူမှာ ပြည်ထဲရေးဝန်ကြီး ဆီးဝါ့၏အိမ်တွင် မိမိအားတစ်ယောက်တည်း ထားပစ်ခဲ့ရသလောဟူ၍ မကျေမချမ်းဖြစ်ကာ ဟာရီးလ်နောက်သို့ လိုက်လာသည့် လူးဝစ္စပိန်းမဟုတ်၊ မိမိ မြင်းဇောင်းမှမြင်းကို ၉ နာရီအရောက် ပြန်ပို့ပါမည်ဟူ၍ ကတိပြုကာ ငှားစီးသွားခဲ့ပြီး ယခုအထိ မြင်းကို ပြန်မပို့သဖြင့် ဟာရီးလ်နောက်သို့ ကဆုန်စိုင်း၍ လိုက်လာသော မြင်းဇောင်းပိုင်ရှင် ဂျွန်ဖလက်ချားဆိုသူပင် ဖြစ်သတည်း။

ဟာရီးလ်သည် လူးဝစ္စပိန်အား ဆီးဝါ့အိမ်သို့ ပို့ထားခဲ့ပြီးနောက် ရေတပ်ဆိပ်ကမ်းတံတားသို့အလာ၊ ညနေက မြင်းငှားခဲ့သည့် မြင်းဇောင်းရှေ့မှ ဖြတ်လာခဲ့မိသဖြင့် မြင်းဇောင်းပိုင်ရှင် ဖလက်ချားက သူ့ကိုတွေ့မြင်သွားခဲ့ခြင်းဖြစ်သည်။

ဖလက်ချားသည် ဟာရီးလ်နောက်မှ မြင်းတစ်စီးဖြင့် နောက်ယောင်ခံ၍ လိုက်လာခဲ့ရာ ရေတပ် ဆိပ်ကမ်းတံတားအရောက်တွင် ပျောက်ချင်းမလှ ပျောက်သွားသဖြင့် ဟာရီးလ်သည် တံတားပေါ်မှဖြတ်ကာ တစ်ဖက်သို့ ကူးသွားပြီဖြစ်ကြောင်း သိလိုက်သည်။

သို့ဖြစ်ရာ သူသည် တံတားထိပ်မှနေ၍ သူ့အား တားဆီးပိတ်ဆို့ထားသော အစောင့်စစ်သားများနှင့် တပ်ကြပ်ကြီးကော့တို့ကို အကျိုးအကြောင်း ရှင်းလင်းပြနေရသည်။ စောစောက မိမိရှေ့မှ မြင်းတစ်စီးဖြင့် တံတားကို ဖြတ်ကျော်သွားသူမှာ မိမိမြင်းဇောင်းမှမြင်းကို ခိုးပြေးသူဖြစ်သဖြင့် ထိုသူကို လိုက်လံဖမ်းဆီးရန် တံတားကို ဖြတ်ကျော်သွားခွင့်ပြုပါမည့်အကြောင်း အစောင့်များကို တောင်းပန်ပြောဆိုရသည်။

သည်တစ်ချီတွင်မူ တပ်ကြပ်ကြီးကော့သည် ဖလက်ချား၏စကားကို မယုံကြည်၍ဘဲလား၊ သို့မဟုတ် သတ်မှတ်ထားသောအချိန် ကျော်လွန်ပြီးမှ

mgyoe.com

mgyoe.com

တံတားပေါ်သို့ တစ်ယောက်က နှစ်ယောက်၊ နှစ်ယောက်က သုံးယောက် စသည်ဖြင့် ဖြတ်သန်းသွားလာခွင့် ပြုနေခဲ့ပါက မိမိအပေါ်တွင် တာဝန်ကျလာမည်ကို စိုးရိမ်၍ပဲလားမသိ၊ တကယ်ရိုးသားစွာ အဖြစ်မှန်အတိုင်း ပြောဆိုတောင်းပန်နေသော ဖလက်ချားကျကာမှ တံတားပေါ်သို့ ဖြတ်ကျော်ခွင့် လုံးဝမပြုတော့ဘဲ နှင်ထုတ်လိုက်တော့သည်။

ဤသို့ဖြင့် တပ်ကြပ်ကြီးကော့သည် တတိယအကြိမ် အမှားအယွင်းကြီးတစ်ခုကို ထပ်မံကျူးလွန်မိခဲ့ပြန်သည်။

စင်စစ်အားဖြင့် တပ်ကြပ်ကြီးကော့သည် ဤအမှားအယွင်းများကို 'မတော်တဆ' ကျူးလွန်ခဲ့မိခြင်း ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် သမ္မတလင်ကွန်းအား ဖို့ဒ်ဇာတ်ရုံထဲတွင် သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် ဘုသ်သည် မိနစ်ပိုင်းအတွင်း ရေတပ်ဆိပ်ကမ်းတံတားသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ရာ တပ်ကြပ်ကြီးကော့အဖို့ သမ္မတလင်ကွန်း လုပ်ကြံခံရသည့်သတင်းကို လုံးဝမကြားရ မသိရသေးသောကြောင့်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ လူသတ်သမားဘုသ်နှင့် သူ၏တပည့်ကျော် ဟာရိုးလ်တို့သည် ဝါရှင်တန် နယ်နိမိတ်မှ ဘေးမသီ ရန်မခဘဲ လွတ်မြောက်လာခဲ့ကြပြီဖြစ်သည်။

ဟာရိုးလ်သည် ရေတပ်ဆိပ်ကမ်းတံတားကို ဖြတ်ကျော်လာခဲ့ပြီးနောက် အနာကော့စရှားမြစ်နှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် သူ့ဆရာ ဘုသ်ကို မှီလာခဲ့၍ ဆရာတပည့်နှစ်ယောက် ပြန်လည်ဆုံစည်းမိကြသည်။

ထိုသို့ ဆရာတပည့်နှစ်ယောက် ပြန်ပေါင်းမိကြသဖြင့် တအားတက်လာခဲ့သည်မှန်သော်လည်း ဘုသ်အဖို့ ရာဇဝတ်ဘေးမှ လွတ်အောင်ပြေးရာတွင် အဟန့်အတားတစ်ခု တွေ့လာရသည်။

ယင်းအဟန့်အတားကား အခြားမဟုတ် ခြေထောက်မှ ဒဏ်ရာသည် သိသိသာသာကြီး နာကျင်လာခြင်းပင်ဖြစ်သည်။

ဤဒဏ်ရာမှာ ဖို့ဒ်ဇာတ်ရုံထဲတွင် သမ္မတလင်ကွန်းအား သေနတ်ဖြင့် ပစ်သတ်ပြီးနောက် ဗိုလ်မှူးရယ်ဘုန်းနှင့် လုံးလားထွေးလား ဖြစ်ကာ ပွဲကြည့်ဆောင်မှ အောက်ဘက် ဇာတ်ခုံပေါ်သို့ ခုန်အချတွင် အလံဖြင့်ငြိ၍ တလိမ့်ခေါက်ကွေးကျခဲ့စဉ်က ရခဲ့သော ဒဏ်ရာဖြစ်သည်။

mgyoe.com

mgyoe.com

ဒဏ်ရာမှာ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်တွင်ဖြစ်၍ အဆစ်လွဲသွားခဲ့ခြင်းဖြစ်သည်။

သို့သော် ထိုစဉ်က သွေးပူနေသဖြင့်တစ်ကြောင်း သေရေးရှင်ရေး ခွေးပြေးဝက်ပြေး ပြေးခဲ့ရသဖြင့်တစ်ကြောင်း နာရမှန်း ကျင်ရမှန်းမသိခဲ့။

ယခုမူ ဝါရှင်တန်မြို့နှင့် အတန်ငယ်ဝေးလာခဲ့၍ ရန်သူနှင့် ကင်းဝေးကာ သွေးအေးလာပြီဖြစ်ရာ အဆိုပါ ခြေချင်းဝတ်မှ ဒဏ်ရာမှာ သိသိသာသာကြီး ကိုက်ခဲနာကျင်လာခဲ့သည်။ ထို့ပြင် သေပြေးရှင်ပြေး မြင်းကို ဒုန်းစိုင်း၍ပြေးလာခဲ့ရသဖြင့် အာခေါင်များခြောက်ကာ ရေအလွန်ငတ်လာသည်။

သို့သော် နောက်ပိုင်း ရန်မအေးသေးသဖြင့် ဘုသ်သည် ခြေထောက်မှ ဒဏ်ရာ နာကျင်ကိုက်ခဲလာသည်ကို ကြိတ်မှိတ်အောင့်အည်း၍ ခရီးဆက်နှင်လာခဲ့ရာ ညသန်းခေါင်အချိန်တွင် ဝါရှင်တန်မြို့၏ တောင်ဘက် ခပ်ယွန်းယွန်း ၁၀ မိုင်ခန့်အကွာရှိ 'ဆာရပ်ရိပ်သာ' (Surrattsville) အမည်ရှိ အိမ်တစ်အိမ်သို့ ရောက်လာခဲ့ကြသည်။

ဤအိမ်ကလေးတွင် ဂျွန်လွိုက် (John Lloyd) ဆိုသူ အရက်သမားတစ်ယောက်ရှိသည်။ ဘုသ်သည် ဤအိမ်ကလေးသို့ ယခင်က မကြာခဏရောက်ဖူးခဲ့ရုံမျှမက သမ္မတလင်ကွန်းကို ဖမ်း၍ ပြန်ပေးဆွဲရန် ကြံစည်ခဲ့စဉ်က လက်နက်ကိရိယာ တန်ဆာပလာများကို ဂျွန်လွိုက်၏ အကူအညီဖြင့် ဤအိမ်ကလေးမှာပင် ဝှက်ထားခဲ့ဖူးသည်။

ဂျွန်လွိုက်သည် ညသန်းခေါင်ကျော် အချိန်မတော် ရောက်လာကြသော ဘုသ်နှင့် ဟာရိုးလ်တို့ကို တအံ့တသြ ဖြစ်မနေဘဲ တံခါးဖွင့်ပေးကာ ဝီစကီ အရက်တစ်ပုလင်းထုတ်၍ တိုက်သည်။ ထို့နောက် ယခင်က ၎င်းတို့လာ၍ဝှက်ထားကြသော လက်နက်များကို ထုတ်ပေးသည်။

ဝီစကီနှစ်ခွက် သုံးခွက်ခန့် ဆက်တိုက်မော့လိုက်ရသဖြင့် ဒဏ်ရာသက်သာကာ အတန်ငယ် အားပြည့်လာသော ဘုသ်နှင့် ဟာရိုးလ်တို့သည် ကြာကြာအချိန်ဖြုန်းမနေဘဲ 'ဆာရပ်ရိပ်သာ'မှ ခရီးဆက်၍ ထွက်လာခဲ့ကြသည်။

mgyoe.com

mgyoe.com

သူတို့နှစ်ယောက်၏ ခရီးစဉ်ရည်မှန်းချက်မှာ ဆာရပ်ရိပ်သာမှ 'တိုဘက်ကိုဆိပ်ကမ်း' (Port Tobacco) သို့ အရောက်သွားကြရန်ဖြစ်သည်။ ထိုဆိပ်ကမ်းတွင် လှေတစ်စင်း အသင့်ရှိနေမည်ဖြစ်ရာ ထိုလှေဖြင့် ပိုတိုဘက်မြစ်ကို ဖြတ်ကူး၍ ထိုမှတစ်ဆင့် တောင်ပိုင်းဒေသသို့ ထွက်ပြေးကြရန် ကြံရွယ်ထားသည်။

သို့သော် ဆာရပ်ရိပ်သာမှ ဆက်လက်ထွက်ခွာလာခဲ့၍ နောက်ထပ် ဆယ်မိုင်ခန့်အရောက်တွင် ဘုသ်၏ ခြေထောက်မှဒဏ်ရာသည် တစ်ဖန်ပြန်၍ နာလာပြန်သည်။

သုံးနာရီခန့် မြင်းကုန်းနှီးပေါ်တွင်ထိုင်ကာ ဆက်တိုက်ခရီးပြင်းနှင်လာခဲ့ရသဖြင့် ခြေထောက်တွင် သွေးကျ၍ ခြေချင်းဝတ်မှ ဒဏ်ရာသည် သိသိသာသာကြီး ရောင်လာသည်ကို တွေ့ရသည်။ ထို့ပြင် မြင်းစီးဖိနပ်ရှည်ကြီးကိုလည်း နာရီပေါင်းများစွာ မချွတ်ဘဲ စီးထားရပြန်ရာ ဒဏ်ရာမှာ ပိတ်လှောင်ပြီး အတွင်းမှ အပူလောင်၍ မခံမရပ်နိုင်အောင် နာကျင်လာသည်။

နောက်ဆုံးတွင် ဘုသ်သည် ခရီးကလည်းပန်း၊ ခြေထောက်မှ ဒဏ်ရာကလည်း အကြီးအကျယ် ရောင်ရမ်းလာသဖြင့် အဖျားသွေးဝင်ကာ မြင်းကိုပင် ကောင်းစွာမစီးနိုင်တော့ဘဲ ဖြစ်လာသည်။ တစ်ချက်တစ်ချက် သတိလစ်ကာ မြင်းပေါ်မှ လိမ့်ကျမတတ်ပင် ဖြစ်လာသည်။

ဤတွင် ဘုသ်သည် ခရီးဆက်မသွားနိုင်တော့ဘဲ ဆရာဝန်ရှိရာ အနီးဆုံး အိမ်တစ်အိမ်သို့သွားရန် ဟာရိုးလ်အား ပြောရတော့သည်။

ဘုသ်ခြေထောက်မှ ဒဏ်ရာအခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်လာသည်ကို တွေ့နေရသော ဟာရိုးလ်သည်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ မိမိသွားရန် ကြံရွယ်ထားသော လမ်းကြောင်းမှ လက်ဝဲဘက်သို့ လမ်းခွဲကာ အနီးဆုံး ဆရာဝန်တစ်ယောက်ထံ ဘုသ်ကို ခေါ်လာခဲ့ရသည်။ သို့နှင့်ပင် သူတို့နှစ်ယောက်သည် ဘရိုင်ယန်မြို့ကလေး (Bryan Town) အနီးရှိ ဆရာဝန် ဒေါက်တာဆင်မြူယယ်မတ် (Dr. Samuel Mudd) ၏ နေအိမ်သို့ နံနက် လင်းအားကြီး ၄ နာရီအချိန်လောက်တွင် ရောက်လာကြသည်။

mgyoe.com

mgyoe.com

ဟာရိုးလ်သည် မြင်းပေါ်မှဆင်းကာ ဒေါက်တာမတ်၏ အိမ်ဝင်းတံခါးကိုခေါက်၍ အသံပြုလိုက်ရာ ခဏအကြာတွင် အထဲမှပြန်၍ မေးသံကို ကြားရသည်။

"အပြင်ဘက်က ဘယ်သူလဲ"

အကင်းပါး၍ ဉာဏ်များလှသော ဟာရိုးလ်က မိမိတို့သည် ခရီးသွားဧည့်သည်များဖြစ်ကြောင်း၊ လမ်းခရီးတစ်နေရာတွင် မိမိနှင့်အတူပါသူအဖော်မှာ မြင်းပေါ်က မတော်တဆလိမ့်ကျ၍ ခြေထောက်တွင် ဒဏ်ရာရသဖြင့် ဆေးထည့်ရန် လာခဲ့ရခြင်းဖြစ်ကြောင်း ယုတ္တိရှိအောင် 'ဖြီး' လိုက်သည်။

မကြာမီအတွင်းမှ လှုသံသူသံများ ကြားရပြီး တံခါးဖွင့်ကာ ဒေါက်တာမတ်ကိုယ်တိုင် ထွက်လာသည်ကို တွေ့ရသည်။

ဒေါက်တာမတ်သည် မြင်းပေါ်တွင် သတိမရတစ်ချက် ရတစ်ချက်ဖြစ်ကာ အဖျားသွေးဝင်နေသော ဘုသ်ကို ခေတ္တမျှ အကဲခတ်ကြည့်လိုက်ပြီးနောက် ဟာရိုးလ်နှင့်အတူ နှစ်ယောက်သား ဘုသ်ကို မြင်းကုန်းနှီးပေါ်မှ ပွေ့၍ချကြသည်။

ဘုသ်သည် ဒေါက်တာမတ်အိမ်သို့ ယခင်က တစ်ကြိမ်နှစ်ကြိမ်မျှ ဝင်ထွက်သွားလာခဲ့ဖူးရာ မိမိအား မှတ်မိမည်စိုးသဖြင့် အတော်အတန် သတိမရတရ ဖြစ်နေသည်ကို ပို၍ သတိလစ်ဟန်ဆောင်ကာ ဦးခေါင်းကို ငိုက်စိုက်ချထားသည်။

ဒေါက်တာမတ်သည် ဘုသ်အား အိမ်ခန်းထဲရှိ ခုတင်တစ်ခုပေါ်တွင် ပွေ့တင်ထားပြီးနောက် ခြေထောက်မှ ဒဏ်ရာကို စမ်းသပ်ကြည့်သည်။ ဒဏ်ရာမှာ အတော်ပင် ဆိုးဆိုးဝါးဝါးဖြစ်နေ၍ ခြေချင်းဝတ် အောက်ပိုင်းတစ်ခုလုံး ရောင်ကိုင်းပြီး စီးထားသော မြင်းစီးဖိနပ်ကိုပင် ချွတ်မရအောင် ဖြစ်နေသည်။

ဤတွင် ဒေါက်တာမတ်သည် ဘုသ်၏ ခြေထောက်မှ မြင်းစီးဖိနပ်ကို ဓားထက်ထက်ဖြင့်ခွဲကာ ခဲခဲယဉ်းယဉ်း ချွတ်ယူရသည်။ ပြီးမှ ဒဏ်ရာကို ဆေးကြောကာ ခွဲစိတ်ကုသ၍ ဆေးများထည့်ကာ ပတ်တီးစီးပေးသည်။
mgyoe.com

mgyoe.com

ဘုသ်၏ ခြေထောက်မှ ဒဏ်ရာကို ခွဲစိတ်ကုသပြီးသည့်အချိန်မှာ အရဏ်ကျင်း၍ မိုးလင်းစပြုလာသည့်အချိန်ဖြစ်ရာ ဒေါက်တာမတ်သည် ဘုသ်နှင့် ဟာရီးလ်တို့ကို နေအိမ်တွင် ထားရစ်ကာ မနီးမဝေးရှိ လယ်တောသို့ ထွက်သွားခဲ့သည်။

သို့နှင့်ပင် ဝါရှင်တန်မြို့ ဖို့ဒ်ဇာတ်ရုံဘေးရှိ တည်းအိမ်ကလေး၏ တစ်ခုသော အိပ်ခန်းထဲတွင် သမ္မတလင်ကွန်းသည် အမေရိကန်ပြည်ကြီးနှင့်တကွ လူ့လောကကြီးတစ်ခုလုံးကို စွန့်ခွာ၍ 'မထသော အိပ်ခြင်းမျိုး' ဖြင့် အိပ်ပျော်သွားသည့်အချိန်၌ လူသတ်သမားဘုသ်သည် ဝါရှင်တန်မြို့မှ မိုင် ၂၀ ကျော်မျှ ကွာဝေးသည့် ဘရိုင်ယန်မြို့ကလေးအနီး ဆရာဝန်ဒေါက်တာမတ်၏ အိမ်ခန်းထဲတွင် ခြေထောက်မှဒဏ်ရာကို ကောင်းစွာ ခွဲစိတ်ကုသခြင်း ခံရပြီးနောက် ခရီးပန်းလာသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေပြီဖြစ်သတည်း။

❐

mgyoe.com

mgyoe.com

## အိပ်ချ်လမ်း အိမ်အမှတ် ၅၄၁

သမ္မတလင်ကွန်းအား ဖို့ဒ်ဇာတ်ရုံထဲတွင် လုပ်ကြံခဲ့ရသည့်အချိန်က ဝါရှင်တန်မြို့တော် ရဲမင်းကြီးဖြစ်သူ ဗိုလ်မှူး အေ–စီ–ရစ်ချတ် (Major A.C.Richards) သည် ပွဲခင်းထဲတွင် ရှိနေခဲ့သည်။

သူသည် သမ္မတပွဲကြည့်ဆောင်မှ ဇာတ်ရုံပေါ်သို့ တလိမ့်ခေါက်ကွေး ကျလာသော ဘုသ်ကို မြင်လိုက်ရသည်ဖြစ်ရာ မြင်လျှင်မြင်ချင်း ဘုသ်ကို မှတ်မိလိုက်သည်။

သူသည် ချက်ချင်းပင် ထိုညက သမ္မတ ပွဲကြည့်ဆောင်တွင် တာဝန်ကျသော အစောင့်ရဲသားကို လိုက်ရှာသည်။ သို့သော် ထိုရဲသားကို လုံးဝရှာမတွေ့ဘဲရှိနေရာ ဇာတ်ခုံတစ်ခုလုံး ဝရုန်းသုန်းကားဖြစ်နေခိုက် ရဲဌာနချုပ်သို့ ပြန်ပြေးလာခဲ့သည်။

ထို့နောက် ရဲဌာနချုပ်မှနေ၍ ရဲတပ်ဖွဲ့ဝင်များနှင့် စုံထောက်များကို ဖို့ဒ်ဇာတ်ရုံသို့ အလျင်အမြန် စေလွှတ်ခဲ့သည်။ မသင်္ကာဖွယ်ရာ လူမှန်သမျှ အမြန်ဆုံး ဖမ်းဆီးရန်နှင့် အချင်းဖြစ်ပွားရာတွင် မျက်မြင်ကိုယ်တွေ့ရှိနေသော သက်သေများကိုလည်း သူ့ထံ အမြန်ဆုံးခေါ်ဆောင်လာရန် အမိန့်ပေးခဲ့သည်။

ရဲမင်းကြီး ရစ်ချတ်သည် ယင်းသို့ မျက်မြင်သက်သေ အတော်များများကို ကိုယ်တိုင် ရဲဌာနချုပ်သို့ ခေါ်ယူစစ်ဆေး၍ အသေးစိတ် မေးမြန်းခဲ့ပြီးနောက် ညသန်းခေါင်ကျော် ၂ ချက်တီးအချိန်လောက်တွင် ဤလူမှ

mgyoe.com

mgyoe.com

ကြံမှုကြီးနှင့် ပတ်သက်၍ ဂျွန်ဝီလ်ကီဘုသ်၊ ဒေးဗစ်ဟာရိုးလ်နှင့် ဂျွန်ဆာရတ်အမည်ရှိ လူ ၃ ဦးပါဝင်နေကြောင်း အခိုင်အမာ အတိအကျ သိလာသည်။

ထို့ပြင် ဤလုပ်ကြံမှုကြီးအတွက် ပြင်ဆင်စိုင်းပြင်းကြရာ၌ လူသတ်သမားများ မကြာခဏ တွေ့ဆုံခဲ့ကြသည့် လူသတ်ဂိုဏ်းဌာနချုပ် အဆောက်အအုံ တည်နေရာကိုပါ တပ်တပ်အပ်အပ် သိခဲ့ရသည်။

အဆိုပါ လူသတ်သမားများ၏ ဌာနချုပ်ကား အခြားမဟုတ်၊ အိပ်ချ်လမ်းမှ အိမ်အမှတ် ၅၄၁ ပင်တည်း။

ယင်းသို့ သတင်းအတိအကျရလျှင်ရခြင်း ရဲမင်းကြီး ရစ်ချတ်သည် အထက်ဖော်ပြပါ အိပ်ချ်လမ်း အိမ်အမှတ် ၅၄၁ ကိုဝိုင်း၍ တရားခံဘုသ်နှင့် ဂျွန်ဆာရတ်တို့ကို ဖမ်းဆီးရန် စုံထောက်အရာရှိ ဂျွန်ကလာဗိုး (John Clarvoe) အား စေလွှတ်လိုက်သည်။

စုံထောက်အရာရှိ ကလာဗိုးသည် ရဲတပ်ဖွဲ့ဝင် ဆယ်ယောက်နှင့်အတူ အိပ်ချ်လမ်းသို့ ချက်ချင်းထွက်လာခဲ့သည်။

အိမ်အမှတ် ၅၄၁ သို့ စုံထောက်အရာရှိနှင့် နောက်ပါရဲတပ်ဖွဲ့ဝင်များရောက်သွားသောအခါ အချိန်မှာ ည ၂ နာရီ ၁၅ မိနစ်တိတိ ရှိပြီဖြစ်သည်။

ဧည့်သည်ခေါင်းလောင်းကို နှစ်ကြိမ်မျှ ခပ်ကြာကြာကလေး တီးလိုက်ရာ ခဏအကြာတွင် အတွင်းမှ လူတစ်ယောက် တံခါးလာဖွင့်ပေးသည်ကို တွေ့ရသည်။

ထိုသူမှာ ဤအိမ်တွင် အိမ်ခန်းငှားနေသော လူးဝစ္စဝိုက်ချ်မန်း (Louis Weichmann) ဆိုသူဖြစ်သည်။

စုံထောက် ကလာဗိုးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဝိုက်ချ်မန်းကတံခါးလာဖွင့်ပေးသည်နှင့် တစ်ပြိုင်နက် ဗြုန်းခနဲ အိမ်ထဲသို့ပြေးဝင်ကာ တစ်ခန်းပြီးတစ်ခန်း ဝင်ရှာကြသည်။

ဝိုက်ချ်မန်းမှာ ရဲတပ်ဖွဲ့ဝင်များ၏ ရေးကြီးသုတ်ပျာနိုင်လှပုံကို ကြည့်ကာ ထိတ်လန့်အံ့သြ၍ ဘာကစပြီး ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

mgyoe.com

mgyoe.com

နောက်မှ… လေသံကိုနှိမ့်ကာ "နေကြပါဦး ဒီလိုအချိန်မျိုးကြီးကျမှ ဒီအိမ်ထဲဝင်ရှာကြတာ ဘာများဖြစ်လာကြလို့လဲဗျာ…"ဟူ၍ မေးရာသည်။

စုံထောက် ကလာဗိုးသည် ဝိုက်ချ်မန်း၏ မေးခွန်းကြောင့် တအံ့တသြဖြစ်သွားဟန်ဖြင့် သူ့ကို စိုက်ကြည့်လိုက်သည်။

ပြီးမှ…

"ခင်ဗျားဆိုလိုတဲ့သဘောက ညက ဘာဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျား မသိဘူးလို့ ဆိုချင်တာပေါ့လေ ဟုတ်လား"ဟု ပြန်မေးလိုက်သည်။

ဝိုက်ချမန်းသည် တကယ်ပင် မသိဟန်ဖြင့် ဦးခေါင်းကို ရမ်းပြလိုက်သည်။

ဤတွင် ကလာဗိုးက ဘောင်းဘီအိတ်ထဲမှ လည်စီးအနက်စတစ်ခုကို ဆွဲထုတ်၍ ပြလိုက်သည်။

"ဒီလည်စီးပေါ်က သွေးစတွေကို ခင်ဗျား တွေ့ရဲ့လား၊ ဒါဟာ သမ္မတလင်ကွန်းရဲ့ သွေးတွေဗျ သိရဲ့လား လင်ကွန်းရဲ့သွေးတွေ၊ ဂျွန်ဝီလ်ကီဘုသ်ဆိုတဲ့အကောင်က သမ္မတလင်ကွန်းကို သတ်သွားပြီ"

ကလာဗိုး၏ စကားအဆုံးတွင် အိမ်ရှင်ဖြစ်သူ မစ္စက်ဆာရတ်သည် အခန်းထဲသို့ အိပ်မှုန်စုံမွှားဖြင့် ဝင်လာရာ ဝိုက်ချ်မန်းက သူမဘက်သို့ လှည့်၍ "ဒီမယ်… သမ္မတလင်ကွန်း အသတ်ခံရလို့တဲ့"ဟူ၍ ပြောချလိုက်သည်။ ဝိုက်ချ်မန်း၏စကားကြောင့် မစ္စက်ဆာရတ်မှာ ရုတ်တရက် အထိတ်တလန့်ဖြစ်သွားကာ ပါးစပ်အဟောင်းသားဖြင့် ရှိနေရာမှ "ဘုရား… ဘုရား ဘယ်လိုပြောလိုက်တာလဲ မစ္စတာဝိုက်ချ်မန်းရယ်…" ဆိုလိုက်မိသည်။

သူမ၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် တကယ်ထိတ်လန့်အံ့သြသွားသည်ဟု ကလာဗိုးက ထင်လိုက်မိသည်။

ထိုနောက် ကလာဗိုးသည် မစ္စက်ဆာရတ်အား ကြောက်ရွံ့ထိတ်လန့်မနေဘဲ ခေါင်းအေးအေးထားရန် ဖျောင်းဖျပြောဆိုပြီးမှ ဘုသ်နှင့် ဂျွန်ဆာရတ်တို့ ဤအိမ်တွင်ရှိမရှိ၊ ဘုသ်ကို မစ္စက်ဆာရတ် သိမသိ မေးကြည့်သည်။

mgyoe.com

mgyoe.com

မစ္စက်ဆာရတ်ကလည်း ဇာတ်မင်းသား ဘုသ်ကို မြင်ဖူး တွေ့ဖူး ကြောင်း၊ လူချင်းလည်းသိကြောင်း ဤ 'မင်းသား' ကို မနေ့ညနေဘက်က ၂ နာရီလောက်တွင် တွေ့လိုက်ရသေးကြောင်း၊ သို့သော် မိမိသားဖြစ်သူ ဂျွန်ဆာရတ်ကိုမူ မတွေ့ရ မမြင်ရသည်မှာ တနင်္ဂနွေနှစ်ပတ်ခန့်ပင် ရှိပြီ ဖြစ်ကြောင်းများကို အစစ်ခံသွားသည်။

စုံထောက် ကလာဗိုးမှာ အကျပ်ရိုက်သွားသည်။ သူ့တာဝန်မှာ ရဲမင်းကြီးရစ်ချတ်၏ အမိန့်အရ ဘုသ်နှင့် ဂျွန်ဆာရတ်တို့ကို ဖမ်းဆီးရန် ဖြစ်သည်။ သို့သော် ထိုနှစ်ယောက်စလုံးကို ဤအိမ်တွင် မတွေ့ရ၊ ဤ အိမ်တွင် လုံးဝမရှိသည်မှာလည်း သေချာနေသည်။ သို့ဖြစ်ရာ မည်သို့ကြံရ ပါမည်နည်း။

မည်သို့မှ ကြံစရာမလို ကြံ၍လည်းမဖြစ်၊ အလိုရှိသော တရားခံ နှစ်ယောက်ကို မတွေ့ရသည့်နောက် ပြန်ရန်သာရှိသည်။

ကလာဗိုးနှင့် ရဲတပ်ဖွဲ့ဝင်များ ရဲဌာနချုပ်သို့ ပြန်ရန်ပြင်ဆင်နေ ကြစဉ် ဝိုက်ချ်မန်းက ဘုသ်အား ရှာဖွေဖမ်းဆီးရာတွင် မိမိ အကူအညီ ပေးလိုပါသည်ဟု ဆိုသဖြင့် သူ့ကို နောက်တစ်နေ့နံနက် ၈ နာရီ ရဲဌာန ချုပ်သို့ ဆက်ဆက်လာခဲ့ရန် ကလာဗိုးက မှာထားခဲ့သည်။

ထိုညက လင်းအားကြီးအချိန်တွင် ကလာဗိုးသည် ရဲဌာနချုပ်သို့ ပြန်ရောက်ပြီးနောက် ရဲမင်းကြီး ရစ်ချတ်အား မည်သို့မည်ပုံ အစီရင်ခံ သည်ကို မသိရသော်လည်း နောက်နှစ်ရက်မျှအကြာ ဧပြီလ ၁၇ ရက် နေ့ညတွင်မူ ဝါရှင်ဝန်မြို့စောင့်တပ်မှ ဗိုလ်ချုပ်ကြီး ခရစ္စတိုဖာအော်ဂါ (General Christopher Augur) ၏ အမိန့်အရ အိပ်ချ်လမ်း အိမ်အမှတ် ၅၄၁ မှ အိမ်ရှင် မစ္စက်ဆာရတ်နှင့်တကွ အိမ်ငှားနေသူအားလုံး တစ်ယောက် မကျန် ဖမ်းဆီးရန် အမိန့်ထွက်လာခဲ့သည်။

စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် အထက်ပါ အမိန့်ထုတ်ပြန် ပြီးလျှင် ပြီးချင်း ညတွင်းချင်းပင် အိပ်ချ်လမ်းမှ အိမ်ကြီးကို ဝိုင်း၍ အိမ်ရှိ လူအားလုံး တစ်ယောက်မကျန် ဖမ်းကြသည်။

ဤအိမ်ကြီးမှာ လူပေါင်းစုံ တည်းခိုနေသည့် အငှားအိမ်ကြီးဖြစ်ရာ ဤအထဲတွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့ကို ဖမ်းသည့်

mgyoe.com

mgyoe.com

အချိန်မှာ ညကြီးမင်းကြီးဖြစ်ရာ စစ်သားများ စုံထောက်များနှင့် ရဲတပ်ဖွဲ့ဝင်များသည် ယောကျ်ားများကို အိမ်အောက်ထပ် အခန်းကျယ်ကြီးထဲတွင် စုရုံးထားပြီး အမျိုးသမီးများ အဝတ်အစားလဲနေကြသည်ကို စောင့်နေကြရသည်။

စစ်သားအချို့က အိမ်ကြီး၏ ပတ်ဝန်းကျင်တစ်ဝိုက် မှောင်ရိပ်ကို ခို၍ အိမ်ကြီးကို ဝိုင်းထားကြသည်။

ထိုအခိုက် ည ၁၁ နာရီ မိနစ် ၂၀ အချိန်တွင် ဤအိမ်ကြီးဆီသို့ ဦးတည်လာနေဟန်တူသော လူတစ်ယောက်၏ ဖိနပ်သံကို ပလက်ဖောင်းပေါ်မှတစ်ဆင့် "ဂေါက် ဂေါက် ဂေါက် ဂေါက်" ဟူ၍ ကြားကြရသည်။

ခဏအကြာတွင် အဆိုပါ ဖိနပ်သံနှင့်အတူ အရပ်ထောင်ထောင် မောင်းမောင်းဖြင့် လူတစ်ယောက်သည် အဆိုပါအိမ်ကြီးရှေ့သို့ ရောက်လာသည်။

ထိုအမည်မသိ လူ၏ ပခုံးပေါ်တွင် ပေါက်ပြားတစ်လက်ထမ်းလာသည်ကို တွေ့ရသည်။

ထိုလူသည် အိမ်အမှတ် ၅၄၁ ရှေ့တွင် ခေတ္တမျှရပ်၍ ဟိုဟိုသည်သည် နောက်ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက် သူသည် ညှင်သည်ခေါင်းလောင်းကို တီးလိုက်သည်။

အတွင်းမှ ဖွင့်ပေးသော တံခါးရွက်ကို မသိမသာတွန်းကာ အိမ်ထဲသို့ ဝင်လိုက်ရာ ထိုလူသည် တံခါးဝတွင် အသင့်စောင့်နေသော စုံထောက်များနှင့် ပက်ပင်းပါ တိုးတော့သည်။ ထို့ပြင် အိမ်ခန်းအလယ်တွင် အိမ်သူအိမ်သား၊ ယောကျ်ားမိန်းမများအား စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းထားသည်ကိုပါ တွေ့လိုက်ရသည်တွင် ထိုသူသည် မျက်နှာတစ်ချက် ပျက်သွားသည်။

သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်ကာ စုံထောက်များ၏ မေးခွန်းကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် သတိထား၍ဖြေသည်။

ထိုလူက မိမိသည် ဤအိမ်ကြီး၏ ပိုင်ရှင် မစ္စက်ဆာရတ်၏ မှာကြားချက်အရ ရေမြောင်းတစ်ခု တူးပေးရန် လာရခြင်းဖြစ်သည်ဟု ဖြေကြားသည်။

mgyoe.com

mgyoe.com

ထိုအခိုက် မစ္စက်ဆာရတ်ကိုယ်တိုင် အခန်းထဲသို့ ရောက်လာရာ စုံထောက်များက သူမအား ဤပေါက်ပြားကိုင်လာသည့် 'ထူးဆန်းသော' အလုပ်ကြမ်းသမားကို သိမသိ မေးကြည့်ကြသည်။ မစ္စက်ဆာရတ်ကလည်း ထိုသူကို တအံ့တသြ ကြည့်လိုက်ပြီး 'တစ်ခါဖူးမျှ မမြင်ဖူး မတွေ့ဖူးကြောင်း' ပြန်ပြောသည်။

ဤတွင် စုံထောက်များသည် ထိုလူကို အခန်းထောင့် တစ်နေရာသို့ ဆွဲခေါ်သွားပြီး ခြောက်လုံးပြူးများဖြင့် ထုတ်ချိန်ကာ 'အမှန်အတိုင်း' ပြောရန်နှင့် မည်သူမည်ဝါဖြစ်ကြောင်း မေးကြသည်။

မိမိ အခြေအနေမှာ ကျားရှေ့ မှောက်ရက်လဲသလိုဖြစ်နေ၍ ထောင်ချောက်ထဲ တန်းတန်းမတ်မတ် ဝင်တိုးမိနေပြီကို ရိပ်မိလိုက်သည့် အဆုံး၌ ထိုလူက သူ့နာမည်ကို မကွယ်မဝှက်သာတော့ဘဲ အမှန်အတိုင်း ထုတ်ပြောလိုက်သည်။

သူ့နာမည်မှန်ကား 'လူးဝစ္စပိန်း'ပင်တည်း။

ပိန်းသည် သူ့နာမည်ရင်းကို ထုတ်ပြောခဲ့ပြီးသည့်တိုင်အောင် သူ့ ကိုယ်သူ ပြည်ထဲရေးဝန်ကြီး ဆီးဝါ့အား သတ်ဖြတ်ရန် ကြိုးစားခဲ့သူဖြစ် ကြောင်းကိုမူ တင်းတင်းမာမာ ငြင်းဆန်နေခဲ့သေးသည်။

သို့ရာတွင် ဗိုလ်ချုပ်ကြီးအော်ဂါ၏ စစ်ဌာနချုပ်သို့ ရောက်သွားပြီး ရဲတပ်ဖွဲ့ဝင်များက ဆီးဝါ့အိမ်မှ အစေခံတစ်ယောက်ကို ခေါ်သွင်းလာသည့် အခါတွင်မူ သူသည် ဆက်လက်၍ ငြင်းကွယ်မရတော့ဘဲ 'အမှန်အတိုင်း' ဘူးပေါ်သလို ပေါ်ခဲ့သည်။ ဆီးဝါ့အိမ်မှ အိမ်သားများကို ဓားဖြင့်ထိုး၍ ထွက်ပြေးခဲ့စဉ်က ဤအစေခံသည် ပိန်းကို အထင်အရှားတွေ့မြင်လိုက် ရသည်ဖြစ်ရာ ယခု သူ့ကို မြင်မြင်ချင်း လူသတ်သမားတစ်ယောက်ဖြစ် ကြောင်း ကောင်းကောင်းကြီး မှတ်မိခဲ့သည်။

သို့နှင့်ပင် ပိန်းတစ်ယောက်မှာ ထောင်ချောက်ရှိရာသို့ တည့်တည့်ကြီး ဝင်တိုးမိသော ကြွက်တစ်ကောင်ပမာ အာဏာပိုင်များလက်သို့ ကျရောက်၍ အခြားလူများနှင့်အတူ အခြောက်တိုက် အဖမ်းခံလိုက်ရသည်။

နောက်နှစ်ရက်မျှအကြာ ဧပြီလ ၁၉ ရက်နေ့တွင် နောက်ထပ် အရေးကြီးသော တရားခံတစ်ယောက်ကို ထပ်မံဖမ်းဆီးရမိခဲ့ပြန်သည်။

mgyoe.com

mgyoe.com

သူကား ဒုတိယသမ္မတ ဂျွန်ဆင်ကိုသတ်ရန် တာဝန်ပေးခြင်းခံခဲ့ရပြီးမှ ထွက်ပြေးတိမ်းရှောင်နေသော အက်ဇီရော့ပင်တည်း။ အက်ဇီရော့သည် သူနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ တစ်ယောက်၏ လယ်တဲတွင် သွားရောက်ပုန်းအောင်းနေရာမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

သို့နှင့်ပင် ဤလုပ်ကြံမှုကြီးတွင် အဓိကအရေးပါသော တရားခံနှစ်ယောက်ဖြစ်သည့် ဘုသ်နှင့် ဟာရိုးလ်တို့မှအပ အိပ်ချ်လမ်း အိမ်အမှတ် ၅၄၁ ကို ဌာနချုပ်လုပ်၍ ဆက်သွယ်လှုပ်ရှားခဲ့ကြသည့် လူသတ်ဂိုဏ်းသားများအားလုံးလိုလို ဥပဒေလက်တွင်းသို့ သက်ဆင်းကျရောက်ခဲ့ကြရပြီဖြစ်သတည်း။

❐

mgyoe.com

mgyoe.com

# ရာဇဝတ်ဘေးပြေး၍လွတ်အံ့လော

ဘုသ်သည် ခြေထောက်မှဒဏ်ရာကို ခွဲစိတ်ကုသခြင်း ခံပြီးနောက် ဧပြီလ ၁၅ ရက်နေ့တစ်နေ့လုံး ဒေါက်တာမတ်၏ နေအိမ်တွင် အိပ်မောကျနေခဲ့သည်။

နေ့ခင်းဘက် မွန်းတည့်ချိန်လောက်တွင် ဒေါက်တာမတ်သည် လယ်တောမှ ပြန်ရောက်လာပြီးနောက် ဘုသ်၏ ခြေထောက်မှ ဒဏ်ရာကို ထပ်မံစစ်ဆေးကြည့်ပြန်သည်။ ဘုသ်သည် ထိုအချိန်အထိ ဒေါက်တာမတ် နှင့် မျက်လုံးချင်းမဆိုင်မိစေရန် အထူးသတိထား၍ တတ်နိုင်သမျှ မျက်နှာလွှဲနေခဲ့သည်။

ညနေဘက် မှောင်စပျိုးသည်နှင့်တစ်ပြိုင်နက် ဘုသ်သည် အိပ်ရာမှ ထကာ ကိုယ်လက်သုတ်သင်သည်။ သူ့အသက်နှင့်အမျှ အမြတ်တနိုး ထားလာခဲ့သော နှုတ်ခမ်းမွေးကိုလည်း တစ်ခါတည်း ရိတ်ပစ်လိုက်သည်။ ရှည်လျားသော မီးခိုးရောင်ပဝါစတစ်စကိုလည်း သူ့ပခုံးပေါ်တွင် လွှမ်းခြုံကာ လည်ပင်းတွင်သိုင်း၍ ချည်လိုက်သည်။ ဤအတိုင်းဆိုပါလျှင် မိမိကို နှစ်ပေါင်းများစွာက တွေ့မြင်သိကျွမ်းလာခဲ့ကြသူများပင် ရုတ်တရက် မြင်မြင်ချင်း မှတ်မိရန် ခဲယဉ်းသွားပြီ မဟုတ်ပါလော။

ထို့နောက် တဖြည်းဖြည်း အမှောင်ထုလွှမ်း၍ ကြယ်ကလေးများ အရောင်တလက်လက် သန်းလာချိန်တွင် ဘုသ်နှင့် ဟာရိုးလ်တို့သည် ဒေါက်တာမတ်၏ နေအိမ်မှ မြင်းကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြသည်။

mgyoe.com

mgyee.com

ဘုသ်သည် ထိုသို့ ခရီးဆက်လက်ထွက်ခွာမလာမီ ဒေါက်တာမတ်အား ဆေးဖိုးဝါးခအဖြစ် ၂၅ ဒေါ်လာ ပေးခဲ့သေးသည်။

ဒေါက်တာမတ်ကလည်း ဘုသ်၏ ခြေထောက်မှ ဒဏ်ရာမှာ စိတ်မချရသေးသဖြင့် အကယ်၍ လိုအပ်ပါက အသုံးပြုရန်ဟုဆိုကာ သစ်သားချိုင်းထောက်တစ်ခုကို သူကိုယ်တိုင် လုပ်ပေးလိုက်သည်။ ထို့ပြင် ဘုသ်၏ မြင်းစီးဖိနပ်မှာ စောစောက ခြေထောက်မှဒဏ်ရာ ဖူးဖူးရောင်နေသဖြင့် ဖိနပ်ကို ဓားဖြင့်လှီးပြီး ချွတ်ခဲ့ရသည်ဖြစ်ရာ ဖိနပ်မရှိတော့ပြီဖြစ်သော ဘုသ်အတွက် ဒေါက်တာမတ်က ဖိနပ်တစ်ရန် ပေးလိုက်သေးသည်။

ဘုသ်နှင့် ဟာရိုးလ်တို့သည် ဒေါက်တာမတ်အိမ်မှ ထွက်ခွာလာပြီးနောက် မူလ သတ်မှတ်ထားသည့် ခရီးစဉ်အတိုင်း ပိုတိုမက်မြစ်ဘက်ဆီသို့ ဦးတည်လာခဲ့လေသည်။

သို့သော် သမ္မတ လင်ကွန်းအား ဖို့ဒ်ဇာတ်ရုံထဲတွင် သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီးသည့် အချိန်မှစ၍ ဘုသ်တစ်ယောက်မှာ ကြမ္မာဆိုးများ တစ်ခုပြီးတစ်ခု ရင်ဆိုင်တိုးနေပြီဟု ဆိုရတော့မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခြေထောက်မှ ဒဏ်ရာကြောင့် ထင်သလောက် ခရီးမပေါက်ဘဲ ဒေါက်တာမတ်၏ နေအိမ်တွင် တစ်နေ့တာလုံးလုံး အချိန်ကုန်ခဲ့ရပြီးနောက် ယခုတစ်ဖန် ခရီးဆက်ခဲ့ပြန်ရာ၌ ညဘက် မှောင်ကြီးမည်းမည်းတွင် မျက်စိလည် လမ်းမှားနေကြပြန်သောကြောင့်ဖြစ်သည်။

ဒေါက်တာမတ်အိမ်မှ ပိုတိုမက်မြစ်ဆိပ်ကမ်းအထိ ခရီးအကွာအဝေးမှာ ဆယ်မိုင်ကျော်ကျော်မျှသာရှိသည်။ သို့ရာတွင် ဤဆယ်မိုင်အတွင်းမှာပင် “ဇက်ကီယာ” အမည်ရှိရွှံ့နွံတောကြီးတစ်ခု (Zekiah Swamp) ရှိနေခဲ့ရာ ဘုသ်နှင့် ဟာရိုးလ်တို့သည် တောတွင်းတစ်နေရာမှ ဘုရားရှိခိုးကျောင်းကလေးတစ်ခုအလွန်တွင် မျက်စိလည်လမ်းမှားကာ အဆိုပါနွံတောကြီးထဲတွင် တဝဲလယ်လယ် ဖြစ်နေကြသည်။

တောကလည်းနက်၍ လက်လည်းမထွက်သေးဘဲရှိနေရာ ဘုသ်နှင့် ဟာရိုးလ်တို့သည် မှောင်နှင့်မည်းမည်း ရွှံ့နွံများနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လှသည့် ထိုနေရာတစ်ဝိုက်တွင် အရှေ့အနောက် တောင်မြောက်ကိုပင်

mgyee.com

mgyoe.com

မခွဲခြားနိုင်တော့ဘဲ စမ်းတဝါးဝါး ဖြစ်နေကြသည်။ တစ်ခါတစ်ရံ မြင်းရောလူပါ ဗွက်ထဲတွင် နစ်နေသဖြင့် ခဲခဲယဉ်းယဉ်း ရုန်းထွက်ကြရသည်။

ထိုသို့ ညဏ်၏ အမှောင်ထုထဲတွင် ရွှံ့နွံများ ဗွက်ကြီးများနှင့် ချုံပုတ်များအကြား မျက်စိလည်လမ်းမှား၍ အကြီးအကျယ် ဒုက္ခရောက်နေချိန် "မြွေပူကင်းမှောင့်ဆိုသလို" ဘုသ်၏ ခြေထောက်မှ ဒဏ်ရာက တစ်ဖန်ပြန်၍ နာလာပြန်သည်။

ဒေါက်တာမတ်က ခွဲစိတ်ကုသပေး၍ ဆေးထည့်ပြီး နာရီပိုင်းအတွင်း မြင်းစီးကာ ခရီးပြင်းနှင်လာခဲ့ရသည်ကတစ်ကြောင်း ရွှံ့နွံများနှင့် ဗွက်များထဲတွင် မြင်းရောလူပါ မကြာခဏ နစ်နေသဖြင့် အတင်းရုန်းထွက်ကာ ပင်ပန်းကြီးစွာ လာခဲ့ရသဖြင့်တစ်ကြောင်း စသည်တို့ကြောင့် ခြေထောက်မှ ဒဏ်ရာသည် ယမန်နေ့ညကထက်ပင် ဆိုးဝါးပြင်းထန်စွာ နာကျင်ကိုက်ခဲလာသည်ကို တွေ့ရသည်။

နောက်ဆုံးတွင် ခြေထောက်မှဒဏ်ရာသည် မခံမရပ်နိုင်လောက်အောင် နာကျင်လာခဲ့သည်ဖြစ်ရာ ဘုသ်မှာ မြင်းကိုပင် ဆက်မစီးနိုင်လောက်အောင် ဖြစ်လာခဲ့သည်။

သို့နှင့်ပင် ဘုသ်သည် မြင်းပေါ်မှဆင်းကာ ဒေါက်တာမတ်ပေးလိုက်သည့် ချိုင်းထောက်ကို အားပြု၍ မှောင်ကြီးမည်းကြီးထဲတွင် တစ်လှမ်းချင်း ပင်ပန်းကြီးစွာ လာခဲ့ရသည်။

ကံအားလျော်စွာ အတော်ညဉ့်နက်သည့်အချိန်လောက်တွင် တောလမ်းတစ်နေရာ၌ ဘုသ်နှင့် ဟာရိုးလ်တို့သည် လူတစ်ယောက်ကို ဘွားခနဲ သွားတွေ့ကြသည်။

ထိုသူမှာ အော့စ်ဝေါဆွမ်း (Oswald Swann) အမည်ရှိ ကပ္ပလီ တစ်ယောက်ဖြစ်သည်။

ဘုသ်သည် ယခုအခါ ခြေထောက်တွင်သာမကတော့ဘဲ တစ်ကိုယ်လုံး အရိုက်ခံထားရသလို ခြေရောလက်ပါ နာကျင်ကိုက်ခဲလှ၍ မလှုပ်ချင်မရှားချင်လောက်အောင် ဖြစ်နေလေရာ အဆိုပါကပ္ပလီအမျိုးသားကို တောင်းတောင်းပန်ပန်ဖြင့် အကူအညီတောင်းခဲ့ရတော့သည်။

mgyoe.com

mgyoe.com

ဘုသ်က ထိုကပ္ပလီအား ငွေ ၇ ဒေါ်လာထုတ်ပေးပြီး မိမိတို့နှစ်ယောက်ကို ပိုတိုမက်မြစ်ဆိပ်ကမ်းမှ ၂ မိုင်ခန့်အကွာရှိ အိမ်တစ်အိမ်သို့ ပို့ပေးပါရန် တောင်းပန်ပြောကြားခဲ့သည်။

ကပ္ပလီအမျိုးသား ဆွမ်းကလည်း သူတို့နှစ်ယောက်ကို မည်သူမည်ဝါဟု မသိရဘဲ ခရီးသွားရင်း မျက်စိလည်လမ်းမှားနေကြသည့် ဒုက္ခသည်များဟူ၍ပင် ထင်မှတ်ကာ သူ၏လှည်းဖြင့်တင်၍ ၎င်းတို့ပြောသည့် အိမ်သို့ လိုက်ပို့ပေးခဲ့သည်။

ဖြူဖွေးထွားကြိုင်းလှသည့် မြင်းလားကြီးနှစ်ကောင် တပ်ထားသော ဆွမ်း၏လှည်းသည် "ဒုက္ခသည်" ဘုသ်ကို တင်ဆောင်၍လာခဲ့ရာ ညသန်းခေါင်ကျော်အချိန်တွင် ဗိုလ်ကြီးကော့ (Captain Cox) ဆိုသူ၏အိမ်သို့ ရောက်လာသည်။

ဘုသ်သည် ဗိုလ်ကြီးကော့၏အိမ်သို့ အရောက်လာခဲ့သည်မှာ ရည်ရွယ်ချက်ဖြင့် လာခဲ့ခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကော့သည် သမ္မတလင်ကွန်းကို ဆန့်ကျင်သည့် တောင်ပိုင်းတပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သည့်ပြင် ထိုဒေသတစ်ဝိုက်တွင် ဩဇာတိက္ကမကြီးမားသည့် လူကုံထံလူချမ်းသာတစ်ဦး ဖြစ်သောကြောင့်ပင်။

သို့ဖြစ်ရာ ဘုသ်သည် ကော့နှင့် တွေ့လျှင်တွေ့ချင်း မိမိနာမည်မှာ ဝွန်ဝီလ်ကီဘုသ် ဖြစ်ကြောင်းနှင့် သမ္မတလင်ကွန်းကို သေနတ်ဖြင့် ပစ်သတ်ပြီးနောက် ထွက်ပြေးလာခဲ့သူဖြစ်ကြောင်းများကို အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။

ထို့ပြင် မိမိသည် ယခုကဲ့သို့ သမ္မတလင်ကွန်းအား လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းမှာ တောင်ပိုင်းသားများ၏ အကျိုးအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုအဖြစ် သဘောထားကာ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သို့ဖြစ်ရာ မိမိတို့အား သစ္စာရှိစွာဖြင့် အစွမ်းကုန် ကာကွယ်စောင့်ရှောက်ပေးစေလိုကြောင်းများကိုပါ ပြောပြ၍ အကူအညီတောင်းခဲ့သည်။

လင်ကွန်းအား မလိုလားသည့် အတိုက်အခံဂိုဏ်းသားတစ်ဦးဖြစ်သူ ကော့လည်း ဘုသ်၏ မကွယ်မဝှက် ပြောကြားချက်များကို လက်ခံ

mgyoe.com

mgyoe.com

ယုံကြည်၍ ဘုသ် တောင်းဆိုသည့်အတိုင်း ၎င်းတို့နှစ်ယောက် လွတ်ရာ လွတ်ကြောင်း အဖက်ဖက်မှ အကူအညီပေးသွားပါမည်ဟု အလွယ်တကူ ပင် ကတိပြုခဲ့သည်။

ယခုအခါ ဘုသ်မှာ ခြေထောက်မှ ဒဏ်ရာကြောင့်တစ်ကြောင်း၊ တောကြီးမျက်မည်းထဲတွင် မျက်စိလည်လမ်းမှားခဲ့စဉ်က ပင်ပန်းကြီးစွာ လာခဲ့ရသဖြင့်တစ်ကြောင်း၊ အားအင်ကုန်ခန်း နွမ်းနယ်လှပြီဖြစ်ရာ "အရုပ် ကြိုးပြတ်" သလိုဖြစ်နေသည်။

ဤအခြေအနေအတိုင်းသာဆိုလျှင် ခြေလျင်သော်လည်းကောင်း၊ မြင်းစီး၍သော်လည်းကောင်း နောက်ဆုံးကုန်ကုန်ပြောရလျှင် လှည်းဖြင့်ပင် သော်လည်းကောင်း၊ ခရီးဆက်မသွားနိုင်လောက်အောင် ဖြစ်နေခဲ့သည်။

သို့ဖြစ်ရာ ဘုသ်သည် ခြေထောက်မှဒဏ်ရာ လုံးဝပျောက်ကင်း၍ အားပြန်ပြည့်လာသည့်အချိန်အထိ အနားယူရန် ဆုံးဖြတ်လိုက်သည်။ သူတို့သည် ကော့၏ စီစဉ်ပေးချက်အရ ထင်းရှူးပင်များ ထူထပ်စွာပေါက် ရောက်နေသည့် တောနက်လှသည့်နေရာ တစ်နေရာတွင် ဧပြီလ ၁၆ ရက်မှ ၂၁ ရက်နေ့အထိ ၆ ရက်တိုင်တိုင် ပုန်းအောင်းနေခဲ့ကြသည်။

ဘုသ်သည် ကော့အိမ်နှင့် ခပ်လှမ်းလှမ်းမှ တောထဲတွင် ယင်းသို့ ၆ ရက်တိုင်တိုင် ပုန်းအောင်းနေခဲ့သည်မှာ ခြေထောက်မှဒဏ်ရာ ကုသ လိုသောအကြောင်းနှင့် အားပြန်ပြည့်လိုသော အကြောင်းရင်းများကြောင့် သာလျှင် မဟုတ်ဘဲ အခြားအကြောင်းတစ်ရပ် ရှိနေသေးသည်။

ယင်းသည်ကား အခြားမဟုတ် သမ္မတလင်ကွန်းအား လုပ်ကြံမှုနှင့် စပ်လျဉ်း၍ သက်သေထွက်ဆိုချက်များနှင့် အဖက်ဖက်မှ ထောက်လှမ်း စုံစမ်းရရှိချက်များအရ လူသတ်သမား ဘုသ်သည် ရေတပ်ဆိပ်ကမ်းတံတား ကို ဖြတ်ကျော်ပြီးနောက် ပိုတိုမက်မြစ်ဖက်ဆီသို့ ထွက်ပြေးသွားကြောင်း အခိုင်အမာ သိရပြီဖြစ်ရာ ဝါရှင်တန်မြို့ နယ်နိမိတ်မှ ပိုတိုမက်မြစ်ဆိပ် သို့ သွားရာဒေသတစ်ဝိုက်သို့ အစိုးရစစ်တပ်မှ စစ်သားပေါင်းတစ်သောင်း တိတိ စေလွှတ်ကာ ပိုက်စိပ်တိုက်၍ လိုက်လံရှာဖွေနေကြပြီဖြစ်သောကြောင့် တည်း။

mgyoe.com

mgyoe.com

မြင်းစီးတပ်သားနှင့် ခြေလျင်တပ်သားများအပါအဝင် စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် တပ်သားပေါင်းတစ်သောင်းတို့သည် ဝါရှင်တန်မြို့တောင်ဘက်သို့ လိုမ့်ဆင်းလာကြသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းဆက်လာကြသည်ဟုဆိုရမတတ် အနီးကပ် ရင်ပေါင်တန်း၍ ချီတက်ကာ တွေ့သမျှ လမ်းကြီးလမ်းငယ်အသွယ်သွယ်များနှင့်တကွ လမ်းကြိုလမ်းကြားပါမကျန် လူနေအိမ်များပါမချန်ဘဲ ပိုက်စိပ်တိုက်၍ လူသတ်သမားများကို ရှာဖွေလာခဲ့ကြသည်။

ဤမျှအရေအတွက် အမြောက်အမြားနှင့် ထုထည်ကြီးမားစွာ လူအင်အားကိုသုံး၍ မြို့ရွာလူနေအိမ်ခြေများ တဲပုတ်တဲစုတ်များနှင့်တကွ တောထဲ တောင်ထဲ သစ်ပင်ချုံပုတ်များပါ ချန်လှပ်မထားဘဲ တောချောက်သလိုချောက်၍ လိုက်လံရှာဖွေခဲ့ကြရာ များမကြာမီ လူသတ်သမားများကို တိတိကျကျကြီး ခြေရာခံမိကြသည်။

ပထမဆုံး ခြေရာခံမိကြသော ကွင်းဆက်မှာ 'ဆာရက်ရိပ်သာ'မှ အရက်သမား ဝျွန်လွိုက်ထံမှဖြစ်သည်။ ဝျွန်လွိုက်သည် မိမိအိမ်ကို လေးဘက်လေးတန်မှ အိမ်ကလေးနှင့်မမျှအောင် မြင်းစီးတပ်သားများရော ခြေလျင်တပ်သားများပါ အထပ်ထပ်ဝိုင်းထားသည်ကို တွေ့ရသည့်ပြင် တိုင်းပြည်၏ အထွတ်အထိပ်ဖြစ်သော သမ္မတတစ်ယောက်လုံးကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်သွားသည့် လူသတ်သမားအပေါ် ဒေါသအမျက် ခြောင်းခြောင်းထွက်နေကြသည့် စစ်ဗိုလ်များ၊ စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ အမူအရာများကို တွေ့မြင်နေရသည်တွင် ကြာကြာဖုံးကွယ်မနေရဲတော့ဘဲ အမှန်အတိုင်း အစစ်ခံလိုက်ရသည်။

ဝျွန်လွိုက်က ဘုသ်နှင့် ဟာရိုးလ်တို့သည် ဧပြီလ ၁၄ ရက်နေ့ ညသန်းခေါင်အချိန်လောက်တွင် မိမိနေအိမ်သို့ မြင်းကိုယ်စီဖြင့် ရောက်လာကြောင်းများကို အစစ်ခံသည်။ ထို့ပြင် မိမိအိမ်တွင် ယခင်က ၎င်းတို့လာရောက်ဝှက်ထားကြသော လက်နက်ခဲယမ်း မီးကျောက်များကိုလည်း တစ်ပါတည်း ယူဆောင်သွားကြကြောင်းများကို ထည့်သွင်းအစစ်ခံသွားသည်။

mgyoe.com